The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်၊ တနင်္လာနေ့၊ (11-5-2015) (၈၁၉၇)


**မျက်မှောက်လောက ကြီးပွားကြောင်း တရားလေးပါး**

- ✳ ဥဋ္ဌာနသမ္ပဒါ - ထကြွလုံ့လဝီရိယနှင့် ပြည့်စုံမှု၊
- ✳ အာရက္ခသမ္ပဒါ - စောင့်ရှောက်ခြင်းနှင့် ပြည့်စုံမှု၊
- ✳ ကလျာဏမိတ္တတာ - မိတ်ဆွေကောင်းရှိမှု၊
- ✳ သမဇီဝိတာ - မျှတစွာ အသက်မွေးမှု။

**ထူးခြားသည့် နေ့အပူချိန်များ**

10-5-2015

| | | |
|---|---|---|
| မုံရွာ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| ညောင်ဦး | ၄၂ | ဒီဂရီစင်တီဂရိတ် |
| ချောက် | ၄၂ | ဒီဂရီစင်တီဂရိတ် |
| မင်းဘူး | ၄၂ | ဒီဂရီစင်တီဂရိတ် |
| မကွေး | ၄၂ | ဒီဂရီစင်တီဂရိတ် |

## တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များ၏ ထိပ်သီးညီလာခံ မေ ၂၀ ဝန်းကျင်တွင် ပြုလုပ်နိုင်ရန်စီစဉ်

စာမျက်နှာ » ၃



# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကိုဆွဲဆောင်သော အမှတ်သညာတစ်ခုဖြစ်လာသည့် သီလဝါအထူးစီးပွားရေးဇုန်



OW

အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ အကုန်အကျခံ တည်ဆောက်နေသော ထုတ်လုပ်ရေးစက်ရုံ၊ အလုပ်ရုံများတည်ရှိရာ သီလဝါအထူးစီးပွားရေးဇုန် (SEZ)ကို ရင်းနှီးမြှုပ်နှံမှုများကိုဆွဲဆောင်ရန်အတွက် ဒီဇိုင်းပုံစံထုတ်ထားသည်။ စီးပွားရေးမြို့တော်ရန်ကုန်မှ တစ်နာရီကြာမောင်းနှင်ရသည့် ဟက်တာ ၂၄၀၀ (ဧက ၅၉၀၀)ကျယ်ဝန်းသော သီလဝါအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ဆောင်မှုမှာ ပြီးစီးရန် လအနည်းငယ်သာလိုတော့ပြီး လူ ၅၀၀၀၀ အလုပ်ခန့်ထားနိုင်မည့် စက်ရုံပေါင်း ၁၀၀ ဆောက်လုပ်မည့်အစီအစဉ်များမှာ တိုးတက်မှုအရှိန်အဟုန် ရရှိနေပြီဖြစ်သည်။

ဆူဇူကီးမော်တော်ကားကော်ပိုရေးရှင်းမှသည် ကစားစရာအရုပ်စက်ရုံထိ မတူညီသော ထုတ်လုပ်ရေးလုပ်ငန်းများက သီလဝါအထူးစီးပွားရေးဇုန်၌ စက်ရုံများတည်ထောင်ရန် အဆင်သင့်ရှိနေပြီဖြစ်သည်။ အဆိုပါစီမံကိန်းကို မြန်မာအစိုးရ၏ အထောက်အပံ့ဖြင့် ဂျပန်နိုင်ငံမှ မစ်ဆူဘီရှိ၊ မာရူဘီနီနှင့် ဆူမီတိုမိုကော်ပိုရေးရှင်းတို့က အကောင်အထည်ဖော်ဆောင်လျက်ရှိသည်။ "မြန်မာအစိုးရက ဒီစီမံကိန်းကို အလေးအနက်ထားပါတယ်။ သူတို့ ပုံစံဟောင်းတွေကို ပြောင်းလဲချင်နေပါတယ်" ဟု သီလဝါအထူးစီးပွားရေးဇုန်တွင် အစုရှယ်ယာ ၄၉ ရာခိုင်နှုန်းပိုင်ဆိုင်သည့် မြန်မာ-ဂျပန် သီလဝါဖွံ့ဖြိုးရေးကုမ္ပဏီ(MJTD) ဥက္ကဋ္ဌ တာကရှိယန်နေးက ပြောကြားသည်။ ယခုအခါ အစိုးရ၏ စီမံခန့်ခွဲမှုကောင်းမွန်ခြင်းကြောင့် မြန်မာနိုင်ငံမှာ ကမ္ဘာ့အလျင်မြန်ဆုံး စီးပွားရေးဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများအနက် တစ်နိုင်ငံဖြစ်လာသည်။ စီမံကိန်းဆောက်လုပ်သည့် ကုမ္ပဏီများက ၂၀၀၉-၂၀၁၀ ခုနှစ်တွင်ရရှိခဲ့သော အမေရိကန်ဒေါ်လာ ၃၂၉ ဒသမ ၆ သန်း၏ ၂၅ ဆနီးပါးဖြစ်သော ပြီးခဲ့သည့်ဘဏ္ဍာရေးနှစ်တွင် အမေရိကန် ဒေါ်လာ ၈ ဒသမ ၁ ဘီလီယံထိ ဝင်ရောက်လာခဲ့သည့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ပိုမိုမြှင့်တင်ပေးရန် သီလဝါအထူးစီးပွားရေးဇုန်က အထောက်အကူပြုမည်ဟု မျှော်လင့်ကြသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**

## ပဲတီစိမ်း စိုက်ပျိုးအောင်မြင်ပြီး ဈေးကောင်းသဖြင့် တောင်သူများအကျိုးအမြတ်ရှိ

**မြောင် မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် သနပ်ကုန်းကျေးရွာတွင် ပဲတီစိမ်း ဧက ၉၀၀ ကျော် စိုက်ပျိုးအောင်မြင်ပြီး သီးနှံထွက်ချိန် ရောင်းချရသည့် ဈေးနှုန်းကောင်းနေသဖြင့် စိုက်ပျိုးတောင်သူများ အကျိုးအမြတ်ရရှိသည့်အပြင် ဒေသခံအမျိုးသမီးငယ်အများအပြားလည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလျက်ရှိကြောင်း သိရသည်။

သနပ်ကုန်းကျေးရွာမှာ "ပဲတီစိမ်း ဧက ၉၀၀ ကျော်လောက် စိုက်ပျိုးအောင်မြင်နေပါတယ်။ စက်ရေတွင်းတူးပြီး မြေအောက်ရေနဲ့ စိုက်ပျိုးတာပါပဲ။ စိုက်ပျိုးထားတဲ့ပဲတီစိမ်းသီးနှံတွေအားလုံး **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**




ကြေးမုံ စာ တည်း ရှု ထောင့် ၁၁-၅-၂၀၁၅ (တနင်္လာနေ့)

# ကျေးလက်ကျန်းမာရေးအလေးပေး

"အာရောဂျံ၊ ပရမံ၊ လာဘံ" ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဆိုသည့် ဗုဒ္ဓမိန့်ကြားစကားကို အားလုံးသိထားပြီးဖြစ်ပါသည်။ သို့သော် ကျန်းမာရေးအသိအမြင် ဗဟုသုတကား လူတိုင်းမှာမရှိကြ။ "မရှိတာထက်၊ မသိတာခက်" ဆိုစကားအတိုင်းပင် ကျန်းမာရေးဆိုင်ရာအသိ အားနည်းမှုကြောင့် အခက်ကြုံတွေ့ရဆဲပင်။ အထူးသဖြင့် မြို့ပြနှင့် အလှမ်းဝေးရာ ကျေးလက်ဒေသများအချို့တွင် ဖြစ်သည်။

"ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက်ကောင်း၏"အဆိုအတိုင်း မဖြစ်ခင်ကြိုတင်ကာကွယ်နိုင်ရန် လူတိုင်းတွင် ကျန်းမာရေးအသိရှိနေဖို့ လိုအပ်ပါသည်။ ထိုအတိုင်းပင် ရောဂါတစ်ခုခုဝင်လာပြီဆိုလျှင်လည်း အချိန်မီ ကုသနိုင်ကြရမည်။ ထိုသို့မဟုတ်ပါက အပ်နှင့်ထွင်းရမည့်အရေးကို ပုဆိန်နှင့်ပေါက်ရသည်အထိ ဒုက္ခတွေ့တတ်သည်။ အထူးသဖြင့် ဆေးရုံဆေးခန်းနှင့် အလှမ်းဝေးရာ ကျေးလက်နေပြည်သူများမှာ ကျန်းမာရေးအသိအားနည်းသဖြင့် ရောဂါဖြစ်လာပြီဆိုလျှင်လည်း ဒေသဆေးမြီးတိုလေးများဖြင့် ပျောက်နိုးနိုးကုသတတ်သည်။ ဤသို့ဖြင့် ရောဂါကျွမ်းလာပြီးမှ ဆေးရုံ၊ ဆေးခန်းရောက်လာကြနှင့် အသက်အန္တရာယ်အဆင့်ထိရောက်သွားတတ်သည်။

မိမိတို့နိုင်ငံ၏ ပထဝီအနေအထားအရ ပြည်သူခုနစ်ဆယ်ရာခိုင်နှုန်းသည် ကျေးလက်မှာအခြေချ၊ လယ်ယာကိုင်းကျွန်းနှင့် အသက်မွေးရင်း ဘဝကိုရိုးသားစွာဖြတ်သန်းနေကြသူများဖြစ်သည်။ ဒေသ၏လမ်းပန်းဆက်သွယ်ရေး ပကတိအခြေအနေအရ မြို့ပြသို့အရောက်အပေါက်နည်းတတ်ကြသည်။ ဒေသန္တရ ဗဟုသုတနည်းပါးပြီး ဒေသအသိနှင့်ပင် ရောင့်ရဲနေတတ်ကြသည်။ အထူး သဖြင့် ကျန်းမာရေးအသိအမြင်အားနည်းသည့်အခါ ကြိုတင်ကာကွယ်နိုင်မှု အားနည်းသည်။ ဖြစ်လာသည့်ဝေဒနာကိုပင် စနစ်တကျနှင့်ကုသမှုခံယူမှုမရှိချေ။ ကျေးလက်သဘာဝဆေးမြီးတို မိရိုးဖလာကုထုံးများနှင့်ဖြစ်သလိုရှိနေကြဆဲပင်။

ထို့ကြောင့်လည်း တောင်ပေါ်မြေပြန့် နယ်စွန်နယ်ဖျားမကျန် ပြန့်ကြဲတည်ရှိနေသော ကျေးရွာပေါင်းလေးသောင်းကျော်တွင် တစ်ရွာတစ်ယောက် သားဖွားဆရာမလေးများရောက်ရှိရေးအတွက် နိုင်ငံတော်မှ စီမံချက်ချမှတ်ဆောင်ရွက်လာနေရခြင်းဖြစ်သည်။ ထိုဆရာမလေးများသည် ကျန်းမာရေးဆိုင်ရာ ရည်မှန်းချက်နံပါတ် (၄)နှင့် (၅)အရ မိခင်နှင့် ကလေးသေနှုန်းများကို လျှော့ချနိုင်ရေးအတွက် ကိုယ်ဝန်ဆောင်မိခင်လောင်းများ၏ ကျန်းမာရေး၊ ငါးနှစ်အောက်ကလေးများ၏ ကျန်းမာရေး၊ မွေးကင်းစကလေးငယ်များ၏ ကျန်းမာရေး စသည့် တာဝန်ကြီးများကို ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

နိုင်ငံတော်ကလည်း ကျေးလက်ဒေသ ကျန်းမာရေးစောင့်ရှောက်မှုကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိရာ လက်ရှိတွင် ကျေးလက်ကျန်းမာရေးဌာန ၁၆၉၆ ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၈၆၀၀ ကျော်ထိ ဖွင့်လှစ်ထားရှိပြီးဖြစ်ကြောင်း သိရသည်။ ယေဘုယျအားဖြင့် ကျေးရွာလေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခုနှုန်းရှိလာနေပါပြီ။ ထို့အပြင် ငါးနှစ်အောက်ကလေးဆေးခန်းများကိုလည်း ကျေးလက်ကျန်းမာရေးဌာနခွဲများအထိ ဖွင့်လှစ်ပေးသွားမည်ဟု သိရသည်။

ထိုကဲ့သို့ပင် မြန်မာ့တိုင်းရင်းဆေးပညာဦးစီးဌာနကလည်း ဆေးရုံ၊ ဆေးခန်းများနှင့် လက်လှမ်းမမီ ကျေးလက်နေပြည်သူများအတွက် ကျန်းမာရေးအထောက်အကူပြုအရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာများ ဖြန့်ဝေပေးအပ်လျှုဒါန်းနေကြောင်းသိရသည်။ တိုင်းရင်းဆေးသည် ကျေးလက်နေပြည်သူများနှင့် မစိမ်းပါ။ လက်ပွန်းတတီးမို့ အထောက်အကူဖြစ်စေမည်မှာအမှန်ပါ။

နိုင်ငံတော်၏ ရွာတစ်ရွာ သားဖွားဆရာမတစ်ယောက် စီမံချက်နှင့်တစ်ဖက်မှလည်း မြန်မာ့တိုင်းရင်းဆေးများ ဖြန့်ဝေလုပ်ဆောင်ချက်များသည် ကျေးလက်ကျန်းမာရေးအတွက် "မောင်းတစ်ထမ်း မယ်တစ်ရွက်" စွမ်းဆောင်ပေးလာနိုင်ခြင်းပင်ဖြစ်သည်။ ဟန်ချက်ညီစွာ ဤလုပ်ဆောင်ချက်က မကြာသောကာလတစ်ခုမှာ မြို့ပြကျေးလက်ကွာဟမှုမရှိ ကျန်းမာရေးစောင့်ရှောက်မှုတွင် ရေကိုစည်းခြားမရ တစ်သားတည်းဖြစ်သွားစေမည်မှာ အမှန်ဖြစ်သည်။

# နိုင်ငံ့စီးပွားရေးလုပ်ငန်းအသီးသီးတွင် နည်းပညာကျွမ်းကျင်သူများနှင့် ကျွမ်းကျင်လုပ်သားများ လေ့ကျင့်မွေးထုတ်ရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် မေ ၁၀**

နိုင်ငံ့စီးပွားရေးလုပ်ငန်းနယ်ပယ်အသီးသီးတွင် လိုအပ်လျက်ရှိသော နည်းပညာကျွမ်းကျင်သူများနှင့် ကျွမ်းကျင်လုပ်သားများ လေ့ကျင့်မွေးထုတ်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ နတ်မောက်လမ်းရှိနည်းပညာနှင့် သက်မွေးပညာဦးစီးဌာန၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ပဏာမပြောကြားရာတွင် နိုင်ငံတော်သမ္မတကြီး၏ တိုင်းဒေသကြီး၊ ပြည်နယ်ခရီးစဉ်များ၌ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ၊ ဘဏ်လုပ်ငန်း၊ ဆက်သွယ်ရေး၊ လျှပ်စစ်နှင့် အခြေခံအဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းအများအပြားရင်းနှီးမြှုပ်နှံမှု တိုးတက်လာရာ၌ လုပ်ငန်းနယ်ပယ်အသီးသီးတွင် နည်းပညာ ကျွမ်းကျင်သူများနှင့် ကျွမ်းကျင်လုပ်သားများစွာ လိုအပ်လာသည်ကို တွေ့ရှိရပါကြောင်း၊ အလုပ်လက်မဲ့ဖြစ်ရခြင်း၏ အကြောင်းတစ်ရပ်မှာ အသက်မွေးဝမ်းကျောင်းပညာ နည်းပညာကျွမ်းကျင်မှု လိုအပ်၍ဖြစ်ကြောင်း၊ ထို့ကြောင့် သာမန်အောင်လက်မှတ်ရရုံဖြင့် မပြီးဘဲ Skill Certificate ရပြီး ပြည်တွင်းပြည်ပလုပ်ငန်းအသီးသီးတွင် အလုပ်ရရှိရေး စီစဉ်ချိတ်ဆက်သွားရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကပိုင်းက ဖွင့်လှစ်ထားသည့် အသက်မွေးဝမ်းကျောင်းပညာရပ်အသီးသီးကို စီးပွားရေးလုပ်ငန်း ဈေးကွက်လိုအပ်ချက်နှင့်အညီ ဒေသရေမြေအလိုက် လူ့စွမ်းအားအရင်းအမြစ် လေ့ကျင့်မွေးထုတ်နိုင်အောင် ကျွမ်းကျင်ဆရာများ လေ့ကျင့်မွေးထုတ်ရေး၊ ကျောင်းများနှင့် သင်ထောက်ကူဖြည့်ဆည်းရေးတို့ကို လက်တွေ့ကျကျ တွက်ချက်ဆောင်ရွက်ရေး အကြံပြုဆွေးနွေးညှိနှိုင်းကြရန် ပြောကြားသည်။



ဆက်လက်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက နည်းပညာနှင့် သက်မွေးပညာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် Vocational Training Center များကို ဒေသလိုအပ်ချက်များပေါ် မူတည်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီး၏ လိုအပ်ချက်နှင့်အညီ ဆောင်ရွက်ပေးသွားရန် လိုအပ်ပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာနှင့် သက်မွေးပညာရေးတွင် အထူးအရေးကြီးသည့် အခန်းကဏ္ဍတွင်ပါဝင်ပါကြောင်း ပြောကြားသည်။

ထို့နောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးအစရှိသော သက်မွေးပညာရပ်များအားလုံးကို ကျွမ်းကျင်မှု စံချိန်စံနှုန်းများနှင့်အညီ ပေါင်းစပ်သင်ကြားနိုင်မည့် Polytechnic Institute နှင့် Polytechnic School များ ဖွင့်လှစ်ရေးစီမံချက်ကို ဆွေးနွေးတင်ပြပြီး သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများကလည်း မိမိတို့နယ်ပယ်ကဏ္ဍအလိုက် ဆောင်ရွက်မည့်အစီအမံများကို အသေးစိတ်ရှင်းလင်းဆွေးနွေးအကြံပြုခဲ့ကြကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**



# အမှုထမ်းများ အခြေခံသမဝါယမသင်တန်းဖွင့်

**လှည်းကူး မေ ၁၀**

တိုင်းဒေသကြီး/ပြည်နယ် သမဝါယမဦးစီးဌာန ဝန်ထမ်းများ အနေဖြင့် သမဝါယမဝန်ကြီးဌာန၏ ဦးတည်ချက်၊ လုပ်ငန်းစဉ်များနှင့် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လုပ်ကိုင်မှုများကို သိရှိနားလည် သဘောပေါက်စေပြီး မိမိတို့လုပ်ငန်း၏ စာရင်းဇယားထားသိုမှု၊ စာရင်းရေးဆွဲမှုများ၊ ဘဏ္ဍာရေးစည်းမျဉ်းများ၊ ဝန်ထမ်းစည်းမျဉ်းများ၊ ရုံးလုပ်ငန်းများကို စနစ်တကျမှန်ကန်စွာ ဆောင်ရွက်တတ်စေရန်အတွက် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် သမဝါယမကောလိပ် (ဖောင်ကြီး)တွင် အမှုထမ်းများ အခြေခံသမဝါယမသင်တန်း အမှတ်စဉ်(၁/၂၀၁၅)သင်တန်းဖွင့်ပွဲကို မေ ၄ ရက် နံနက်ကကျင်းပရာ အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၉၉ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၄ ရက်မှ မေ ၁၇ ရက်အထိဖြစ်ကြောင်း သိရသည်။ **လှကြွယ်(ပြန်ကြားရေး)**

ဝင်ခွင့်ကြိုတင်ထားသူများ ကျိန်းသေအကျိုးများစေရမည်။ အင်္ဂလိပ်စာ 70000/- အပြီးဖြင့် စသင်မည် ။ ကျန်ဘာသာများ တရားဝင်ခေါ်ချိန်တွင်သင်မည် ။ ခုံနံပါတ်ပြည့်လျှင် လုံးဝ လက်ခံမည်မဟုတ်။ အချိန်စာရင်း ကို https://www.facebook.com/hantha.saya တွင်ကြည့်ပါ ။
UFL MA
အဖြူလေး ဦးဟန်သာ အင်္ဂလိပ်စာ
တက္ကသိုလ် ဆရာဟောင်း
since1984 အမှတ်၅(၃လွှာ) ဦးထွန်းလင်းခြံလမ်း ၊ ကမာရွတ်လှည်းတန်း 095146452
ကြိုတင်ပြင်ဆင် အောင်ပွဲဝင်
တက္ကသိုလ်ဝင်ခွင့်များ
စသင်နေပါပြီ
The following multiplication example, including the answer, uses each number from 0 to 9 once and once only. Four of the numbers are filled in for you. Can you fill the missing digits? ( time allowed : two minutes )
* 0 2
3 *
* 5 * * *
၂၀၀၀ ခုနှစ်ကွန်ပျူတာတက္ကသိုလ်ဝင်ခွင့် သင်္ချာမေးခွန်းဟောင်းပုံစံ
မေးခွန်းဟောင်းပုံစံအပြည့်အစုံကို facebook တွင် addလုပ်ပြီးဝင်ကြည့်နိုင်သည်

ဦးအောင်ဟိန်းကျော်
ဈေးပြောဘာသာပြန် စာအုပ်(လုံးဝ)မကိုင်ဘဲသင်တဲ့ဆရာ
အင်္ဂလိပ်စာရေးနည်း
အင်္ဂလိပ်စကားပြော
• နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်
• အင်္ဂလိပ်စကားပြော(Vol:1,2,3,4) • ရေးနည်း(Pre.,Vol:1,2,3)
ဆရာ ဖြစ်အင်္ဂလိပ်စာ (Ceritificate/Diploma)
၁၆၇(၃ထပ်)ဆိပ်ကမ်းသာရိပ်မွန်၊ဆိပ်ကမ်းသာလမ်း(လယ်)ရန်ကုန်
• 392468 09517184l

လပြည့် 09-50-37438 532200
မြို့တွင်း/ပြင်ခရီးစဉ်မျိုးစုံနှင့်လ/နှစ်ချုပ်ကားမျိုးစုံ ငှားရန်အသင့်ရှိသည်
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။

ပြည်တွင်းရေးရာ

# တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များ၏ ထိပ်သီးညီလာခံ မေ ၂၀ ဝန်းကျင်တွင် ပြုလုပ်နိုင်ရန်စီစဉ်



ယခုနှစ် မတ် ၃၁ ရက်က UPWC နှင့် NCCT တို့ NCA မူကြမ်းလက်မှတ်ရေးထိုးစဉ်။

**ရန်ကုန် မေ ၁၀**

တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT) အဖွဲ့ဝင်လက်နက်ကိုင်အဖွဲ့များ၏ ခေါင်းဆောင်များနှင့် အဖွဲ့ဝင်မဟုတ်သည့် လက်နက်ကိုင်အဖွဲ့အစည်းများပါ ပါဝင်သည့် တိုင်းရင်းသားညီလာခံကို လာမည့် မေ ၂၀ ရက်ဝန်းကျင်၌ ပြုလုပ်သွားနိုင်ရန်စီစဉ်လျက်ရှိသည်ဟု NCCT ဒုတိယအဖွဲ့ခေါင်းဆောင် ပဒိုစောကွယ်ထူးဝင်းထံမှ သိရသည်။

ရန်ကုန်မြို့ရှိ အင်းယားလိတ်ဟိုတယ်တွင် မေ ၉ ရက်က ပြုလုပ်ခဲ့သည့် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ဆွေးနွေးပွဲ၌ ပဒိုစောကွယ်ထူးဝင်းက မြန်မာ့သတင်းစဉ် သတင်းအဖွဲ့အား ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT) အဖွဲ့ဝင်များသည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်(NCA)ကို လက်မှတ်ရေးထိုးနိုင်ရန်အတွက် NCCT အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသာမက အဖွဲ့ဝင်မဟုတ်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုပါဖိတ်ကြား၍ တိုင်းရင်းသားညီလာခံတစ်ခုအား ယခုကဲ့သို့ပြုလုပ်နိုင်ရန် စီစဉ်ခြင်းဖြစ်ကြောင်းသိရသည်။ ညီလာခံပြုလုပ်ရန်အတွက် ပန်ဆန်း၊ မိုင်းလားနှင့် လော်ခီးလာဒေသသုံးခုအနက်မှ တစ်ခုကို ရွေးချယ်ရန် လတ်တလောလျာထားသည်ဟု ၎င်းကဆိုသည်။

"မေလထဲမှာပဲ တိုင်းရင်းသားညီလာခံပြန်စနိုင်ဖို့ ကျွန်တော်တို့ NCCT က ဆောင်ရွက်နေပါတယ်။ အခုမှပြန်ရောက်တာဆိုတော့ စီစဉ်နေရတုန်း။ မေ ၂၀ လောက် ဖြစ်မယ်ထင်တယ်။ တိုင်းရင်းသားညီလာခံဆိုတော့ တိုင်းရင်းသားတွေရှိတဲ့ နယ်မြေမှာပဲလုပ်မှာ။ ရန်ကုန်မှာမလုပ်ပါဘူး။ တိုင်းရင်းသားညီလာခံလုပ်ဖို့အတွက် ဦးစားပေးနေရာ သုံးခုရှိပါတယ်။ အဲဒီထဲမှာမှ ပထမဦးစားပေးကပန်ဆန်း၊ ဒုတိယဦးစားပေးမိုင်းလားနဲ့ တတိယဦးစားပေး လော်ခီးလာလို့တော့ ယာယီသတ်မှတ်ထားတယ်။ တတိယဦးစားပေးဖြစ်တဲ့ လော်ခီးလာမှာတော့ လုပ်ဖြစ်ဖို့များတယ်။ တိုင်းရင်းသားအဖွဲ့အစည်းတွေ အားလုံးဖိတ်မယ်။ NCCT အဖွဲ့ဝင်တွေကော၊ အဖွဲ့ဝင်မဟုတ်တဲ့သူတွေကော ဖိတ်မယ်" ဟု ပဒိုစောကွယ်ထူးဝင်းကပြောသည်။

၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်တွင် အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT)နှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) တို့၏ ကိုယ်စားလှယ်ငါးဦးစီတို့မှ ရန်ကုန်မြို့ရှိ MPC၌ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ် (NCA)မူကြမ်းအားလက်မှတ်ရေးထိုးခဲ့သည်။ ယင်း NCA စာချုပ်ကို အချောသပ်လက်မှတ်ရေးထိုးနိုင်ရန်အတွက် တိုင်းရင်းသားလက်နက်ကိုင် ထိပ်သီးခေါင်းဆောင်များ၏ ညီလာခံကို NCCT မှ ခေါ်ယူပြီးလက်မှတ်ရေးထိုးထားသည့် NCA စာချုပ်မူကြမ်းအား အချောသပ်နိုင်ရန် ဆွေးနွေးကြမည်ဖြစ်သည်။

NCCT အဖွဲ့အနေဖြင့် တိုင်းရင်းသားခေါင်းဆောင်များ၏ ထိပ်သီးညီလာခံအား မကျင်းပမီ မေလတတိယပတ်အတွင်း၌ပင် အဖွဲ့ဝင်များ၏ အစည်းအဝေးပွဲတစ်ရပ်ကို ကျင်းပနိုင်ရန် စီစဉ်နေကြောင်း NCA အဖွဲ့ဝင် ဒေါ်စောမြရာဇာလင်း (ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)) က ပြောကြားသည်။

ဒေါ်စောမြရာဇာလင်းက "တိုင်းရင်းသားထိပ်သီးညီလာခံခေါ်ယူမယ့် ရက် သတ်မှတ်ဖို့ NCCT ဘက်ကတော့ လျာထားပြီးပြီ။ ရက်သတ်မှတ်ဖို့တော့ လုပ်နေတယ်။ ကျွန်မထင်တာကတော့ ဘယ်နေရာမှာ ကျင်းပမယ်ဆိုတာကတော့ NCCT အစည်းအဝေးမှာပဲ ဆုံးဖြတ်မှာ။ ဘယ်သူတွေကိုဖိတ်မယ်၊ ဘယ်နှစ်ဖွဲ့ ဖိတ်မယ် စသည်အားဖြင့် အများကြီးဆွေးနွေးရဦးမယ်။ NCCT ရဲ့ မျှော်မှန်းချက်ထဲမှာတော့ ငြိမ်းချမ်းရေးကို ရှေ့ဆက်ပြီးအကောင်အထည်ဖော်မယ့် လုပ်ငန်းတွေကိုပဲ အဓိကထားဖို့ ဆွေးနွေးကြမှာပါ။ ပန်ဆန်းမှာလုပ်တာက တိုင်းရင်းသားထိပ်သီးညီလာခံလို့တော့ ပြောကြတာပဲ။ အားလုံးပါဝင်တဲ့ ဆွေးနွေးပွဲတစ်ခုဖြစ်ဖို့ ကျွန်မတို့ မျှော်လင့်ကြတာလေ။ ထိပ်သီးညီလာခံလို့ ပြောပြီး ပန်ဆန်းမှာခေါ်လိုက်တဲ့ပွဲက အားလုံးမပါဘူး။ အားလုံးမပါတဲ့ပွဲကို ဘယ်လိုစဉ်းစားမှု ဘယ်လိုရည်ရွယ်ချက်နဲ့ ခေါ်လဲဆိုတာတော့ ခေါ်တဲ့လူတွေရဲ့ အပေါ် မှာပဲမူတည်တယ်။ ဖိတ်ခံရတဲ့အထဲမှာ ကျွန်မတို့လည်းမပါဘူး။ ကျန်ခဲ့တဲ့ အဖွဲ့အစည်းထဲမှာ ကျွန်မတို့ပါတယ်။ ကျွန်မတို့အမြဲပြောလာတဲ့စကားက ကျွန်မတို့တိုင်းရင်းသားတွေအားလုံး အတူတကွသွားမယ်။ ကျွန်မတို့ တိုင်းရင်းသာတွေရဲ့ စည်းလုံးညီညွတ်မှုကိုပြသမယ်။ အဲဒီလိုအနေအထားနဲ့ပဲ ကျွန်မတို့တောက်လျှောက်သွားလာကြတာ။ ဒါပေမယ့် ပန်ဆန်းညီလာခံမှာတော့ ၁၂ ဖွဲ့ကိုပဲဖိတ်တယ်။ ၁၂ နဲ့ပဲအစည်းအဝေးကျင်းပကြတာဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်မတို့က NCCT အဖွဲ့ဝင်အားလုံးလည်းပါရမယ်။ NCCT ထဲမှာမပါသေးတဲ့ အဖွဲ့တွေပါတဲ့ အစည်းအဝေးတစ်ခု မကြာခင်မှာ ပြုလုပ်သွားဖို့ရှိပါတယ်"ဟုပြောကြားသည်။

**(သတင်း-ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်၊ ဓာတ်ပုံ-ဖိုးထောင်)**

**❋ ရှေ့ဖုံးမှ**

မြန်မာနိုင်ငံတွင် ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ထိစပ်နေသော တောင်ပိုင်း ဆိပ်ကမ်းမြို့တော် ထားဝယ်နှင့် ဘင်္ဂလားပင်လယ်အော် အနောက်ဘက်ကမ်းခြေရှိ ကျောက်ဖြူမြို့၌ အထူးစီးပွားရေးဇုန် နှစ်ခုရှိသေးသော်လည်း အစိုးရက သီလဝါ အထူးစီးပွားရေးဇုန်ကိုသာ အထူးဦးစားပေးခဲ့သည်။ လမ်းမသစ်ကြီးများဖောက်လုပ်ထားသလို ရင်းနှီးမြှုပ်နှံမှုခွင့်ပြုချက်များကို သုံးပတ်အတွင်း ထုတ်ပေးကာ စီမံကိန်းဝန်းကျင်တွင် ဆိပ်ကမ်းတစ်ခု တိုးချဲ့တည်ဆောက်ရန် အစီအစဉ်များရှိသည်။ ယခုအချိန်ထိ လက်မှတ်ရေးထိုးထားခဲ့သော ကုမ္ပဏီ ၄၁ ခုအနက် ကုမ္ပဏီ ၂၁ ခုမှာ ဂျပန်နိုင်ငံမှဖြစ်သည်။ သီလဝါ အထူးစီးပွားရေးဇုန်မှာ လက်ရှိတွင် မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်ထားသော်လည်း မြန်မာအစိုးရက စီမံကိန်းဝန်းကျင်၌ မဂ္ဂါဝပ် ၅၀ ရှိသော ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် ကတိပြုခဲ့သည်။ ဆူမီတိုမိုကော်ပိုရေးရှင်းက ၂၀၁၆ ခုနှစ်တွင် အပြည့်အဝလည်ပတ်မည့် ယန်း ငါးဘီလီယံ(အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၅၉ သန်း)တန် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ တစ်ရုံတည်ဆောက်ရန် စာချုပ်တစ်ရပ်ရရှိခဲ့ကြောင်း ပြီးခဲ့သည့်လက ကြေညာခဲ့သည်။

"သီလဝါအထူးစီးပွားရေးဇုန်က အလွန်ကိုအရေးပါပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိုဆွဲဆောင်တဲ့ အမှတ်သညာဖြစ်လာပါတယ်"ဟု ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICA ဥက္ကဋ္ဌ တာနာကာ အကီဟီတိုကဆိုသည်။ ဂျပန်နိုင်ငံပိုင် Koyo Group ၏ လုပ်ငန်းအစိတ်အပိုင်းတစ်ခုဖြစ်သည့် Koyo Radiator Co သည် အနီးဝန်းကျင်နိုင်ငံများရှိ ယင်းစက်ရုံများ၌ ကုန်ကျစရိတ်မြင့်တက်လာမှုကြောင့် သီလဝါအထူးစီးပွားရေးဇုန်ကို ရွေးချယ်ခဲ့သည်။ အင်ဒိုနီးရှားနှင့် တရုတ်နိုင်ငံတွင် လုပ်အားခများသိသာစွာ မြင့်တက်လာခဲ့ကြောင်း၊ ထိုအချက်က ကုမ္ပဏီ၏ အမြတ်အစွန်းကို သက်ရောက်မှုရှိစေခဲ့ကြောင်း Koyo Group အဖွဲ့ဝင်နှင့် Koyorad Myanmar ဦးဆောင်ညွှန်ကြားရေးမှူး တာကူမာ အီဂိုရီက ပြောကြားသည်။

***Reuters သတင်းဝက်ဘ်ဆိုဒ်ပါ Martin Potty နှင့် Jeremy Laurence တို့၏ After decades of decay, Myanmar bets on Thilawa to lead industry boom ကို ဆီလျော်အောင် ဘာသာပြန်ဆိုသည်။***

**❖ ပဲတီစိမ်းမှ**

အောင်မြင်ပြီးတော့ ဈေးနှုန်းကလည်း တစ်တင်းကို ကျပ်လေးသောင်းကျော် ပတ်ဝန်းကျင်ရရှိနေတာမို့ စိုက်ပျိုးတောင်သူတွေ အကျိုးအမြတ် တော်တော်ရကြတယ်။ ပြီးတော့ ဒေသခံအမျိုးသမီးငယ် အများအပြားလည်း ပဲတီစိမ်းဆွတ်ခူးတဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိနေပါတယ်။ နံနက် ၆ နာရီမှ နံနက် ၁၁ နာရီအထိဆို လူတစ်ဦး တစ်ထောင်ကျပ် ပေးရတယ်။ မွန်းလွဲ ၁ နာရီက ညနေ ၅ နာရီအထိလည်း ပဲတီစိမ်းဆွတ်ခူးသူ တစ်ဦးကို တစ်ထောင်ကျပ်ပေးရတယ်။ ပဲတီစိမ်းဆွတ်ခူးတဲ့ အလုပ်လုပ်ကိုင်သူ အမျိုးသမီးငယ်အများစုက နံနက်ပိုင်းရောနေ့လယ်ပိုင်းပါ လုပ်ကိုင်ကြတာများပါတယ်"ဟု သနပ်ကုန်းကျေးရွာမှ ပဲတီစိမ်းသီးနှံစိုက်ပျိုးသည့် တောင်သူ ဦးဝင်းမြင့်က ပြောသည်။

ပဲတီစိမ်းသီးနှံပင်များမှ ပဲတီစိမ်းအသီးများကို နှစ်ကြိမ်မှ သုံးကြိမ်ခန့်အထိ ဆွတ်ခူးရရှိပြီး တစ်ကြိမ်ခူးဆွတ်ပြီးတိုင်း သီးနှံပြန်လည်သီးနိုင်ရေးအတွက် ရေသွင်းပေးခြင်း၊ သီးနှံထွက်ဆေးဖျန်းပေးခြင်း ပြုလုပ်ရကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ဒုဋ္ဌဝတီမြစ်ရေတိုက်စားခြင်းမှကာကွယ်ရန် ရေတားဆည်တည်ဆောက်ပေး၍ ဒေသခံများဝမ်းမြောက်

**သီပေါ မေ ၁၀**

တောင်များ ပတ်ရံဝန်းလျက်ရှိသော သီပေါမြို့ကိုထပ်ဆင့်အလှပန်းချီခြယ်သမှုမှာ မြို့မြောက်ဘက်မှ တောင်ဘက်သို့ ဒုဋ္ဌဝတီမြစ်နဒီမှာ မြွေကြီးတစ်ကောင်အလားကွေ့ကာဝိုက်ကာဖြင့်လှပစွာဖြတ်သန်းစီးဆင်းနေခြင်းဖြစ်သည်။ တောင်တွေ့လျှင်လမ်းဖောက်၊ မြစ်တွေ့လျှင်တံတားဆောက်ဟူသော ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်အစိုးရသည် ဒုဋ္ဌဝတီမြစ်ကူးဘေလီတံတားမှသည် သံကူကွန်ကရစ်ဘုတ်တိုင်အုတ်မြစ်သံမဏိသံပေါင်တံတားကြီးကို ၂၀၀၈ ခုနှစ် မေ ၁ရက်မှ စတင်၍ အရှည်၅၆၉ပေ၊ အကျယ် ၃၈ ပေနှင့် ဘေးနှစ်ဖက်လူသွားလမ်းပါ ကုန်အလေးချိန်တန် ၆၀ ခံသီပေါတံတားကြီးကို ၂၀၁၁ ခုနှစ်မတ် ၅ ရက်တွင်ဖွင့်လှစ်ခဲ့သည်။

လမ်းပန်းဆက်သွယ်ရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေးကိစ္စများကို ဒုဋ္ဌဝတီမြစ်ကူးတံတားကြီးဆောက်လုပ်ပေးခဲ့၍ အချိန်နှင့်တစ်ပြေးညီ ကူးလူးဆက်သွယ်ရေးများကောင်းမွန်ခဲ့သော်လည်း ၁၉၈၆ ခုနှစ်က ပန်းတိမ်မြောက်ရပ်၊ ဈေးရပ်ကွက်၊ ရွှေညောင်ပင်လမ်း(ကမ်းနားလမ်း)တစ်လျှောက် မြစ်ရေတိုက်စားခဲ့သဖြင့် ကမ်းပြိုကာ မော်တော်ယာဉ်သွားလမ်းမှ လူ၊ စက်ဘီး၊ ဆိုင်ကယ်အဆင့်သာ သွားလာနိုင်သည့် အခြေအနေသာရှိခဲ့သည်။

အရှည်ပေ ၈၈၀ ကျော်ရှိ ရေထိန်းနံရံရေတားဆည်(ရေကာတာ)ကိုးခု ဆောက်လုပ်ခြင်းလုပ်ငန်းကို နိုင်ငံတော်အစိုးရပြည်ထောင်စုသီးသန့်ရန်ပုံငွေမှ ငွေကျပ်သိန်းပေါင်း ၅၆၄၀ ခွင့်ပြုခဲ့သဖြင့် ဒုဋ္ဌဝတီမြစ်(သီပေါ)မြစ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောက်လုပ်ပေးခဲ့သည်။ ထို့အပြင် ဒုဋ္ဌဝတီမြစ်ကမ်းမှ ကားလမ်း မြို့ဧရိယာ ၃၅ ပေအထိ ရေတိုက်စား၍ ပြိုကျနေခြင်းကို သံခြင်းအခြေပြု ကျောက်စီတမံကိုလည်း ယမန်နှစ်က ဆောင်ရွက်ပေးခဲ့သဖြင့် မော်တော်ယာဉ်များပင် ဖြတ်သန်းသွားလာနိုင်ခဲ့ကြောင်း တွေ့ရသည်။



၂၀၁၅ ခုနှစ်တွင် ဆက်လက်ဆောင်ရွက်မည့် Steel Basket အခြေပြု ကျောက်စီကမ်းထိန်းနံရံလုပ်ငန်း ပေ ၇၂၀ အတွက် နိုင်ငံတော်မှ ငွေကျပ် ၂၁၉ ဒသမ ၄ သန်းနှင့် မြစ်လယ်သောင် တူးဖော်လုပ်ရမည့် ပမာဏ ၅၁၃၀ ကုဗမီတာအတွက် ငွေကျပ် ၈ ဒသမ ၅ သန်း စုစုပေါင်းငွေကျပ် ၂၂၇ ဒသမ ၉ သန်းကို နိုင်ငံတော်က ခွင့်ပြုပေးခဲ့သဖြင့် ဒေသခံတိုင်းရင်းသား ပြည်သူများ မြစ်ရေတိုက်စားခြင်း အန္တရာယ်မှ ကင်းဝေးသွားပြီဖြစ်၍ ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**စိုင်းသာလှိုင်(လိမ္မော်မြေ)**
**ဓာတ်ပုံ-စိုင်း(သီပေါ)**

❐❐



# ကင်မရွန်းဆန့်ကျင်ရေးသမားများနှင့် လန်ဒန်ရဲတပ်ဖွဲ့ ရုန်းရင်းဆန်ခတ်ဖြစ်၊ ၁၇ ဦးဖမ်းဆီးထား

**လန်ဒန် မေ ၁၀**

ဗြိတိန်နိုင်ငံတွင် ပြန်လည်ရွေးကောက်တင်မြှောက်ခံရသည့် ကွန်ဆာဗေးတစ်ပါတီမှ ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းကို ဆန့်ကျင်သူများက လန်ဒန်မြို့လယ်တွင် ရဲတပ်ဖွဲ့ဝင်များကို ပုလင်းများ၊ သံဘူးများ၊ မီးခိုးဗုံးများဖြင့် ပစ်ပေါက်သည့် အဓိကရုဏ်း စနေနေ့တွင် ဖြစ်ပွားခဲ့သည်။

ဆန့်ကျင်ဆန္ဒပြသူများက ကျယ်လောင်စွာအော်ဟစ်ခြင်း၊ အိုးခွက်များကို ရိုက်ခဲ့ခြင်းနှင့် ညစ်ညမ်းစွာ ဆဲရေးတိုင်းထွာခြင်းများပြုလုပ်လာသည့်အခါ အဓိကရုဏ်းစတင်ဖြစ်ပွားပြီး ဒေါင်းနင်းလမ်းရှိ ဝန်ကြီးချုပ်နေအိမ်အဝင်လမ်းဂိတ်ပေါက်တွင် ရဲတပ်ဖွဲ့ဝင်များနှင့် ထိပ်တိုက်ရင်ဆိုင်ခဲ့ကြသည်။

ရဲတပ်ဖွဲ့က လူ ၁၇ ဦးကို ဖမ်းဆီးထားပြီး ရဲအရာရှိ လေးဦးနှင့် အခြားရဲတပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ခြိုးခြံချွေတာရေးမူဝါဒကို ကန့်ကွက်သည့်အနေဖြင့် ဆန္ဒပြခြင်းဖြစ်ကြောင်းနှင့် ဒဏ်ရာရရှိထားသူနှစ်ဦးကို ဆေးရုံသို့တင်ပို့ထားကြောင်း စကော့တလန် ယာဒ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ရိုက်တာ ဓာတ်ပုံသတင်းထောက်တစ်ဦး၏ ခန့်မှန်းမှုအရ ဆန့်ကျင်ဆန္ဒပြသူ ၂၀၀ ခန့်ရှိပြီး အနက်ရောင်များဝတ်ဆင်ကာ နေကာမျက်မှန်နှင့် မျက်နှာဖုံးစွပ်ထားသူ လူငယ် ၂၅ ဦးလည်းပါဝင်ခဲ့သည်ဟု ဆိုသည်။

ကင်မရွန်းသည် လိုငွေပြနေသည့် အစိုးရအသုံးစရိတ်လျှော့ချရေးတွက် ဘတ်ဂျက်များ ဖြတ်တောက်သည့် ဥပဒေများထုတ်ပြန်ခဲ့ပြီး ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားမည်ဟု ကတိပြုခဲ့ပြီး ကြာသပတေးနေ့က ကျင်းပသည့်ရွေးကောက်ပွဲတွင် အနိုင်ရရှိသွားသောကြောင့် ဒုတိယအကြိမ် ငါးနှစ်သက်တမ်းထမ်းဆောင်နိုင်တော့မည်ဖြစ်သည်။

**ရိုက်တာ။**

# အီဂျစ်သမ္မတဟောင်း မူဘာရက်နှင့်သားများ ထောင်သုံးနှစ်ကျခံစေရန်အမိန့်ချခံရ

**ကိုင်ရို မေ ၁၀**

အီဂျစ်သမ္မတဟောင်းဟော့စနီမူဘာရက်၏ အဂတိလိုက်စားသည့် အမှုကိုတရားရုံးတင်ပြန်လည်စစ်ဆေးရာ၌ တရားရုံးကဒင်းနှင့် သားနှစ်ဦးကို ခံဝန်ချုပ်ခံစားခွင့်မရှိဘဲ ထောင်ဒဏ်သုံးနှစ်စီ ကျခံစေရန် စနေနေ့တွင် အမိန့်ချမှတ်လိုက်ကြောင်း ရိုက်တာက ယနေ့ဖော်ပြသည်။

အီဂျစ်နိုင်ငံကို နှစ်ပေါင်း ၃၀ ကြာ အာဏာရှင်စနစ်ဖြင့် အုပ်ချုပ်ခဲ့သည့် မူဘာရက်နှင့်သားနှစ်ဦးဖြစ်သာ ဂါမဲလ်နှင့် အလာတို့သည် အဂတိလိုက်စားကြောင်းစွပ်စွဲချက်များအတွက် ထောင်အတွင်းသို့ ဝင်ရောက်ရဖွယ်ရာမရှိပေ။

အကြောင်းမှာ အခြားသောပြစ်မှုများဖြင့် ပြစ်ဒဏ်ပေးသော အချိန်ကာလများနှင့်တူညီစွာ ထောင်အတွင်း၌ နေခဲ့ရပြီးသောကြောင့်ဖြစ်သည်။

၂၀၁၁ခုနှစ်တွင် ယင်းဒေသ၌ အာရပ်နွေဦးအုံကြွမှုဖြစ်ပွားရာ လေတပ်တပ်မှူးဟောင်းသည် သမ္မတရာထူးမှ ဖယ်ရှားပေးခဲ့ရသည်။ သို့အတွက် ဒီမိုကရေစီမျှော်လင့်ချက်များ ကြီးမားလာခဲ့သည်။

လူထုအုံကြွမှုဖြစ်ပွားရာ ကိုင်ရိုမြို့လယ်တာချ်ရီယာရင်ပြင်၌ ဆန္ဒပြသူများအသတ်ခံရခြင်းတွင် ၎င်းပူးပေါင်းပါဝင်မှုရှိကြောင်းစွပ်စွဲချက်များကို ယခင်တရားရုံးက ရုပ်သိမ်းပေးခဲ့ပြီး ထောင်ကျနေသော ၎င်း၏လုပ်ဖော်ကိုင်ဘက်များကိုလည်းလွှတ်ပေးခဲ့သည်။ ထိုသို့လုပ်ဆောင်မှုကြောင့် အီဂျစ်နိုင်ငံရေး အပြောင်းအလဲပြုလုပ်ခြင်းအပေါ် သံသယဝင်ခဲ့ကြသည်။

သမ္မတနန်းတော်အား ပြင်ဆင်ရန်လျာထားသော ပြည်သူ့ဘဏ္ဍာငွေများကို လွှဲပြောင်းခဲ့ပြီး ၎င်း၏မိသားစုပိုင်သည့် အဆောက်အအုံများအား ပြုပြင်မွမ်းမံရာ၌ သုံးစွဲခဲ့သည့်အတွက် လွန်ခဲ့သောမေလတွင် မူဘာရက်ကို ထောင်သုံးနှစ်အပြစ်ပေးခဲ့သည်။

အဆိုပါအမှုတွင်တစ်တွဲတည်းပါဝင်သော သားနှစ်ယောက်တို့ကိုလည်း ထောင်ဒဏ်လေးနှစ်စီကျခံစေရန် တရားရုံးက အမိန့်ထုတ်ခဲ့သည်။

ဇန်နဝါရီလတွင် အီဂျစ်နိုင်ငံတော်တရားရုံးချုပ်က မူဘာရက်အမှုများအပေါ် တရားရုံးဆုံးဖြတ်ချက်များကို ပယ်ဖျက်ခဲ့ပြီး တရားရုံးသို့ပြန်တင်စစ်ဆေးရန် ညွှန်ကြားခဲ့ခြင်းဖြစ်သည်။ **ရိုက်တာ။**

# ယီမင်တွင် ငါးရက်ကြာအပစ်ရပ်ရေး ဆော်ဒီအဆိုပြုမှု ဟူသီအဖွဲ့လက်ခံ

**ဧဒင် မေ ၁၀**

ယီမင်နိုင်ငံ၏ ပိုင်နက်နယ်မြေအများအပြားကို ထိန်းချုပ်ထားသည့် ဟူသီစစ်သွေးကြွအဖွဲ့က ၎င်း၏ ရန်ဘက် ဆော်ဒီအာရေဗျနိုင်ငံက ယီမင်နိုင်ငံအတွင်း တိုက်ခိုက်မှုများအား ငါးရက်ကြာရပ်စဲရန် အဆိုပြုမှုကို မေ ၁၀ ရက်တွင် လက်ခံလိုက်ကြောင်း ယနေ့ ရိုက်တာသတင်းတွင် ဖော်ပြသည်။

လူသားချင်း ကူညီစာနာရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ယီမင်နိုင်ငံအတွင်း ငါးရက်ကြာပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲရန် ဆော်ဒီအာရေဗျနိုင်ငံက ယင်းသို့ အဆိုပြုခဲ့ခြင်းဖြစ်ပြီး ယင်းအပစ်ရပ် အခိုက်အတန့်ကာလအတွင်း၌ ဖြစ်ပွားသော မည်သည့်ချိုးဖောက်မှုများကိုမဆို တုံ့ပြန်သွားမည်ဟု ဟူသီလက်နက်ကိုင်အဖွဲ့က ပြောကြားသည်။

ဆော်ဒီအာရေဗျနိုင်ငံက မေ ၈ ရက်တွင် အဆိုပြုခဲ့သော မေ ၁၂ ရက်တွင် စတင်မည့် ယင်းအပစ်အခတ်ရပ်စဲရေးအစီအစဉ်အား အီရန်၏ မဟာမိတ်စစ်သွေးကြွအဖွဲ့က သဘောတူညီကြောင်း ပြောကြားခဲ့ပြီး ယင်းအပစ်အခတ်ရပ်စဲသည့်ကာလအတွင်း စားနပ်ရိက္ခာနှင့်ဆေးဝါးလိုအပ်ချက်များ ဆိုးရွားစွာရှိနေသူအား ဖြည့်ဆည်းပေးနိုင်ရန်ဟု ဆိုသည်။

ဟူသီသူပုန်များနှင့် သမ္မတဟောင်း အလီအဗ္ဗဒူလာဆာလက်ချ်အား သစ္စာခံသော ယီမင်စစ်ဘက်စခန်းများအား ယခုနှစ် မတ် ၂၆ ရက်မှစတင်ကာ အမေရိကန်ပြည်ထောင်စု၏ အားပေးထောက်ခံမှုဖြင့် ဆော်ဒီအာရေဗျဦးဆောင်သော အာရပ်ညွန့်ပေါင်းလေတပ်ဖွဲ့က စီးနင်းတိုက်ခိုက်ခဲ့သည်။

ဆော်ဒီအာရေဗျနိုင်ငံက ဦးဆောင်သော အာရပ်ညွန့်ပေါင်း တပ်ဖွဲ့များသည် ရာထူးမှဖယ်ရှားခံရသော ယီမင်သမ္မတ အက်ဒ်ချာဘူမန်ဆောဟာဒီ ဦးဆောင်သော အစိုးရအာဏာ ပြန်လည်ရရှိရေးအတွက် ရည်မှန်းချက်ထားကာ တိုက်ခိုက်နေခြင်းဖြစ်သည်။ **ရိုက်တာ။**

# ဖိလစ်ပိုင်အရှေ့မြောက်ပိုင်းတွင် တိုင်ဖုန်းမုန်တိုင်း ပြင်းထန်စွာတိုက်ခတ်

**မနီလာ မေ ၁၀**

ဖိလစ်ပိုင်အရှေ့မြောက်ပိုင်းတွင် တနင်္ဂနွေနေ့က တိုင်ဖုန်းမုန်တိုင်းပြင်းထန်စွာတိုက်ခတ်မှုကြောင့် အာဏာပိုင်များက ကမ်းရိုးတန်းတစ်လျှောက်ရှိ ဒေသခံများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ရန် သတိပေးခဲ့သည်။

အဆင့်(၅)အဖြစ်သတ်မှတ်ထားသော အဆိုပါမုန်တိုင်းသည် တစ်နာရီလျှင် လေတိုက်နှုန်း ၁၈၅ ကီလိုမီတာရှိပြီး ယင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ဆန်စပါးစိုက်ပျိုးသော ကာဂါရန်ပြည်နယ်တွင် မြေပြိုမှုဖြစ်ပွားကြောင်း မိုးလေဝသဗျူရိုက ပြောကြားသည်။

အဆိုပါမုန်တိုင်းသည် အနောက်မြောက်ပိုင်းသို့ ရွေ့လျားနေပြီး ဂျပန်နိုင်ငံတောင်ပိုင်းသို့ အင်္ဂါနေ့တွင် ရောက်ရှိမည်ဟု ခန့်မှန်းရသည်။

**ရိုက်တာ။**



# စပိန်သို့ ကလေးခိုးသွင်းသည့်ဖခင်ကို ဖမ်းဆီး

**ဇက်ဒရမ် မေ ၁၀**

ရှစ်နှစ်အရွယ် သားတစ်ယောက်ကို အဝတ်သေတ္တာအတွင်းထည့်၍ ဥရောပသို့ ခိုးသွင်းရန် ကြိုးစားခဲ့သည်ဟူသော စွပ်စွဲချက်ဖြင့် အိုင်ဗရီကို့(စ်)နိုင်ငံမှ အမျိုးသားတစ်ဦးကို ဖမ်းဆီးရန် စပိန်တရားရုံးတစ်ရုံးက အမိန့်ထုတ်ခဲ့ကြောင်း ယနေ့ ရိုက်တာက ဖော်ပြသည်။

စပိန်နိုင်ငံ စီယူတာမြို့သို့ ဝင်ရောက်သော နယ်စပ်ဖြတ်ကျော်စခန်းတွင် ကြာသပတေးနေ့၌ တစ်ဖက်နိုင်ငံမှ ဝင်ရောက်လာသူများကို တန်းစီစောင့်ဆိုင်းနေသူများအနက်မှ ထိတ်လန့်တုန်လှုပ်နေသော (၁၉) နှစ်အရွယ် မော်ရိုကန် အမျိုးသမီးတစ်ဦးကို လုံခြုံရေးအစောင့်များက ရပ်တန့်စစ်ဆေးခဲ့သည်ဟု ရဲတပ်ဖွဲ့ကြေညာချက်တွင် ဖော်ပြထားသည်။ အစောင့်ရဲတပ်ဖွဲ့ဝင်များက အမျိုးသမီး၏ အဝတ်သေတ္တာကို စကင်တွင်ဖြတ်သန်းစေခဲ့ရာ အတွင်း၌ လူငယ်တစ်ဦး ခွေခေါက်ထိုင်နေသည်ကို တွေ့ရသည်။

နယ်စပ်အရာရှိများက အဆိုပါအမျိုးသမီးကို ဖမ်းဆီးခဲ့ပြီးနောက် ယင်းနယ်စပ်စခန်းမှာပင် ကလေး၏ဖခင်ဖြစ်သူကိုပါ ဖမ်းဆီးခဲ့သည်။ အမျိုးသမီးသည် ကလေး၏ ဖခင်နှင့် လက်ထပ်ထားသူဖြစ်ပြီး ၎င်းတို့နှစ်ဦးလုံးသည် စပိန်နိုင်ငံ၌ နေထိုင်ခွင့်ရရှိထားကြသော်လည်း ကလေးမှာမူ နေထိုင်ခွင့်မရှိဟု တရားရုံးက ပြောကြားသည်။

**ရိုက်တာ။**

# ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ပုံဖော်ကြသူများ၏ စကားသံများ

**အစိုးရအဖွဲ့သစ်သည် ၂၀၁၁ ခုနှစ် ဩဂုတ်လမှာ တစ်နိုင်ငံလုံးကို အပစ်အခတ်ရပ်စဲရေးအတွက် ဖိတ်ခေါ်ပြီး NCCT နဲ့လည်း တရားဝင်ဆွေးနွေးပွဲ (၇)ကြိမ် ဆွေးနွေးခဲ့ကာ NCA(မူကြမ်း) ကို ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့မှာ ညှိနှိုင်းပြီးစီးကြောင်း လက်မှတ်ရေးထိုးနိုင်ခဲ့သည်။**

**အမေး၊ အရေး - ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်**
**ဓာတ်ပုံ - ဖိုးထောင်**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ကတိပြုလက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါ ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး ကတိကဝတ် (Deed of Commitment)တွင် ပါရှိသည့် အချက်များကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်နိုင်ရန် အဖွဲ့အစည်းစုံမှ ပါဝင်သော "ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာညှိနှိုင်းအဖွဲ့" (Coordination Team for Peace and National Reconciliation)ကို ဖွဲ့စည်းရန် မေ လ ၉ ရက်က ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်တွင်ပြုလုပ်သည့် ဆွေးနွေးပွဲတွင် မူအားဖြင့် သဘောတူညီမှုရရှိခဲ့သည်။

ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာဆွေးနွေးပွဲတွင် မတူညီသည့်ကဏ္ဍများမှ တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၏ အမြင်သဘောထားကို မြန်မာ့သတင်းစဉ် (ပြည်တွင်း)မှ တွေ့ဆုံမေးမြန်းခဲ့သည်များကို ကောက်နုတ်ဖော်ပြပါသည်။



ဦးစိုင်းအိုက်ပေါင်း



ဒေါ်စောမြရာဇာလင်း



ဦးလှမောင်ရွှေ



ဦးစောထွန်းအောင်မြင့်

**ဦးစိုင်းအိုက်ပေါင်း(ဥက္ကဋ္ဌ)**
**ရှမ်းတိုင်းရင်းသားများ**
**ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)**

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်း ကော်မတီ (UPWC) ကပုဂ္ဂိုလ်တွေနဲ့ တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်တွေ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကတိပြုချက် (Deed of Commitment) ကို လက်မှတ်ရေးထိုးနိုင်ခဲ့မှုကြောင့် မတ်လ ၃၁ ရက်နေ့မှာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)မူကြမ်းကို လက်မှတ်ရေးထိုးနိုင်ခဲ့တယ်လို့ပဲ ကျွန်တော်တို့ ယူဆပါတယ်။ အပြီးသတ် NCA မူချောရေးထိုးနိုင်ရေးအတွက် ဒီနေ့တွေ့ဆုံဆွေးနွေးတဲ့ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာဆွေးနွေးပွဲဟာ အထောက်အကူဖြစ်လိမ့်မယ်လို့ ကျွန်တော်တို့ယူဆပါတယ်။ လက်မှတ်ရေးထိုးနိုင်အောင်လည်း ကျွန်တော်တို့ တိုင်းရင်းသား ညီအစ်ကိုတွေအားလုံး ဝိုင်းဝန်းပြီး လုပ်ဆောင်ပေးရမယ်လို့ပဲ ကျွန်တော်တို့ ယူဆပါတယ်။ ၂၀၁၄ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့မှာ သုံးပွင့်ဆိုင် စတင်ပြီးဆွေးနွေးခဲ့ပါတယ်။ အဲဒီတုန်းက ကျွန်တော်တို့ အလွန်ဝမ်းသာခဲ့တယ်။ သမ္မတရဲ့ ငြိမ်းချမ်းရေးဖိတ်ခေါ်မှု သုံးနှစ်ပြည့်တဲ့နေ့၊ သုံးပွင့်ဆိုင်တွေ့ဆုံရတဲ့နေ့မှာ ကျွန်တော်တို့ အလွန်ပျော်ခဲ့တယ်။ အဲဒီအချိန်တုန်းက ဖက်ဒရယ်ဆိုတဲ့ စကားလုံးကို တရားဝင်သုံးစွဲခဲ့ပါတယ်။ NCA ကိုလည်း မြန်မြန်ဆန်ဆန် လက်မှတ်ရေးထိုးနိုင်လိမ့်မယ်လို့ သာမန်ပဲ ရိုးရိုးသားသားမျှော်လင့်ခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ မျှော်လင့်ချက်ဟာ ရာနှုန်းပြည့်ဖြစ်မလာပါဘူး။ ကျွန်တော်တို့အတွက် အချိန်က အတော်လေးတိုတောင်းနေပါပြီ။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲအတွက် တကယ်တမ်းကျရင် အချိန်က ငါးလလောက်ပဲကျန်ပါတော့တယ်။

ကျွန်တော်တို့ ပါတီတွေအတွက် စည်းရုံးရေးကာလ နှစ်လပေးမယ်။ ဥပမာ နိုဝင်ဘာလဆန်းမှာ ရွေးကောက်ပွဲကျင်းပမယ်ဆိုရင် အောက်တိုဘာလနဲ့ စက်တင်ဘာလကို နုတ်ရပါမယ်။ အဲဒီအခါဆိုရင် အချိန်က သုံးလပဲကျန်တော့မယ်။ အချိန်အလွန်တိုတောင်းပြီး သုံးလလောက်ပဲ အချိန်ကျန်တော့တဲ့အထဲမှာ ကျွန်တော်တို့ NCA ရေးထိုးနိုင်ဖို့ လိုပါတယ်။ တစ်ဖက်က NCA ရေးထိုးနိုင်ဖို့ကြိုးစားရင်းနဲ့ Frame Work (မူဘောင်) ကိုဝိုင်းဝန်းဆွေးနွေးဖို့ သင့်နေပါပြီ။ ကျွန်တော်တို့ Frame Work ကို ပြီးအောင်လုပ်ပြီးတော့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု (Political Dialogue) လုပ်နိုင်အောင် ကြိုးစားဖို့တော့သင့်ပြီလို့ ယူဆပါတယ်။ တွေ့ဆုံလိုက် ပြန်သွားလိုက်ဆိုရင် အချိန်ကလည်း မရှိတော့ဘူး။ သုံးလပဲ ကျန်ပါတော့တယ်။ ဒါကြောင့် Frame Work ကိုရေးဆွဲဖို့ အလုပ်အဖွဲ့ကော်မတီတစ်ခု ဖွဲ့စည်းဖို့လိုပါတယ်။ အလုပ်အဖွဲ့တွေ ဖွဲ့ထားမယ်ဆိုရင် NCA အချောသပ်ကလည်း ဒီတစ်လ၊ နှစ်လ အတောအတွင်းမှာ ပြီးသွားနိုင်မယ်လို့ မျှော်လင့်တယ်။ ထာဝရငြိမ်းချမ်းရေးရဖို့ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုကို တိုင်းရင်းသားညီအစ်ကိုတွေအားလုံးက လိုချင်ကြတယ်။ ဖက်ဒရယ်စနစ်က ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ တန်းတူညီတူ အခွင့်အရေးရှိရမယ်။ ဗဟိုချုပ်ကိုင်မှု လျော့နည်းရမယ်။ အခုအချိန်မှာ ဖက်ဒရယ်ဆိုတဲ့ စကားလုံးတော့ ၂၄ နာရီ တွင်တွင်ပြောလို့ရပြီ။ အရင်လိုလည်း ကြောက်စရာမလိုတော့ဘူး။ ကျွန်တော်တို့မှာ ပန်းတိုင်တော့နီးနေပြီ။ ဖက်ဒရယ်ပြည်ထောင်စု ပန်းတိုင်ဆီကို ကျွန်တော်တို့ တိုင်းရင်းသားညီအစ်ကိုတွေအားလုံး လက်တွဲညီညီနဲ့ ချီတက်ကြပါစို့လို့ တိုက်တွန်းပြောကြားလိုပါတယ်။

**ဒေါ်စောမြရာဇာလင်း**
**ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)**
**တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCT) အဖွဲ့ဝင်**

အခုဆိုရင် NCA ရဲ့ မူကြမ်းကို NCCT နဲ့ UPWC တို့က တစ်ဖက်ငါးဦးစီ လက်မှတ်ထိုးထားပြီးပြီ။ ဒီ NCA မူကြမ်းလက်မှတ်ထိုးထားပြီးတဲ့နောက်ပိုင်းမှာ ရှေ့ကိုသွားဖို့ အင်မတန်မှ အရေးကြီးတယ်။ အဲဒါအတွက် ကျွန်မတို့ ဆွေးနွေးတယ်။ တချို့အဖွဲ့အစည်းတွေကလည်း Deed of Commitment ကို လက်မှတ်ရေးထိုးထားပြီးဖြစ်တယ်။ ဒါပေမယ့် Deed of Commitment ကို မထိုးရသေးတဲ့ အဖွဲ့အစည်းတွေလည်း ရှိနေတယ်။ ဆွေးနွေးထားခဲ့တဲ့ NCA မူကြမ်းဟာ တစ်နှစ်နဲ့ ငါးလကြာ ဆွေးနွေးခဲ့ရတာဖြစ်တယ်။ အဲဒါကို ကျွန်မတို့ အပျက်စီးမခံနိုင်ဘူး။ ရှေ့ကိုရောက်ဖို့ အရေးကြီးတယ်။ အရှေ့ကို ရောက်မယ်ဆိုရင် အခုဟာက ရွေးကောက်ပွဲလည်း နီးကပ်လာပြီ။ ကျွန်မတို့က နိုင်ငံရေးဆွေးနွေးပွဲကို ရောက်ဖို့ အင်မတန်မှအရေးကြီးတယ်။ ဒါကြောင့် Frame Work ဖြစ်မြောက်ရေး ကော်မတီတစ်ခုကို ဖွဲ့စည်းနိုင်မလားဆိုတာကို ဆွေးနွေးကြတဲ့လူတွေ ရှိတယ်။ ပြီးရင် Frame Work ဖြစ်မြောက်ရေးအတွက် Coordination Committee တစ်ခု ဆက်စပ်ပေးနိုင်မလား ဆိုတာကိုလည်း ဆွေးနွေးကြတာ ရှိပါတယ်။

ဆက်တိုက်လည်း ဆွေးနွေးပွဲတွေ လုပ်လာရမယ်။ ကြိမ်ဖန်များစွာ တွေ့ဆုံဆွေးနွေးရင်းနဲ့ အကောင်အထည်ဖော်လာရမှာတွေလည်း ရှိတယ်။ ပြည်တွင်းမှာရှိနေတဲ့ နိုင်ငံရေးပါတီတော်တော်များများက ခေါင်းဆောင်တွေက အများအားဖြင့် လိုလားနေကြပြီ။ NCCT (၁၆) ဖွဲ့ရှိတယ်။ ဒီနေ့ တက်ရောက်တာ(၇)ဖွဲ့။ ဒီလိုအခက်အခဲတွေတော့ ကျွန်မတို့ဘက်မှာ ရှိနေသေးတယ်။ ဒါကို NCCT အစည်းအဝေးကျရင် အကောင်းဆုံးဖြစ်အောင် တင်ပြမှာပါ။ ကျွန်မဆိုရင်လည်း မိခင်ပါတီကို အတတ်နိုင်ဆုံး တင်ပြမယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်က ရှေ့ကိုရောက်ဖို့ အင်မတန်မှ အရေးတကြီးလိုအပ်တယ်။

**ဦးစောထွန်းအောင်မြင့်**
**ကရင်တိုင်းရင်းသားရေးရာဝန်ကြီး**
**ရန်ကုန်တိုင်းဒေသကြီး**

ဒီနေ့ဆွေးနွေးပွဲမှာ နိုင်ငံရေးမူဘောင်ရေးဆွဲဖို့ အလုပ်အဖွဲ့ကို ဖွဲ့စည်းဖို့အတွက် မူအားဖြင့် သဘောတူထားတယ်။ အသေးစိတ်လုပ်ဖို့ ဒီနေ့အချိန်သိပ်မရကြဘူး။ အလုပ်အဖွဲ့ကို အမြန်ဆုံးဖွဲ့စည်းဖို့ထပ်ပြီး ဆက်ဆွေးနွေးသွားဖို့ရှိတယ်။ Deed of Commitment ကို အမြန်ဆုံး ဆောင်ရွက်သွားဖို့ ပြောထားတယ်။ တိုင်းရင်းသားရေးရာဝန်ကြီးတွေဘက်ကတော့ ရွေးကောက်ပွဲနီးပြီ။ အချိန် ငါးလလောက်ပဲ လိုတော့တဲ့ အချိန်ကြားထဲမှာ NCA မလုပ်နိုင်ဘူးဆိုရင် နောက်အစိုးရသစ်တက်တဲ့ အခါမှာ အစကနေ ပြန်စနေရမယ်။ ငြိမ်းချမ်းရေးကလည်း တိုင်းပြည်အတွက် ပထမအဆင့်အနေနဲ့ မလွဲမသွေလိုအပ်တယ်။ ဒါကြောင့် အမြန်ဆုံးလုပ်ဖို့ အဓိကဆွေးနွေးပါတယ်။ နိုင်ငံရေးမူဘောင်နဲ့ပတ်သက်ပြီး ဆက်လက်ဆွေးနွေးသွားဖို့ရှိမယ်။ အလုပ်အဖွဲ့ဖွဲ့ရမယ်။ ပြီးရင် နိုင်ငံရေးမူဘောင်ကိုသွားမယ်။ အဲဒါပြီးတာနဲ့ နိုင်ငံရေးဆွေးနွေးပွဲ လုပ်သွားမယ်။ ဘာပဲဖြစ်ဖြစ် အနည်းဆုံး ဒီအစိုးရသက်တမ်းမှာ နိုင်ငံရေးဆွေးနွေးပွဲ တစ်ပွဲလောက် လုပ်ဖြစ်သွားမယ်ဆိုရင် ဆက်သွားမယ်။ ဒါတွေက မလုပ်မဖြစ်လုပ်ရမယ့်ကိစ္စ။ မဟုတ်ရင် Zero Setting လို့ခေါ်တဲ့ မူလအခြေအနေကို ပြန်ရောက်သွားနိုင်တယ်။ လွှတ်တော်က အတည်ပြုထားနိုင်ပြီဆိုရင် နောက်အစိုးရက ငြိမ်းချမ်းရေးကို ဆက်လုပ်လို့ရပြီ။ ရွေးကောက်ပွဲမတိုင်မီမှာ အပစ်အခတ်ရပ်စဲရေးစာချုပ်ကို လက်မှတ်ရေးထိုးဖြစ်ဖို့နဲ့ နိုင်ငံရေးဆွေးနွေးပွဲ စလုပ်ဖြစ်ဖို့ မျှော်လင့်ထားပါတယ်။

**ဦးလှမောင်ရွှေ**
**မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန(MPC)**

ဒီနေ့ပွဲကို ဦးဆောင်ကျင်းပတာ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) ကလည်း မဟုတ်ဘူး။ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့(NCCT) ကလည်း မဟုတ်ဘူး။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေဖြစ်တဲ့ KNU၊ RCSS၊ နောက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ တိုင်းရင်းသားရေးရာဝန်ကြီးတွေ အစုအဖွဲ့ လေးစုကနေပြီးတော့ ဦးဆောင်ကျင်းပတာဖြစ်တယ်။ ပြောင်းလဲလာတဲ့ နိုင်ငံရေးအခင်းအကျင်းအပေါ်မှာ သူတို့လို တစ်ကြိမ်တစ်ခါက လက်နက်ကိုင်ခဲ့တဲ့သူတွေကလည်း သူတို့အနေနဲ့ ဒီလိုပွဲမျိုးကို လုပ်ခွင့်ရှိနေပြီ။ လုပ်လည်း လုပ်လာကြပြီ။ ဒီနေ့အခမ်းအနားရဲ့ အဓိကရည်ရွယ်ချက်ကတော့ Political Dialogue ကို အမြန်ဆုံးရောက်အောင် ဘယ်လိုသွားမလဲ။ ရွေးကောက်ပွဲမတိုင်မီမှာလည်း Political Dialogue ကို စလိုတယ်။ ရွေးကောက်ပွဲပြီးတဲ့နောက်မှာလည်း Political Dialogue ကို ဆက်လုပ်ချင်တယ်။ ဒါမှသာလျှင် နောင် ဘယ်အစိုးရပဲတက်တက် ဒီဖြစ်စဉ်က ဆက်ပြီးဆောင်ရွက်နိုင်တဲ့ဖြစ်စဉ် သူတို့ဖြစ်စေလိုပါတယ်။ အဲဒီအတွက် ဒီနေ့ဆွေးနွေးတာပါ။ အပြင်မှာပြောနေကြသလို အခြားညီလာခံတွေကို အဓိပ္ပာယ်တစ်မျိုးဖော်ဆောင်ဖို့အတွက်လည်း မဟုတ်ဘူး။ သူတို့ရဲ့ အဓိကရည်ရွယ်ချက်က နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများကသာလျှင် တိုင်းပြည်ရဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ရမယ်။ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲတွေရောက်အောင် ဘယ်လိုသွားကြမလဲဆိုတာက အဓိကပါပဲ။

ဒီနေ့ဆွေးနွေးပွဲကို လုပ်တဲ့ပုံစံက အတော်လေး အသိအမှတ်ပြုဖို့ကောင်းပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီနေ့ဆွေးနွေးပွဲမှာ သဘာပတိ ငါးဦးတင်ထားတာ တွေ့ပါတယ်။ သဘာပတိ ငါးဦးမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေက နှစ်ဦး၊ နိုင်ငံရေးပါတီတွေကနှစ်ဦး (တိုင်းရင်းသားပါတီဘက်က တစ်ဦးနဲ့ ပြည်မက တစ်ဦး)၊ နောက် တိုင်းရင်းသားရေးရာဝန်ကြီး တစ်ဦးဆိုပြီး တင်ထားတာတွေ့တယ်။ ဆွေးနွေးရာမှာလည်း အားလုံးပါဝင်နိုင်ဖို့ဆိုပြီးတော့ နိုင်ငံရေးပါတီတွေက ငါးဦးဆွေးနွေးပြီးရင် တိုင်းရင်းသား လက်နက်ကိုင်တွေဘက်က တစ်ဦး၊ တိုင်းရင်းသားရေးရာဝန်ကြီးတွေနဲ့ ပြည်ထောင်စုဝန်ကြီးတွေထဲကနှစ်ဦး ဆွေးနွေးတယ်။ ဆွေးနွေးပွဲ တစ်လျှောက် ဒီလိုအလှည့်ကျသွားတယ်။ တော်တော်များများလည်း ဝင်ရောက်ဆွေးနွေးနိုင်တဲ့အနေအထားမျိုးရှိတယ်။ သူတို့ပြောတာကို နားထောင်ကြည့်ရတာတော့NCCT ဆိုတာ တိုင်းရင်းသားလက်နက်ကိုင် (၁၆)ဖွဲ့ကို စုထားတာ။ UPWC က အစိုးရဘက်က စုဖွဲ့ထားတာ။ သူတို့က အနာဂတ်မှာ Dialogue Pater ဖြစ်လာမယ့် NCCT လည်း မဟုတ်၊ UPWC လည်းမဟုတ်ဘဲ နိုင်ငံရေးပါတီတွေပါ ပါဝင်တဲ့ ပေါင်းစပ်ညှိနှိုင်း ရေးအဖွဲ့တစ်ခုကို ဖွဲ့လိုတယ်ဆိုတာကို ဆွေးနွေးတာ။

## ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများ ဂုဏ်ပြုပွဲ ကြံခင်းမြို့နယ်၌ ကျင်းပ

**ကြံခင်း မေ ၁၀**

၂၀၁၅ ခုနှစ် ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများအား ကြိုဆိုဂုဏ်ပြုပွဲအခမ်းအနားကို မေ ၉ ရက် နံနက် ၉ နာရီက ကြံခင်းမြို့ ဇရာဦးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်နှင့် မြို့နယ်ပညာရေးမှူး ဦးသိန်းဝင်းတို့က ဂုဏ်ပြုစကားပြောကြားပြီး ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူအသီးသီးတို့က ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

အဆိုပါဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများမှာ ကြံခင်း အခြေခံပညာအထက်တန်းကျောင်းမှ ဒသမတန်းဘက်စုံပညာထူးချွန် မယွန်းမီမီထက်၊ နဝမတန်းဘက်စုံပညာထူးချွန် မထက်အိန္ဒြာလင်း၊ အဋ္ဌမတန်း ဘက်စုံပညာထူးချွန် မောင်ဝေယံဖြိုးဦးနှင့် မအေးခန့်ကျော်တို့ဖြစ်ကြောင်း သိရသည်။

**မသူ(ပြန်/ဆက်)**

# ထူးပဆံတော် တို့ပူးမြော်

## သီဟန်သိန်း(အေးချမ်းမြေ)

မြတ်စွာသကျ ဂေါတမ၏
ထွန်းပရှစ်ချောင်း ဆံတော်ပေါင်းကို
မြတ်လောင်းမှန်လှ တဖုဿနှင့်
ဘလ္လိကမည် ကုန်သည်ညီနောင်
ပင့်ခဲ့ဆောင်၍ ကောင်းအောင်သည်မှာ
ဥာပနာလိမ့်။
နောင်ခါတံ့သော် မြတ်ကုန်းတော်ဝယ်
ညီတော်မြတ်စွာ မိတေယျာ၏
ခြောက်ဖြာရောင်စုံ ဥဏ္ဏာလုံစင်
မွေတော်ရှင်ကို သည်တွင်နောက်အုပ်
အကျွန်ုပ်လျှင် ပိုက်ထုတ်ကောင်းစွာ
ဥာပနာလိမ့်။

မြတ်ဗုဒ္ဓ၏ စေတီဟူသမျှသည် အံ့ချီးဖွယ်ရာစေတီများဖြစ်ကြရခြင်းမှာ ဘုရားရှင်၏ ဂုဏ်တော်များဖြင့် မွမ်းထုံထားသောကြောင့်ဖြစ်ပါ၏။ စေတီဟူသမျှ ရွှေတိဂုံစေတီတော်ကြီးသည် ကမ္ဘာ့အံ့ချီးဖွယ်ဖြစ်သကဲ့သို့ သာသနာတော်၌ အံ့ချီးဖွယ်ရာအကြောင်း (၇)ချက် ရှိကြပေသည်-

(၁) ဘုရားဖြစ်ပြီးမှတည်ထားသော ဆံတော်၊ ဓာတ်တော်စေတီဟူသမျှ ပထမဦးစေတီဖြစ်ခြင်း။
(၂) သက်ရှိ သဓိဝဆံတော်များကို ကိန်းဝပ်စံပယ်တော်မူခြင်း။
(၃) ဆံတော်ကိန်းဝပ်ရာ စေတီတော်ပုံတော် အချိုးအစားပြေပြစ်ကျနသပ္ပာယ်တော်မူခြင်း။
(၄) ဘုရင်မင်းမြတ်နှင့် ဂေါပကအဖွဲ့တို့က ခေတ်အဆက်ဆက် စေတီတော်မြတ်ကြီးအား ကြည်ညိုဖွယ်ဖြစ်အောင် ဘက်စုံစီမံဆောင်ရွက်ပေးကြခြင်း။
(၅) ဘုရားဖူးပရိသတ်များ၏ ကုသိုလ်ဓာတ်များ အမြဲမပြတ်မွမ်းထုံထားခြင်း။
(၆) မြတ်စွာဘုရား၏ ဓမ္မအသံများဖြင့် အမြဲတမ်းလွှမ်းခြုံထားခြင်း။
(၇) ရှေးဟောင်းသမိုင်းဝင် ယဉ်ကျေးမှုအမွေအနှစ်များ စုံလင်စွာတည်ရှိခြင်းတို့ဖြစ်သည်။

ထိုသို့ အံ့ချီးဖွယ်ရာ အကြောင်း(၇)ချက်တို့နှင့် ပြည့်စုံသော ရွှေတိဂုံစေတီတော်မြတ်ကြီးကို မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ဝါဆိုလဆန်း (၅)ရက် ဗုဒ္ဓဟူးနေ့ ဥက္ကလာပတိုင်းသား ကုန်သည်ညီနောင်များဖြစ်ကြသည့် တဖုဿနှင့် ဘလ္လိကတို့မှ ရာဇယတနသတ္တာဟဖြစ်သော လင်းလွန်းပင်ရင်း၌ စံနေတော်မူသော သဗ္ဗညုမြတ်စွာဘုရားရှင်အား ပျားမုန့်ဆုပ်၊ မုန့်ကြစ်ကျွတ် ကပ်လှူပူဇော်သဖြင့် ဘုဉ်းပေးသုံးဆောင်တော်မူခဲ့ပေသည်။

မြတ်စွာဘုရားသခင် ဘုဉ်းပေးသုံးဆောင်ပြီး၍ တရားအနုမောဒနာပြုတော်မူသောအဆုံးတွင် ဒွေ့ဝါစိက သရဏဂုံဖြင့် ဥပါသကာအဖြစ်ရောက်တော်မူပြီးနောက် ကိုးကွယ်ဆည်းကပ်ပူဇော်ရာအဖြစ် ဆံတော် ရှစ်ဆူ ပေးသနားတော်မူခဲ့ပေသည်။

အိန္ဒိယမှ တဖုဿနှင့် ဘလ္လိကညီနောင်တို့ ရေလမ်းခရီးဖြင့် သယ်ဆောင်လာသော သဓိဝဓာတ်ဆံတော်ရှစ်ဆူကို ဥက္ကလာပမင်းကြီးနှင့်တကွ တိုင်းသားပြည်သူဗိုလ်လူတို့မှ သိင်္ဂုတ္တရကုန်းတော်မြတ်တွင် ဆံတော်ရှစ်ဆူပေးအပ်ပြီးနောက်ပိုင်း ကိုးလပြည့်ပြီးနောက် ရွှေတိဂုံစေတီတော်မြတ်ကြီး တည်ထားကိုးကွယ်ပူဇော်ခဲ့ပေသည်။

သဓိဝဓာတ်ဆံတော်များအား မသမာသောရန်သူတို့မှ အလွယ်တကူမဖျက်ဆီးနိုင်ရန်အတွက် သိင်္ဂုတ္တရကုန်းတော်အလယ်တည့်တည့်တွင် စောက် ၄၄ တောင်၊ အနံ ၄၄ တောင်ရှိ ဥမင်လိုဏ်ကြီးကိုတူးရာ ရှေးဘုရားသုံးဆူတို့၏ အောက်ပါမွေတော်ဓာတ် သုံးမျိုးကို တွေ့ရှိရပေသည် -

(၁) ကကုသန်မြတ်စွာဘုရား၏ တော်ဒေ့းတော်။
(၂) ကောဏာဂမနမြတ်စွာဘုရား၏ ရေစစ်တော်။
(၃) ကဿပမြတ်စွာဘုရား၏ ရေသနုပ်သင်္ကန်းတော်။

ဘဒ္ဒကပ်ကမ္ဘာတွင် ပွင့်တော်မူပြီးသော ဘုရားသုံးဆူတို့၏ ပရိဘောဂမွေတော်ဓာတ်သုံးမျိုးနှင့် ဂေါတမမြတ်စွာဘုရားရှင်၏ သဓိဝဓာတ်ဆံတော်မြတ်ရှစ်ဆူတို့ကို ကျောက်ဖျာ၊ အခင်းအကာပြုလုပ်ထားသော ဥာပနာတိုက်သွင်း၍ ဥာပနာတိုက်အထက် ကျောက်ဖျာတင်ပိတ်လိုက်ပြီး လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးအား မဟာသက္ကရာဇ် ၁၀၃ ခု တပေါင်းလပြည့်နေ့တည်ထားပြီးစီးခဲ့ခြင်းသည် ယခုခေတ်ရွှေတိဂုံစေတီတော်သို့ ဘုရားဖူးလာသူများအနေဖြင့် ရွှေတိဂုံဘုရားရင်ပြင်တော်မြောက်ဘက်ဆံတော်တွင်း တန်ဆောင်းကိုရောက်ရှိမှ မြတ်စွာဘုရားရှင်၏ သဓိဝဓာတ်ဆံတော်များကို မျှော်မှန်းဖူးမြော်နိုင်ကြမည်ဖြစ်သည်။

ဆံတော်တွင်း တန်ဆောင်းအတွင်း ရုပ်ပွားတော်



EVD ခွေအတွင်း မြတ်စွာဘုရားရှင်၏ သဓိဝဆံတော်များ အနီးကပ်ဆွဲယူရိုက်ထားပုံ။

အနောက်ယခင်နှစ် ၇၀ ခန့်က ဆံတော်တွင်းသို့ဆင်းရာ ဥမင်လိုဏ်ခေါင်းရှိသည်ဟု ပြောစမှတ်ရှိခဲ့သည်။ ဆံတော်တွင်းမှရေသည် ဧရာဝတီမြစ်ရေနှင့် တစ်ကြောတည်းဖြစ်၍ ရေတက်ရေကျရှိတိုင်း ဆံတော်တွင်းရေအတက်အကျရှိသည်ဟုဆိုကြပြီး ဆံတော်တွင်းအုတ်ပြာသာဒ်ကိုငုံ၍ ၁၈၇၉ ခုနှစ်က တန်ဆောင်းဆောက်လုပ်ထားခြင်းဖြစ်သည်။ ထို့အတွက်ကြောင့် ယနေ့ခေတ် ဗုဒ္ဓဘာသာဝင်တို့အနေဖြင့် ရှင်တော်ဂေါတမမြတ်စွာဘုရားရှင်၏ သက်ရှိထင်ရှား ဘုရားရှင်ကိုယ်တိုင်ချီးမြှင့်ပေးအပ်သော ဆံတော်တို့အား မျက်မြင်ကိုယ်တွေ့ဖူးတွေ့နိုင်ခြင်းမရှိဟု စိတ်ပျက်အားငယ်စရာရှိရန်မလိုပေ။ လွန်ခဲ့သော ၁၉၅၃ ခုနှစ်က ဗုဒ္ဓဘာသာဝင် သူဌေးသူကြွယ်ဖြစ်သော ဆာဘိုးသာနှင့် ဗိုလ်တထောင် ဘုရားဂေါပကအဖွဲ့တို့၏ အမြော်အမြင်ရှိသည့် ဆောင်ရွက်ချက်ကြောင့် ယခုခေတ် ဗုဒ္ဓဘာသာဝင်တို့သာမက နိုင်ငံရပ်ခြားမှ လူပုဂ္ဂိုလ်တို့သည် ဆံတော်တွင်းအထက် တည်ဆောက်ထားသော ဘုရားပလ္လင်တော်ဝယ် ပတ္တမြားကြုပ်အတွင်းရှိ ဆံတော်ဓာတ် နှစ်ဆူအား ဖူးမြော်ရပေမည်။

ထိုပတ္တမြားကြုတ်အတွင်း သဓိဝဓာတ်ဆံတော်တို့သည် တဖုဿနှင့် ဘလ္လိကကုန်သည်ညီနောင်တို့ မဇ္ဈိမဒေသမှ ဆံတော်ပင့်ဆောင်လာရာဆိပ်ကမ်းတွင် ဥက္ကလာပမင်းကြီးက ဗိုလ်ခြေ တစ်ထောင်နှင့် ဆင်းကြိုသည်ကိုအစွဲပြု၍ စေတီတော်တည်ထားခဲ့ရာ မြတ်စွာဘုရား၏ဆံတော်ကို ဥာပနာထားခဲ့ခြင်းဖြစ်ပြီး ဗိုလ်တထောင်စေတီတော်ဟုခေါ်ဆိုခဲ့ခြင်းဖြစ်သည်။

တစ်ဖန် သာသနာနှစ် ၂၃၅ ခုနှစ်တွင် သျှင်ယသအမှူးရှိသော ရဟန်းရှစ်ပါးတို့ပင့်ဆောင်လာသည့် ဆံတော်နှင့် ဓာတ်တော်တို့ကိုပါ ဆက်လက်ထည့်သွင်း ဥာပနာထားခဲ့ခြင်းဖြစ်ပေသည်။

ဆံတော်၊ ဓာတ်တော်တို့ ဥာပနာထားသော ဗိုလ်တထောင်စေတီတော်သည် ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၃ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် နယ်ချဲ့လေယာဉ်၏ဗုံးထိမှန်၍ စေတီတော်ကြီးပြိုကျပျက်စီးခဲ့သည်။

ထူးခြားမှုမှာ စေတီတော်ကြီးပြိုကျပျက်စီးသွားခဲ့သော်လည်း မြတ်စွာဘုရားရှင်၏ သဓိဝဓာတ်ဆံတော်တို့မှာ ကျောက်သေတ္တာငယ်တစ်ခုအတွင်း သီးခြားစံပယ်တော်မူနေသည်ကို စေတီတော်ပြန်လည်တည်ဆောက်ရေးကာလအတွင်း တွေ့ရှိခဲ့ရပေသည်။ (ဖြစ်ရပ်တူအနေဖြင့် တရုတ်ပြည်တွင် မြတ်စွာဘုရားရှင်၏ အောက်လက်ဝဲစွယ်တော်တည်ရာ ဘုံကျောင်းတော်အတွင်းသို့ ဥရောပလေးနိုင်ငံတပ်များကြောင့် Boxer သူပုန်တို့ပြေးဝင်ခိုလှုံရာ ဥရောပလေးနိုင်ငံတပ်တို့ အမြောက်ဖြင့် နှိမ်နင်းပစ်ခတ်ခဲ့ပေသည်။ အမြောက်တို့၏ဒဏ်ကြောင့် ဘုံကျောင်းပျက်စီးပြိုကျသွားခဲ့ရာ ပြန်လည်ပြင်ဆင်သောအခါ စွယ်တော်မြတ်အား ကျောက်သေတ္တာငယ်အတွင်း ထည့်သွင်းပူဇော်ထားသည်ကို တွေ့ရှိရသည်။) နယ်ချဲ့တော်လှန်ရေးကာလ ပုဂံမှ ဗိုလ်ချုပ် သားအဖတို့နှင့်ကား ကွာပေသည်။ နယ်ချဲ့ဗြိတိသျှတို့လိုက်တိုက်သဖြင့် ဗိုလ်ချုပ်တို့သားအဖ ပုဂံဘုရားအတွင်း ခေတ္တဝင်နားရာ နယ်ချဲ့တို့မှ အမြောက်နှင့်ပစ်၍ နှစ်ပေါင်းထောင်ချီ ဘုရားများအပြိုမခံဘဲ ဘုရားအတွင်းမှထွက်၍ အဖမ်းခံကာ ခေါင်းဖြတ်သတ်ခြင်းကို ခံယူခဲ့ရပေသည်။ (သာသနာအတွက် မြန်မာ့သတ္တိသွေးနီစွေးလှပေသည်။)

ဗိုလ်တထောင်စေတီတော်ကို ပြန်လည်ပြင်ဆင်ခြင်းမှာ ၁၉၅၃ ခုနှစ်အတွင်းပြီးစီးခဲ့ပေသည်။ ဉာဏ်တော် ၁၃၂ ပေနှင့် ၇ လက်မ၊ ဖိနပ်တော်အောက်ခြေ ၃၇၆ ပေရှိပေသည်။ ဆံတော်တွင်း အလယ်ဗဟိုထား၍ လိုဏ်ဂူအတွင်း မှန်သစ်သားကျောင်းဆောင်များအတွင်း ဆံတော်တွင်းမှ တူးဖော်ရရှိသော ရွှေ/ငွေဆင်းတုတော်များ၊ အဖိုးတန်ကျောက်မျက်ရတနာအသုံးအဆောင်များ ထည့်သွင်းစီမံပူဇော်ထားရှိကာ နံရံများကို မှန်စီရွှေချထားရှိခဲ့ပေသည်။

သို့သော် ယနေ့ခေတ် ကွန်ပျူတာနည်းပညာများ စွမ်းအားကြောင့် ဆံတော်တွင်း ပတ္တမြားကြုတ်အတွင်းမှ ဆံတော်မြတ်များအား အနီးကပ်ဖူးတွေ့ရပေမည်။ ဆရာတော် အရှင်ဇနကာဘိဝံသ၏ ပဋ္ဌာန်းတရား EVD ခွေအတွင်း ဗိုလ်တထောင်စေတီတော်ပုံ၊ ဆံတော်တွင်းပုံ၊ ပတ္တမြားကြုတ်အတွင်းမှ မြတ်စွာဘုရားရှင်၏ သဓိဝဆံတော်များအနီးကပ်ဆွဲယူရိုက်ထားပုံများကို ဖူးတွေ့ရပါသည်။

သို့ဖြစ်ပါ၍ မှတ်မိကြားသိသမျှရေးသားမှတ်တမ်းတင်ထားခြင်းမရှိပါက နှစ်ကာလကြာလျှင် ပါးစပ်ရာဇဝင်သဘောမျိုးဖြစ်သွားပေမည်။ သာသနာတော် သမိုင်းကွင်းဆက်ပြတ်၍ မှတ်တမ်းမှတ်ရာများ ခိုင်ခိုင်မာမာမရှိက နောင်မျိုးဆက်သစ်တို့လက်ထဲ ကောင်းမြတ်သောအမွေပေးရန်မကျန်ရှိဘဲဖြစ်ပေမည်။ သမိုင်းကြောင်းအခြေခံကောင်းသော်လည်း မှတ်တမ်းမှတ်ရာများမရှိသဖြင့် အောက်ကျနောက်ကျခံနေရခြင်းမှ ကင်းဝေးစေရန်လည်းကောင်း၊ ကမ္ဘာ့ရွာ ခေတ်ကာလ ဘက်ပေါင်းစုံမှ တိုးဝှေ့လာသော အယူအဆ အမျိုးမျိုးတို့ကို အားကောင်းသောအခြေခံမှစ၍ သိရှိထားမှသာ အယူဝါဒမတိမ်းမပါးရှိပေမည်။

မိမိတို့ဘိုးဘွားမိဘတို့ ကြည်ညိုဆည်းကပ်နှစ်သက်မြတ်နိုးကိုးကွယ်ခဲ့သော ဘာသာ၊ သာသနာ၏ နိုင်ငံအတွင်းအနှံ့ ပျံ့နှံ့ရောက်ရှိခဲ့ကြခြင်းသည် မင်းအမိန့်အာဏာဖြင့် ဆည်းကပ်ကိုးကွယ်ခဲ့ခြင်းမဟုတ်ပေ။ ကောင်းမြတ်သောအယူဝါဒဟူသည် ပန်းသတင်းလေညင်းဆောင် ဆိုသကဲ့သို့ မြန်မာပြည်သူပြည်သားများအသဲနှလုံးထဲတွင် အစဉ်တည်ရှိကြည်ညိုဆည်းကပ်နေရာမှ ပျံ့နှံ့သွားခဲ့ရာ နိုင်ငံနယ်နိမိတ်ကျော်လွန်၍ အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် ကမ္ဘာအနှံ့တိုင်ပင်ဖြစ်ပေသည်။ အိမ်နီးချင်း ဆွေမျိုးမိတ်ဆွေများအား လက်ဆင့်ကမ်းမျှဝေခံစားနိုင်ကြရန်ဖြစ်ပြီး မျိုးဆက်သစ်တို့အတွက် အထောက်အထားခိုင်ခိုင်မာမာ ရပ်တည်ချက်ရှိစေရန်အတွက်နှင့် ၄၄ တောင်အနက်ရှိ ကျောက်ဖျာချပ်အတွင်း မြတ်စွာဘုရားရှင်၏ သဓိဝဓာတ်ဆံတော်များအား ဗိုလ်တထောင်ဆံတော်တွင်း၌ တည်ရှိနေပုံကို ဝေနေယျတို့ဖူးမြော်၍ ကုသိုလ်အကျိုးများတိုးပွားကြစေခြင်းငှာ ရေးသားဖော်ပြခြင်းဖြစ်ပေသည်။

**စာကိုး။ (၁) ရွှေတိဂုံစေတီတော် တိဂုမ္ဘစေတီယထောမနာကျမ်း**
**(၂) ရွှေတိဂုံအောင်မြေမှ အံ့ဖွယ်ကိုးပါး**
**(၃) ဆရာတော်ကြီးများ၏ ပဋ္ဌာန်းပရိတ်တရားတော်များ EVD အခွေ**

❑❑❑

## သန်လျင်သားဖွားသင်တန်းကျောင်း ဦးဆောင်းအပ်နှင်းပွဲကျင်းပ

**သန်လျင် မေ ၁၀**

ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန သန်လျင်သားဖွားသင်တန်းကျောင်း၏ တတိယအကြိမ်မြောက် ပထမနှစ် ဘက်စုံသားဖွားသင်တန်း ဦးဆောင်းအပ်နှင်းပွဲကို မေ ၇ ရက် နံနက် ၉ နာရီက သန်လျင်မြို့ရှိ သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ရှေးဦးစွာ သန်လျင်အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာချိုချိုလွင်က အမှာစကားပြောကြားပြီး သင်တန်းကျောင်းအုပ် ဒေါ်နီနီချိုက ပထမနှစ်ကျောင်းသူ ၄၃ ဦးအား သူနာပြုဦးဆောင်းအပ်နှင်းလိုက်သည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သူနာပြုနှင့် နီးနွယ် သင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သန်းဝင်း (သန်လျင်)**

ကုသိုလ်လည်းရ
ဝမ်းလည်းဝ
ကျသင့်အခွန်
တို့ကျေပွန်




သဘာဝအချိုရည်၊ဂျယ်လီ၊သစ်သီးယို၊ရေခဲမုန့်၊နိုင်ငံခြားမုန့်ဖုတ်သင်တန်း
ရှားစောင်းလက်ပတ်အချိုရည်၊အဆီကျဖျော်ရည်၊မစ်ရှိတ်၊ပူတင်း၊ဒိန်ချဉ်နှင့်အအေးဆိုင်ဖွင့်နည်း၊ဆော့စ်ဝိုင်၊

| | | | | |
|---|---|---|---|---|
| 1 | 14.5.15 မှ 20.5.15 | 3 | 20.5.15 မှ 26.5.15 | ကိတ်၊ကွတ်ကီး၊Puff၊ပေါင်မုန့်၊ |
| 2 | 17.5.15 မှ 23.5.15 | 4 | 23.5.15 မှ 29.5.15 | Pizzaနှင့်နိုင်ငံခြားမုန့်မျိုးစုံ |

ROYAL SUN စားသောက်ကုန်သင်တန်း အမှတ်-26၊သစ်တောလမ်း
အလုံစာတိုက်အနီး၊အလုံမြို့နယ်၊ရန်ကုန်။ 01-212651,09-30309551

တရုတ်
စကားပြောရုံပဲဆိုရင်
(တရုတ်)စာမတတ်လည်းပြောလို့ရတယ်။
Sayar.Yang
ENGLISH
Conversation Practice
ပြောလို့ပြီးပြောမတတ်သူ
ပြောတတ်ပြီးပြောမထွက်သူအတွက်
စကားပြောလေ့ကျင့်သင်တန်း
Great Wall
စကားပြော ၊ စကားပြန်
TAMWE - 540714, 09 5183636
09 420230133

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ Lok Virsa National Heritage Museum ကြည့်ရှုလေ့လာ



**နေပြည်တော် မေ ၁၀**

ပါကစ္စတန်နိုင်ငံတွင် ချစ်ကြည်ရေးခရီးရောက်ရှိနေသောတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့သည် မေ ၉ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် အစ္စလာမ္မာဘတ်မြို့ရှိ Lok Virsa National Heritage Museum သို့ ရောက်ရှိကြပြီး ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။**(ယာပုံ)**

အဆိုပါ Lok Virsa National Heritage Museum သည် ပါကစ္စတန်နိုင်ငံ၏ အကြီးဆုံးသောယဉ်ကျေးမှုဆိုင်ရာပြတိုက်တစ်ခုဖြစ်ပြီး ပါကစ္စတန်နိုင်ငံအတွင်း အမျိုးမျိုးကွဲပြားခြားနားသည့် လူနေမှုပုံစံပြခန်း၊ မြေအိုးမြေခွက်ပြခန်း၊ ဂီတနှင့် အထည်အလိပ်ပြခန်း၊ ချည်ထည်ပန်းထိုးပြခန်း၊ လက်ဝတ်ရတနာပြခန်း၊ ရုပ်ပွားတော်နှင့် ရုပ်ပုံကားချပ်ပြခန်း၊ နိုင်ငံဆေးရေးပန်းချီပြခန်း၊ အင်္ဂတေအတတ်ပညာပြခန်း၊ သတ္တုထည်ပြခန်း၊ ဖောင်းကြွပုံနှိပ်ပြခန်း စသည်ဖြင့် ကဏ္ဍမျိုးစုံစွာ ခင်းကျင်းပြသထားကြောင်း သိရသည်။ **(မြဝတီ)**



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ ပါကစ္စတန်နိုင်ငံမှ ဆားဘီးယားနိုင်ငံသို့ ဆက်လက်ထွက်ခွာ

**နေပြည်တော် မေ ၁၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် မေ ၉ ရက် ဒေသစံတော်ချိန် ည ၉ နာရီ ၂၅ မိနစ်တွင် ပါကစ္စတန်နိုင်ငံ အစ္စလာမ္မာဘတ်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ မေ ၁၀ ရက် ဒေသစံတော်ချိန် နံနက် ၆ နာရီတွင် ဆားဘီးယားနိုင်ငံ ဘဲလ်ဂရိတ်မြို့ Nikola Tesla လေဆိပ်သို့ ရောက်ရှိကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ဆားဘီးယားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ State Secretary H.E. Mr. Zoran Dordevic၊ Brig- Gen.S. Joksimovic၊ ဆားဘီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဇော်ထွန်းနှင့်ဇနီး၊ သံမှူးကြီး ဦးအောင်ကျော်မိုးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။**(ဝဲပုံ)**

**(မြဝတီ)**

# ဒိုက်ဦးမြို့နယ် ဒိုးတန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာန လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ဒိုက်ဦး မေ ၁၀**

ပဲခူးတိုင်းဒေသကြီး(အရှေ့) ဒိုက်ဦးမြို့နယ် ဒိုးတန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာန လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို မေ ၇ ရက် နံနက် ၈ နာရီက ကျေးလက်ကျန်းမာရေးဌာန အဝင်မုခ်ဦး၌ ကျင်းပရာ တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အလှူရှင် ဦးသန်းနိုင်က ဒိုးတန်းကျေးလက်ကျန်းမာရေးဌာနအား လှူဒါန်းရသည့်အကြောင်းရင်းနှင့် လှူဒါန်းထားမှုကို ရှင်းလင်းပြောကြားပြီး အလှူရှင်က ဒိုးတန်းကျေးလက်ကျန်းမာရေးဌာနနှင့် ပတ်သက်သော စာရွက်စာတမ်းများနှင့် ဆေးပဒေသာပင် ကျပ်သိန်း ၃၀ အား လွှဲပြောင်းပေးအပ်လှူဒါန်းသည်။

ဒိုးတန်းကျေးလက်ကျန်းမာရေးဌာနအား ရန်ကုန်မြို့ မြန်မာစံတော်ဝင်ကျောက်မျက်ရတနာကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးသန်းနိုင်-ဒေါ်အေးအေးဝင်း မိသားစုက ငွေကျပ်သိန်း ၃၃၀ မတည်၍ ကျေးရွာနေပြည်သူများက ငွေကျပ် ၆၅ သိန်းနှင့် နိုင်ငံတော်က ပံ့ပိုးငွေကျပ် ၁၃၅ သိန်း စုစုပေါင်း ကျပ်သိန်း ၅၃၀ ဖြင့် တည်ဆောက်ထားသော ပေ ၆၀ × ပေ ၃၀ အုတ်ညှပ်တစ်ထပ်အဆောက်အအုံ ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်(IPRD)**



# မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များပြိုကျပျက်စီး ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့ သွားရောက်ကူညီ

**နေပြည်တော် မေ ၁၀**

မေ ၈ ရက် ည ၇ နာရီ ၁၅ မိနစ်မှ ၁၀ နာရီထိ မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် ငါန်းမြှာကျေးရွာ သိမ်တော်ရပ်ရှိ နေအိမ်တစ်လုံး ပြိုကျ၊ နေအိမ်တစ်လုံးအမိုးလန်ပြီး သဖန်းသာကျေးရွာရှိ နေအိမ် ၁၅ လုံးအမိုးလန်ခဲ့သဖြင့် စုစုပေါင်း တန်ဖိုးငွေကျပ် ၁၇၇၃၀၀၀ ခန့် ဆုံးရှုံးခဲ့ရာ ငါန်းဇွန်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးနှင့် ဝန်ထမ်းများ၊ စည်ပင်သာယာဝန်ထမ်းများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ကျေးရွာနေပြည်သူများနှင့် ပူးပေါင်း၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အလားတူ ထိုနေ့ ည ၉ နာရီ ၄၅ မိနစ်မှ မေ ၉ ရက် ၀၀:၄၅ ထိ စဉ့်ကိုင်မြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် ရန်ကုန်-မန္တလေး ကားလမ်းတစ်လျှောက်ရှိ ကြော်ငြာဆိုင်းဘုတ်ခုနစ်ခုယိုင်လဲ၊ ရန်အောင်မြင်ရပ်ကွက်ရှိ နေအိမ်တစ်လုံး အုန်းပင်ပိ၍ပျက်စီး၊ ဒေါင့်ကြီးကွေ့ကျေးရွာရှိ နေအိမ်အလုံး ၅၀ အမိုးလန်ပျက်စီး၊ တအုံကျေးရွာရှိ နေအိမ်တစ်လုံး သစ်ပင်ပိ၍ ပြိုလဲပျက်စီး၊ ဇော်ဂျီကျေးရွာရှိ နေအိမ် အလုံး ၂၀ အမိုးလန်ပျက်စီး၊ ညောင်ပင်ကြီးကျေးရွာရှိ နေအိမ်လေးလုံး သစ်ပင်ပိ၍ ပျက်စီး၊ နေအိမ် ၁၃ လုံး အမိုးလန်ပျက်စီး၊ အုန်းလက်ကောက်ကျေးရွာရှိ နေအိမ်တစ်လုံး ပြိုကျပျက်စီး၊ မုန်ပင်ကျေးရွာရှိ နေအိမ်နှစ်လုံးယိုင်လဲ၊ ပလိပ်မြွေဘုရားဝင်းအတွင်းရှိ စေတီ ခုနစ်ဆူ ထီးတော်စောင်း၊ တန်ဆောင်းလေးခု သစ်ပင်ပိပျက်စီး၊ ပလိပ်အခြေခံပညာအထက်တန်းကျောင်း အမိုးသွပ်ခုနစ်ချပ်လန်၊ မူလတန်းကျောင်းဆောင်ယိုင်နဲ့၊ အရန်မီးသတ်ရုံး အမိုးလန်ပျက်စီး၊ ညောင်ပင်သာရပ်နှင့် သရက်ချောင်းရပ်ကွက်ဝန်းကျင်တို့ရှိ လျှပ်စစ်မီးတိုင် ၁၀ တိုင်လဲကျခဲ့ပြီး စုစုပေါင်း တန်ဖိုးငွေကျပ် ၁၄၂၁၁၀၀၀ ခန့် ဆုံးရှုံးခဲ့ရာ အဆိုပါနေရာများသို့ စဉ့်ကိုင်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ စဉ့်ကိုင်မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာဝန်ထမ်းများ၊ လျှပ်စစ်ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများပါဝင်သည့် ပူးပေါင်းအဖွဲ့က သွားရောက်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ရဲပြန်ကြား)**



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကညွတ်ကွင်းနှင့် ဖြူးမြို့တို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှု



**နေပြည်တော် မေ ၁၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးသိန်းဆွေ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ ပဲခူးတိုင်းဒေသကြီး ကညွတ်ကွင်းမြို့သို့ နံနက် ၉ နာရီတွင် ရောက်ရှိသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ ကွင်းအမှတ် (၁၈၈-ဂ/ဃ)၌ ကွန်းချောင်းလျှပ်စစ်ရေတင်စနစ်ကို အသုံးပြု၍ အဆင့်မြင့်လယ်ယာမြေ ၃၀၇ ဒသမ ၃၃ ဧက ဖော်ထုတ်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကညွတ်ကွင်းမြို့ မြို့မခန်းမ တည်ဆောက်မည့်မြေနေရာကိုကြည့်ရှုကာ ကညွတ်ကွင်းမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး တာဝန်ကျ ဆရာဝန်၊ သူနာပြုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။**(ယာပုံ)**

ထို့နောက် ကညွတ်ကွင်းမြို့ ဓမ္မာရုံတည်ဆောက်မှုလုပ်ငန်းကိုကြည့်ရှုပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဖြူးမြို့နယ် ပြည်သူ့ဆေးရုံ တိုးချဲ့လူနာဆောင် တည်ဆောက်မှုလုပ်ငန်းနှင့် မြို့တော်ခန်းမ တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်းပြီးစီးရေး မှာကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ဖြူးမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**

## ပညာသိဒ္ဓိရပ်ကွက်ဓမ္မာရုံ၌ တည်ထားကိုးကွယ်မည့် ကိုးတောင်ပြည့်စေတီ ပန္နက်တင်အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၁၀**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ပညာသိဒ္ဓိရပ်ကွက်ရှိ ဓမ္မာရုံ၌ တည်ထားကိုးကွယ်မည့် ကိုးတောင်ပြည့်စေတီ ပန္နက်တော်တင် မင်္ဂလာအခမ်းအနားနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်တက်ရောက်၍ ပန္နက်တော်တင်ကာ အလှူငွေများပေးအပ်ခဲ့သည်။

ထို့နောက် နေပြည်တော်ရှိ ဝန်ထမ်းများ အားကိုးအားထားပြုရသည့် မြို့မဈေးနှင့် သပြေကုန်းဈေးများသို့သွားရောက်ပြီး ဈေးရောင်းချနေသည့် ဈေးသည်များနှင့်တွေ့ဆုံကာ ဈေးလာရောက်ဝယ်ယူနေသည့် ဝန်ထမ်းများနှင့် ကျေးရွာသူ ကျေးရွာသားများအား ခင်မင်ရင်းနှီးစွာတွေ့ဆုံ၍ ဈေးဝယ်ယူရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ဈေးတာဝန်ခံများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် မြစိမ်းရောင်ကျေးရွာစီမံကိန်းများကို တာဝန်ယူဆောင်ရွက်နေသော ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကိုကိုနိုင်က ရွာတောကျေးရွာနှင့် ဂုံမင်းအင်းကျေးရွာရှိ တောင်သူများအား မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်သည့် အချက်အလက်များ ရှင်းလင်းပြောကြားနေမှုကိုကြည့်ရှုပြီး ဇမ္ဗူသီရိမြို့နယ်တွင် မြစိမ်းရောင်ကျေးလက်စီမံကိန်းမှရရှိသည့် ဖွံ့ဖြိုးရေးဆိုင်ရာများနှင့် ဆက်လက်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## သာစည်မြို့နယ် ကျန်းမာရေးဦးစီးဌာနသို့ ခွေးရူးပြန်ရောဂါကာကွယ်ဆေးအလုံး ၂၀၀ ထပ်မံထောက်ပံ့ပေး ခွေးကိုက်ခံလူနာများအား ကာကွယ်ဆေးထိုးနှံနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရ

**နေပြည်တော် မေ ၁၀**

သာစည်မြို့ပေါ်ရပ်ကွက်များနှင့် ကျေးလက်ဒေသအချို့တွင် ယခုရက်ပိုင်းအတွင်း ခွေးရူးကိုက်ခံရသည့်သူများ များပြားလျက်ရှိပြီး ဆေးရုံကြီးတွင် ခွေးရူးပြန်ရောဂါကာကွယ်ဆေးလုံလောက်မှုမရှိသဖြင့် ပြင်ပမှ ဆေးများကို ဈေးကြီးပေး၍ဝယ်ယူထိုးနှံနေကြရကြောင်း သတင်းအရ ပြည်သူ့ကျန်းမာရေးဦးစီးဌာန(နေပြည်တော်)မှ ညွှန်ကြားရေးမှူး(ရောဂါနှိမ်နင်းရေး)နှင့်အဖွဲ့များ၊ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့်အဖွဲ့ဝင်များသည် မေ ၁၀ ရက်က သာစည်မြို့နယ် ကျန်းမာရေးဦးစီးဌာနသို့ သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ကွင်းဆင်းစစ်ဆေးချက်အရ မြို့နယ်ဆေးရုံရှိ လူနာမှတ်ပုံတင်စာအုပ်များကိုစိစစ်ရာ ၂၀၁၅ ခုနှစ် မတ်လတွင် ခွေးရူးကိုက်ခံရသည်ဟုယူဆရသူ တစ်ဦးသာရှိခဲ့ပြီး ခွေးရူးရောဂါလူနာ၊ ခွေးရူးရောဂါဖြင့် သေဆုံးသောလူနာ မရှိကြောင်း၊ သို့ရာတွင် ခွေးကိုက်၊ ကြောင်ကိုက်ခံရ၍ လာရောက်ပြသသော လူနာများကို ပြင်ပလူနာဌာနတွင် ခွေးရူးပြန်ရောဂါကာကွယ်ဆေးထိုးနှံပေးလျက်ရှိကြောင်း၊ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလကုန်တွင် ခွေးရူးပြန်ရောဂါကာကွယ်ဆေးစာရင်းပိတ်လက်ကျန်အလုံး ၅၀ ရှိပြီး ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ မေ ၈ ရက်အထိ ကာကွယ်ဆေး အလုံး ၇၇၀ လက်ခံရရှိသုံးစွဲခဲ့ရာ ယနေ့အထိ လက်ကျန် ၁၇၄ လုံးရှိသည်ကို တွေ့ရှိရကြောင်း ဖော်ပြထားသည်။

ထို့ပြင် ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် ခွေးကိုက်ခံရသည့် လူနာအသစ် ၅၈ ဦးရှိပြီး လူနာအသစ်နှင့် အဟောင်း ၁၅၄ ဦးအားလည်းကောင်း၊ ဖေဖော်ဝါရီလတွင် လူနာအသစ် ၂၂ ဦးရှိပြီး လူနာအသစ်နှင့် အဟောင်း ၁၁၂ ဦးအားလည်းကောင်း၊ မတ်လတွင် လူနာအသစ် ၆၃ ဦးရှိပြီး လူနာအသစ်နှင့် အဟောင်း ၂၁၂ ဦးအားလည်းကောင်း၊ ဧပြီလတွင် လူနာအသစ် ၁၉ ဦးရှိပြီး လူနာအသစ်နှင့်အဟောင်း ၁၂၆ ဦးအားလည်းကောင်း၊ မေလတွင် လူနာအသစ် ၁၂ ဦးရှိပြီး လူနာအသစ်နှင့်အဟောင်း ၄၂ ဦးအားလည်းကောင်း ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် မေလတွင် ဆေးပြတ်လပ်မှုမရှိခဲ့ဘဲ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် ရက်အနည်းငယ်ဆေးပြတ်လပ်မှုရှိခဲ့သဖြင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးက မိတ္ထီလာဆေးရုံကြီးသို့ ညွှန်ပို့ကုသစေခဲ့သည်ကို တွေ့ရှိရကြောင်း၊ ယနေ့တွင် သာစည်မြို့နယ်ကျန်းမာရေးဦးစီးဌာနသို့ ခွေးရူးပြန်ရောဂါကာကွယ်ဆေးအလုံး ၂၀၀ ထပ်မံထောက်ပံ့ပေးခဲ့ပြီး ခွေးကိုက်ခံလူနာများအား ဆေးအပြည့်ထိုးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## သကြၤန်အလွန် မတ်ပဲနှင့် ဆန်ဈေးများတက်သော်လည်း စိုက်ပျိုးသူလယ်သမားများ အကျိုးအမြတ်နည်းပါး

**ဖြူး မေ ၁၀**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်တွင် သင်္ကြန်အလွန် မတ်ပဲဈေးနှင့် ဆန်ဈေးများမြင့်တက်ခဲ့သော်လည်း စိုက်ပျိုးထုတ်လုပ်သူ လယ်သမားများမှာ တက်ဈေးကို မစောင့်နိုင်ဘဲ ပေါ်ဦးပေါ်ဖျား မတ်လထဲတွင် မတ်ပဲတစ်တင်းကျပ် ၂၂၀၀၀ မှ ကျပ် ၂၃၀၀၀ ဈေးနှင့်သာ ရောင်းချခဲ့ရပြီး ထိုအချိန်က ဆန်ဈေးမှာလည်း ငစိန်အုပ်စုဖြစ်သည့် မနောထွန်း၊ မနောသုခ၊ ရောမင်း၊ ဗျော့ထွန်း၊ သုခ(၁)၊ သုခ(၂) ဆန်တစ်တင်းလျှင် ဆန်အရည်အသွေးအလိုက် တစ်တင်းခွဲအိတ် တစ်အိတ် ကျပ် ၁၃၅၀၀ မှ ကျပ် ၁၄၅၀၀၊ ကောက်ကြီးအုပ်စု ဘေးကြား၊ တောင်ပျံနှင့် တောင်ပျံမွှေး တစ်တင်း ခွဲအိတ်ကျပ် ၂၆၅၀၀ မှ ကျပ် ၂၇၅၀၀ ဈေးနှင့်သာ ရောင်းချခဲ့ရသည်။

ယခု သင်္ကြန်လွန်ကာလတွင် တိုက်ရိုက်စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများထံ၌ ရောင်းချစရာ မတ်ပဲနှင့် ဆန်များ မရှိသလောက်နည်းပါးခဲ့ပြီး ကုန်သည် ပွဲစားများလက်ထဲ ရောက်ရှိမှသာ မတ်ပဲနှင့် ဆန်များမှာ ဈေးနှုန်းများ မြင့်တက်လျက်ရှိသည်။ ငစိန်အုပ်စု ကောက်ငယ်ဆန် တစ်တင်းခွဲ တစ်အိတ်ကျပ် ၂၁၀၀၀ မှ ကျပ် ၂၂၀၀၀၊ မတ်ပဲတစ်တင်းကျပ် ၃၈၀၀၀ မှ ကျပ် ၃၉၀၀၀ အထိ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ဈေးတက်၍ အရောင်းအဝယ်ဖြစ်ချိန်တွင် လယ်သမားလက်ထဲတွင် ရောင်းရန် မတ်ပဲနှင့် ဆန်များ မရှိတော့သဖြင့် လယ်သမားများမှာ အကျိုးအမြတ်နည်းပါးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ တောင်သူလယ်သမားအများစုကတော့ ငွေကြေးချို့တဲ့ကြတာကြောင့် စပါးတို့၊ မတ်ပဲတို့ စိုက်ချိန်ပျိုးချိန်မှာ စိုက်/ဘဏ်က ချေးငွေနဲ့မလုံလောက်လို့ ဘေးက အတိုးနဲ့ ငွေချေးငှားလုပ်ကိုင်ကြရပါတယ်။ ဒါကြောင့် ဆန်နဲ့ မတ်ပဲတွေ ပေါ်ပေါ်ချင်း အတိုးနဲ့ချေးထားတဲ့ငွေ ပြန်ဆပ်နိုင်ဖို့ ရတဲ့ဈေး၊ ပေါက်တဲ့ဈေးနဲ့ ရောင်းခဲ့ကြရပါတယ်။ အခုမတ်ပဲနဲ့ ဆန်ဈေးတွေ စံချိန်တင်မြင့်တက်တဲ့ အချိန်ကျတော့ ကျွန်တော်တို့ တောင်သူလယ်သမားတွေလက်ထဲမှာ ရောင်းဖို့ မကျန်ကြတော့ပါဘူး။ ဒါကြောင့် တိုက်ရိုက်စိုက်ပျိုးထုတ်လုပ်သူ ကျွန်တော်တို့လယ်သမားတွေအတွက် အကျိုးခံစားမှု နည်းပါးကြပါတယ်ဗျာ"ဟု ဒေသခံလယ်သမားတစ်ဦးက ပြောသည်။

**(ဖြူးမြင့်ဦး)**

## ပြေစာများတွင် အမှတ်တံဆိပ်ကပ်နှိပ်ထုတ်ပေးခြင်း လုပ်ငန်းဆိုင်ရာများနှင့် အခွန်ဥပဒေများအသိပညာပေးရှင်းလင်း

**သထုံ မေ ၁၀**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ စားသောက်ဆိုင်နှင့် တည်းခိုခန်းလုပ်ငန်းရှင်များအား မြို့နယ်အခွန်ဦးစီးဌာနမှ ပြေစာများတွင် အမှတ်တံဆိပ်ကပ်နှိပ်ထုတ်ပေးခြင်းလုပ်ငန်းနှင့်ပတ်သက်သည့် ဥပဒေ၊ စည်းမျဉ်း၊ ညွှန်ကြားချက်များကို မေ ၇ ရက် နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် တွေ့ဆုံအသိပညာပေးရှင်းလင်းခဲ့ကြောင်း သိရသည်။ အဆိုပါရှင်းလင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးအရာရှိ ဦးသိန်းဇံက ၂၀၁၅ ခုနှစ် ဧပြီလ ၂ ရက်နေ့ရက်စွဲဖြင့် ပြည်ထောင်စုလွှတ်တော်တွင်ပြဋ္ဌာန်းခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေတွင်ပါရှိသည့် လိုက်နာရမည့်အချက်များနှင့် ပျက်ကွက်ပါက ကျရောက်မည့်အရေးယူမှုများကို အသေးစိတ်ရှင်းလင်းသည်။ "ဒီဥပဒေမှာ ထူးခြားတာက ပြေစာထုတ်ပေးပေမယ့် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ဖို့ ပျက်ကွက်ရင် မည်သူမဆို အထောက်အထားနဲ့ သတင်းပေးတင်ပြနိုင်တယ်။ သတင်းပေးတဲ့သူကိုလည်း အစိုးရကိစ္စကလွဲပြီး လျှို့ဝှက်ထားပြီးတော့ ပျက်ကွက်တဲ့အတွက် ချမှတ်တဲ့ဒဏ်ကြေးရဲ့ ၁၀ ရာခိုင်နှုန်းကို ဆုကြေးအဖြစ် ချီးမြှင့်ခံရမှာပါ"ဟု ၎င်းက အခမ်းအနားတွင် ရှင်းလင်းပြောကြားသည်။

အဆိုပါအခမ်းအနားတွင် သထုံမြို့မှ တည်းခိုခန်းနှင့် စားသောက်ဆိုင်လုပ်ငန်းရှင် ၂၀ တို့တက်ရောက်ခဲ့ကြပြီး ၎င်းတို့ သိရှိလိုသည်များကိုလည်း ဆွေးနွေးမေးမြန်းခဲ့ကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**

**❐ ရာဇဂြိုဟ်မှ**

ရေတွင်း ၁၂ တွင်း၊ ရေကန်သုံးကန်၊ ခြံစည်းရိုး သုံးခု၊ ဘုံပိုင် ၁၅ ခု၊ ကျွဲ၊ နွားတိရစ္ဆာန်သုံးရေကန် တစ်ကန်၊ ကြက်ဖနက်ရွာတွင် ရေတွင်းနှစ်တွင်း၊ ရေကန်သုံးကန်၊ ခြံစည်းရိုးသုံးခု၊ ဘုံပိုင်ငါးခု၊ ကံလှရွာတွင် ရေတွင်းတစ်တွင်း၊ ကံသာရွာတွင် ရေတွင်းတစ်တွင်း၊ ရေကန်နှစ်ကန်၊ ခြံစည်းရိုးနှစ်ခု၊ ဘုံပိုင်သုံးခု၊ အုတ်ရေကန်နှစ်ကန်၊ ကံဦးရွာတွင် အုတ်ရေကန် နှစ်ကန်၊ ကံကြီးရွာတွင် ကျွဲ၊ နွားတိရစ္ဆာန်သုံးရေကန် သုံးကန် စုစုပေါင်း ကျေးရွာရှစ်ရွာတွင် ရေတွင်း ၂၈ တွင်း၊ ရေကန် ၂၁ ကန်၊ ခြံစည်းရိုး ၂၁ ခု၊ ဘုံပိုင် ၄၈ ခု၊ အုတ်ရေကန်လေးကန်နှင့် ကျွဲ၊ နွား တိရစ္ဆာန်သုံးရေကန် ခြောက်ခုတို့ကို တူးဖော်ပေးခဲ့သည်။ ယခုအခါ တမံအောက်ရှိသော ကျေးရွာရှစ်ရွာမှာ သောက်သုံးရေအလုံအလောက်နှင့် ကျွဲ၊ နွားတိရစ္ဆာန်သုံးရေကန်များပါ ဆည်မြောင်းဌာနက တူးဖော်ပေးခဲ့သဖြင့် ဝမ်းသာကျေးဇူးတင်နေကြသည်။

**တင်လှိုင်(မိတ္ထီလာ)**

**❍ ကျောဖုံးမှ**

ခြေစမ်းပွဲများ ကစားလျက်ရှိသည်။ မြန်မာယူ-၁၈ အသင်းကို ခုနစ်ဂိုး-တစ်ဂိုး၊ မကွေးအသင်းကို နှစ်ဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရထားပြီး မြန်မာ့လက်ရွေးစင်အသင်းနှင့် တစ်ဂိုးစီသရေကျသည်။ မြန်မာယူ-၂၃ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့တွင် လေ့ကျင့်မှုများပြုလုပ်မည်ဖြစ်ပြီး ထိုင်းယူ-၂၃ အသင်း၊ ဗီယက်နမ် ယူ-၂၃အသင်းတို့ အပါအဝင် ခြေစမ်းပွဲလေးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယူ-၂၃ အသင်းခေါင်းဆောင် နေလင်းထွန်းနှင့် တောင်ပံကစားသမား ဇွန်မိုးအောင်တို့မှာ ဒဏ်ရာပြဿနာများနှင့် ရင်ဆိုင်နေရသည်။

ပြည်တွင်းရေးရာ

# ရမည်းသင်းမြို့နယ် ကျေးရွာကိုယ်ထူကိုယ်ထ လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားများ ကျင်းပ



**နေပြည်တော် မေ ၁၀**

ရမည်းသင်းမြို့နယ်လုံးကျွတ် လျှပ်စစ်မီးလင်းရေး စီမံချက် ကျေးရွာ ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် တက်ရောက်အားပေးသည်။

ရှေးဦးစွာ ရမည်းသင်းမြို့နယ် ကြံပင်ကျေးရွာ ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးလင်းရေးဆိုင်းဘုတ်ကို ကြံပင်ကျောင်းတိုက်ဆရာတော် ဦးဝိမလ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီ၊ ထရန်စဖော်မာ အလှူရှင် ဦးမောင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး**(ယာပုံ)** အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက မီးလင်းရေးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ရမည်းသင်းမြို့နယ်တွင် မြို့နယ်လုံးကျွတ် လျှပ်စစ်မီးလင်းရေးစီမံချက်ဖြင့် ဆောင်ရွက်ခဲ့ရာ ကျေးရွာပေါင်း ၂၄၆ ရွာအနက် ၁၅၈ ရွာသို့ လျှပ်စစ်မီးလင်းရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ယင်းတို့တွင် ကျေးရွာ ၅၃ ရွာသို့ ဓာတ်အားလိုင်းမှတစ်ဆင့် လျှပ်စစ်မီးသွယ်တန်း ပေးနိုင်ခဲ့ခြင်း ဖြစ်သည်။

ဖွင့်ပွဲအပြီးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ကြံပင်ကျေးရွာ သာသနပါလကျောင်း ဆရာတော် ဘဒ္ဒန္တဝိမလအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့အတူ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ထန်းတောကျေးရွာ ကိုယ်ထူကိုယ်ထလျှပ်စစ်မီးလင်းရေး ဆိုင်းဘုတ်ကို ထန်းတောကျောင်းတိုက်ဆရာတော် ဦးပညာသာမိ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီ၊ ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်မောင်နှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မီးလင်းရေးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ချောင်းခွ ကျေးရွာ ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးလင်းရေးဆိုင်းဘုတ်ကို ချောင်းခွကျေးရွာဆရာတော် ဦးကောဝိဒ၊ ဒုတိယတိုင်း ဒေသကြီးလျှပ်စစ်မှူး ဦးစိန်ဝင်းမြင့်၊ ကျေးရွာမီးလင်းရေး ကော်မတီဥက္ကဋ္ဌ ဦးသန်းခင်နှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးပြီး မီးလင်းရေးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ် ပေးသည်။

ယင်းနောက် ရမည်းသင်းမြို့နယ် မြို့နယ်လုံးကျွတ် လျှပ်စစ်မီးလင်းရေးစီမံချက် ကျေးရွာကိုယ်ထူကိုယ်ထ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲအောင်ပွဲကို ကန်အောက်ကျေးရွာ ရတနာသာသနာ့ဗိမာန်ကျောင်း၌ကျင်းပရာ ဆရာတော် စန္ဒာသီရိက အနုမောဒနာတရား ဟောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လျှပ်စစ်ဓာတ်အားကို လျှပ်စီးလက်ခြင်းမှတစ်ဆင့် ရှာဖွေသိရှိခဲ့ပါကြောင်း၊ လျှပ်စစ်ဓာတ်ကို အကျိုးရှိစွာ အသုံးချရန်အတွက် လူသားများက တီထွင်ကြံဆခဲ့ပြီး လူသားအကျိုးပြု စွမ်းအင်ဖြစ်အောင် ထုတ်လုပ်ခဲ့ပါကြောင်း၊ လျှပ်စစ်ဆိုသည်မှာ လူသားများကို အကျိုးပြုသကဲ့သို့ အန္တရာယ်လည်း ရှိပါကြောင်း၊ လျှပ်စစ်ဓာတ်အားရရှိသည့်အတွက် စက်မှုလက်မှုကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး ဈေးနှုန်းချိုသာစွာဖြင့်ထုတ်လုပ်နိုင်သည့်အပြင် အလုပ်သမားနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ခဲ့ပါကြောင်း၊ လျှပ်စစ်မီးရရှိပါက တန်ဖိုးရှိသည့် စွမ်းအင်ကိုအကျိုးရှိစွာ အသုံးပြုနိုင်ရန်လိုအပ်ပြီး ချွေတာသုံးစွဲရန်လိုအပ်ကြောင်း၊ ရရှိသည့်လျှပ်စစ်ပေါ်မူတည်ပြီး မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ရန် လိုအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ချောင်းခွတောကျောင်းနှင့် ပေတောကုန်းဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ဆရာတော် သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် ရမည်းသင်းမြို့နယ်လုံးဆိုင်ရာ အမျိုးဘာသာသာသနာ ထိန်းသိမ်းစောင့်ရှောက်ရေး သံဃာတော်များအဖွဲ့က ကြီးမှူးကျင်းပသည့် တတိယအကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာစာမေးပွဲ ကျင်းပနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် နည်းပညာတက္ကသိုလ် (ရမည်းသင်း)နှင့် သာသနာ့ဗိမာန်တို့တွင် ကျင်းပသည့် မူလတန်းအဆင့် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာစာမေးပွဲသို့ အခြေခံပညာ မူလတန်းအဆင့်ကျောင်းသားကျောင်းသူများ ဝင်ရောက်ဖြေဆိုနေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ ယဉ်ကျေးလိမ္မာစာမေးပွဲကို မေ ၉ ရက်မှ ၁၀ ရက်အထိ ကျင်းပခဲ့ပြီး မူလတန်းအဆင့်တွင် ၄၉၆၉ ဦးနှင့် အလယ်တန်းအဆင့်တွင် ၁၄၂၂ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြသည်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မူလတန်းအဆင့်တွင် ဆုရရှိသူသုံးဦးအတွက် ငွေကျပ် သုံးသိန်းနှင့် အလယ်တန်းအဆင့်တွင် ဆုရရှိသူ သုံးဦးအတွက် ငွေကျပ် လေးသိန်းခွဲ ဆုချီးမြှင့်ရန် ပေးအပ်လှူဒါန်းခဲ့သည်။

**(သတင်းစဉ်)**



# ကျွန်းစုမြို့နယ် ဆလုံတိုင်းရင်းသားများအား စောင့်ရှောက်ထောက်ပံ့

**ကျွန်းစု မေ ၁၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ရေမြစ်ကြီး ကျေးရွာအုပ်စု ဒုံးပုလဲအော်ကျေးရွာနေ ဆလုံတိုင်းရင်းသားများ၏ လူမှုဘဝပုံစံများကို လေ့လာရန်နှင့် ဆလုံတိုင်းရင်းသားလူမျိုးများအား ပညာရေး၊ ကျန်းမာရေးအခြေအနေများကို ကြည့်ရှုဆောင်ရွက်ပေးနိုင်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ကျွန်းစုမြို့နယ် ဒုံးပုလဲအော်ကျေးရွာသို့ မေ ၁၀ ရက်က သွားရောက်စောင့်ရှောက်ထောက်ပံ့ပေးသည်။

အဆိုပါကျေးရွာတွင် နေထိုင်လျက်ရှိကြသည့် ဆလုံတိုင်းရင်းသားလူမျိုးများ၏ ပညာရေးနှင့် ကျန်းမာရေးအတွက် စီစဉ်ဆောင်ရွက်ပေးထားမှုအခြေအနေများ၊ ကျေးလက်ကျန်းမာရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လူမှုနေထိုင်မှုဘဝပုံစံများကို ကြည့်ရှုကြကာ ကျန်းမာရေး အခြေအနေများကို ကြည့်ရှုစစ်ဆေးပေးပြီး**(ဝဲပုံ)** လိုအပ်သောဆေးဝါးများ၊ ကျောင်းသုံးဗလာစာအုပ်များ၊ အဝတ်အထည်များ၊ စားသောက်ဖွယ်ရာများနှင့် အိမ်သုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။ **ကျွန်းစု (ပြန်/ဆက်)**

# နေပြည်တော်စည်ပင်သာယာရေးကော်မတီ ပရဟိတကျောင်းသို့ ဆန်၊ ဆီ၊ ပဲ၊ ဆား လှူဒါန်း

**နေပြည်တော် မေ ၁၀**

နေပြည်တော်စည်ပင်သာယာရေးကော်မတီက စမတောင်ပရဟိတ လူငယ်ဖွံ့ဖြိုးရေးကျောင်းသို့ အခြေခံစားကုန် လေးမျိုး(ဆန်၊ ဆီ၊ ပဲ၊ဆား)တို့အား လစဉ်လှူဒါန်းထောက်ပံ့လျက်ရှိရာ (၃၇) ကြိမ်မြောက် လှူဒါန်းခြင်းအခမ်းအနားကို အဆိုပါ စမတောင်ပရဟိတ လူငယ်ဖွံ့ဖြိုးရေးကျောင်း အောင်ဇမ္ဗူဗိမာန်၌ ယနေ့ နံနက်ပိုင်းက ကျင်းပရာ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေး ဌာနမှူး ဦးဝင်းနိုင် ဦးဆောင်ပြီး လယ်ဝေးမြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်ဦး၊ ပျဉ်းမနားမြို့နယ်စည်ပင်သာယာရေး အုပ်ချုပ်ရေးမှူးရုံးမှ ဦးစီးအရာရှိ ဦးမောင်မောင်တို့ ပါဝင်သော လှူဒါန်းရေးအဖွဲ့က သွားရောက်လှူဒါန်းခဲ့သည်။

စမတောင်ပရဟိတ လူငယ်ဖွံ့ဖြိုးရေးကျောင်းသို့ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ၂၀၁၂ ခုနှစ် မေလမှစတင်၍ အခြေခံလိုအပ်သည့် စားကုန် လေးမျိုး(ဆန် အိတ် ၅၀၊ ဆီပိဿာ ၃၀၊ ပဲ ပိဿာ ၅၀၊ ဆား ပိဿာ ၃၀) တို့အား လစဉ်လှူဒါန်းခဲ့ရာ ယနေ့ (၃၇) ကြိမ်မြောက်အထိ စုစုပေါင်းငွေကျပ် ၃၅၁ သိန်းကျော် တန်ဖိုးရှိ အခြေခံစားကုန်များ လှူဒါန်းခဲ့ပြီးဖြစ်သည်။

နေပြည်တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် နေပြည်တော် လယ်ဝေးမြို့နယ် သာဝတ္တိမြို့နှင့် လေးမိုင်ခန့်အကွာ အလယ်ရိုးမပေါ်ရှိ စမတောင်ပေါ်မှ မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေးကျောင်းရှိ မိဘမဲ့ကျောင်းသား ကျောင်းသူ ၄၀၀ ကျော်အတွက် နေထိုင်စားသောက်ရေး၊ ပညာသင်ကြားရေးတို့အတွက် ထောက်ပံ့လှူဒါန်းခဲ့ရာ ၉-၆-၂၀၁၁ ရက်တွင် ပညာသင်စရိတ်နှင့်ကျောင်းဝတ်စုံ ထောက်ပံ့လှူဒါန်းခြင်းအတွက်ငွေကျပ် ၂၀၀ ဒသမ ၃၅ သိန်းနှင့်ငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်းအတွက် ငွေကျပ် သိန်း ၃၀၀၊ ၁၆-၉-၂၀၁၂ ရက်တွင် အိပ်ရာနှင့် အသုံးအဆောင်ပစ္စည်းများကိုလည်းကောင်း၊ ၂-၁၂-၂၀၁၂ ရက်တွင် သုံးထပ်စာသင်ကျောင်းဆောင် (အလျား ၉၅ ပေ၊ အနံ ၇၂ပေ) ဆောက်လုပ်လှူဒါန်းခြင်းအတွက် ကုန်ကျငွေကျပ် ၇၉၉ ဒသမ ၄၀ သိန်း၊ စားချက်ဆောင် (အလျား ပေ ၉၀၊ အနံ ပေ ၄၀) ဆောက်လုပ်လှူဒါန်းခြင်းအတွက် ငွေကျပ် ၆၃၅ သိန်းနှင့် ထမင်းစားပွဲ ၁၄ လုံးနှင့်ထိုင်ခုံ ၈၄ လုံးတို့အတွက် တန်ဖိုးငွေကျပ် ၂၉ ဒသမ ၇၀ သိန်းတို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**(၁၀၇)**



# ထူးချွန်ကြက်ခြေနီ ချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် မေ ၁၀**

ရှေးဦးပြုစုခြင်း အခြေခံသာမန်စခန်းသင်တန်းဆင်းလက်မှတ်၊ ထူးချွန်ဆုချီးမြှင့်ခြင်းနှင့် တပ်ဖွဲ့ဝင်များဂုဏ်ပြုဆုချီးမြှင့်ခြင်းကို မေ ၉ ရက် နံနက် ၉ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံ သင်တန်းခန်းမ၌ ကျင်းပသည်။ မြို့နယ်ကြက်ခြေနီ အသင်းဥက္ကဋ္ဌ မြို့နယ်ကျန်းမာရေး ဦးစီးမှူး ဒေါက်တာခင်ရူပါစိုးနှင့် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ဦးစီးမှူး ပထမတန်း ဦးမျိုးမင်းနောင်တို့ တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

မြို့နယ်ကြက်ခြေနီတပ်ရင်းမှူး၊ မြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်မှူး ဦးသန်းမြင့်ဦးနှင့်မြို့နယ်/ ရပ်ကွက်/ ကျေးရွာအုပ်စု ကြက်ခြေနီခွဲမှူး၊စိတ်မှူးများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် သင်တန်းဆင်း သင်တန်းသား သင်တန်းသူများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ စုစုပေါင်း ၁၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။ **(၃၂၉)**

# လေပြင်းတိုက်ခတ်မှု၊ ဓာတ်တိုင်ပြိုလဲမှုနှင့် ဓာတ်အားပေးစက်ရုံပြုပြင်ထိန်းသိမ်းနေမှုများကြောင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်ခြင်းဖြစ်

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်မီးသုံးစွဲသူ ပြည်သူများသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရာတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ၊ အဆင်မပြေမှုများနှင့် အန္တရာယ်ဖြစ်ပေါ်နိုင်သည့် အခြေအနေများအတွက် လျှပ်စစ်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို ၂၄ နာရီ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။**

**မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့သည် လူဦးရေ ၅ ဒသမ ၇ သန်းခန့်နေထိုင်ပြီး နိုင်ငံ၏လျှပ်စစ်ဓာတ်အားရရှိမှု ထက်ဝက်ကျော်ကို ရန်ကုန်တိုင်းဒေသကြီးအတွင်း သုံးစွဲလျက်ရှိသည်။**

**မဟာသင်္ကြန်ကာလနောက်ပိုင်း ရာသီဥတုကြောင့် လျှပ်စစ်မီးပြတ်တောက်မှုများ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်အချို့တွင် ဖြစ်ပေါ်ခဲ့သည်။ လျှပ်စစ်ဓာတ်အား ပြတ်တောက်ရခြင်းနှင့်စပ်လျဉ်း၍ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ယာယီကြီးကြပ်မှုအဖွဲ့ အဖွဲ့ဝင် (၁) ဦးအောင်ခိုင်နှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။**



**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ယာယီကြီးကြပ်မှုအဖွဲ့ အဖွဲ့ဝင်(၁) ဦးအောင်ခိုင်**

**မေး။ ။ မဟာသင်္ကြန်ကာလပြီးနောက်ပိုင်း ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်တချို့ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုတွေ ကြုံတွေ့နေရပါတယ်။ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုနဲ့ပတ်သက်ပြီး ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။သင်္ကြန်ကာလနောက်ပိုင်း ရန်ကုန်မြို့မှာ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု စိပ်စိပ်လေးဖြစ်လာပါတယ်။ ဘာကြောင့်ဖြစ်တယ်ဆိုတာလည်း အခြေခံအချက်တွေရှိပါတယ်။ သင်္ကြန်ကာလနောက်ပိုင်း ဧပြီ ၂၃ ရက်ကစပြီး ဧပြီ ၂၇ ရက်အထိ အပူချိန်မြင့်မားမှုကြောင့် ဖြစ်ပေါ်လာတဲ့ မိုးတိမ်တောင်အမြင့်ကြီးတွေကနေပြီးတော့ စိုက်ဆင်းလေပြင်းဆိုပြီးတော့ မိုးသက်လေပြင်းတွေ ကျခဲ့ပါတယ်။ နေ့တိုင်းလိုလို အခြေအနေဆိုးခဲ့ပါတယ်။ လက်ရှိ ဓာတ်အားဖြန့်ဖြူးပေးနေတဲ့စနစ်က ကောင်းတဲ့ ဓာတ်အားလိုင်းတွေနဲ့တည်ဆောက်ထားပါတယ်။ အများစုက ကောင်းတဲ့ဓာတ်အားလိုင်းတွေပါ။ လေတအား တိုက်တော့ ဓာတ်အားပေးနေတဲ့ ဓာတ်အားလိုင်းတွေက ခံနိုင်ရည်မရှိပါဘူး။ ဓာတ်အားလိုင်း အချင်းချင်း၊ ဓာတ်အားလိုင်းနဲ့ သစ်ပင်တွေနဲ့ ပွတ်တိုက်မှုဖြစ်တဲ့အခါ Short Circut လို့ခေါ်တဲ့ လျှပ်စစ်ဓာတ်အား အပြစ်တွေ ဖြစ်ပေါ်လာတယ်။

ဒီလိုဖြစ်ပေါ်လာတဲ့အခါမှာ ဓာတ်အားပေးလို့ မရတဲ့ အခြေအနေနဲ့ ဓာတ်အားပြတ်တောက်မှုတွေဖြစ်ခဲ့တယ်။ ဧပြီ ၂၃ ရက်က တစ်မြို့လုံး ဓာတ်အားပေးနိုင်မှု မရှိအောင် အခြေအနေဆိုးသွားတယ်။ ရန်ကုန်မှာ သာမက တစ်နိုင်ငံလုံးမှာ နေရာအနှံ့ လေပြင်းတိုက်ခတ်ခဲ့တယ်။ ကျွန်တော်တို့ ဓာတ်အားရယူနေတဲ့ မဟာဓာတ်အားလိုင်းစနစ်မှာလည်း လေပြင်းဒဏ်ကြောင့် ဓာတ်အားပြတ်တောက်မှုတွေဖြစ်ခဲ့တယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ ၂၃၀ ကေဗွီစနစ်နဲ့ မဟာဓာတ်အားလိုင်းစနစ်ကနေ ဓာတ်အားပေးနေတာဖြစ်တယ်။ ဧပြီ ၂၃၊ ၂၅၊ ၂၇ ရက်တွေမှာ မဟာဓာတ်အားလိုင်း အပြစ်ဖြစ်ပြီးတော့ ဓာတ်အားစနစ်တစ်ခုလုံး ဓာတ်အားပေးလို့ မရဘူးဖြစ်ခဲ့တယ်။ အဲဒီအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီးဟာ ဓာတ်အားပြတ်တောက်မှုထဲမှာ ပါဝင်ခဲ့တယ်။

**မေး။ ။ ရာသီဥတုဘေးအပြင် တခြားအရာတွေကြောင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်ရတဲ့ဖြစ်စဉ်တွေရှိရင်လည်း ရှင်းပြစေချင်ပါတယ်။**

ဖြေ။ ။ စွမ်းအင်ဝန်ကြီးဌာနက တာဝန်ယူတဲ့ ကမ်းလွန်သဘာဝဓာတ်ငွေ့တွင်းတွေက ဧပြီ ၁၁ ရက်ကနေ ဧပြီ ၁၉ ရက်အထိ လုပ်ငန်းရပ်ဆိုင်းပြီး နှစ်ပတ်လည် စက်စစ်ဆေးပြင်ဆင်မှုတွေ လုပ်ခဲ့တယ်။ ထို့အတူ ဇော်တိက သဘာဝဓာတ်ငွေ့စက်ရုံကလည်း ဧပြီ ၂၁ ရက်ကနေစပြီး ထိန်းသိမ်းပြုပြင်မှုတွေ လုပ်ခဲ့တယ်။ ကျွန်တော်တို့က ရန်ကုန်ကို ဓာတ်အားပေးတဲ့အခါကျတော့ ဒီမဟာဓာတ်အားလိုင်းစနစ်က ၂၃၀ ကေဗွီနဲ့ ရန်ကုန်ကို ယူသလို ရန်ကုန်မှာလည်း သဘာဝဓာတ်ငွေ့စက်ရုံ လေးရုံ တည်ထားတယ်။ ဒီဓာတ်အားပေးစက်ရုံတွေက သဘာဝဓာတ်ငွေ့ မရတဲ့အချိန်မှာ မလွှဲမရှောင်သာ ဓာတ်အားမပေးနိုင်တာတွေရှိပါတယ်။

အဲဒါကလည်း အချိန်ကာလအားဖြင့် သင်္ကြန်ကာလနောက်ပိုင်းမှာ ရတနာဓာတ်ငွေ့ စက်ရုံပိတ်တယ်။ အဲဒီအချိန်မှာ လှော်ကား၊ ရွာမ၊ အလုံဓာတ်အားပေးစက်ရုံတွေ မလည်နိုင်ဘူး။ ထို့အတူပဲ ဧပြီ ၂၂ ရက် ကနေ ဧပြီ ၂၉ ရက်အထိ ဇော်တိက သဘာဝဓာတ်ငွေ့စက်ရုံ ပိတ်တဲ့အတွက် သာကေတဓာတ်အားပေးစက်ရုံ ဓာတ်အားထုတ်လွှတ်မပေးနိုင်ဘူး။ ဓာတ်အားစနစ်ထဲမှာ ၂၀၃ ကေဗွီ ဓာတ်အားလိုင်းတွေက ရာသီဥတုကြောင့် အပြစ်ဖြစ်တဲ့အခါမှာ ရန်ကုန်ကိုပေးတဲ့ လိုင်းကြောင်းတွေက အပြည့်အဝမပေးနိုင်ဘူး။ ရန်ကုန်မှာ မီးပြတ်တာတွေရှိခဲ့တယ်။

ဒီအပြင် ရန်ကုန်က အခြားတိုင်းဒေသကြီးတွေနဲ့မတူပါဘူး။ ယာဉ်တိုက်မှုတွေ ပေါများတယ်။ ယာဉ်တိုက်မှုတွေထဲမှာ အဆိုးဆုံးက လျှပ်စစ်ဓာတ်အားလိုင်းပို့တဲ့ ဓာတ်တိုင်တွေကို တိုက်တဲ့ကိစ္စ၊ အဲဒီဓာတ်တိုင်တွေက ဓာတ်အားပေးနေတဲ့ နေရာဒေသအားလုံးဟာ လျှပ်စစ်ပြတ်တောက်သွားတဲ့ ကိစ္စတွေဖြစ်ပေါ်ခဲ့တယ်။ မတ်လအတွင်းမှာ ၂၂ ကြိမ်၊ ဧပြီလထဲမှာ ၂၁ ကြိမ် ယာဉ်တိုက်မှုတွေကြောင့် ဓာတ်အားပြတ်တောက်တာတွေရှိခဲ့တယ်။

ကျွန်တော့်အနေနဲ့ ဓာတ်အားသုံးစွဲတဲ့ ပြည်သူတွေကို ပေးချင်တဲ့ Message က **ဒီရက်ပိုင်းအတွင်းမှာ ဓာတ်အားကို ပေးထားပေမယ့်လည်း တားဆီးလို့မရအောင် ဖြစ်လာတဲ့ သဘာဝဘေးအန္တရာယ်၊ သဘာဝဓာတ်ငွေ့စက်ရုံက ပြုပြင်ထိန်းသိမ်းရေးတွေ၊ ဓာတ်အားပေးတဲ့ ဓာတ်တိုင်တွေကို မော်တော်ယာဉ် ဝင်တိုက်တဲ့ကိစ္စတွေ ဒါတွေကြောင့် ဒီရက်ပိုင်းအတွင်းမှာ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု ဖြစ်ခဲ့တယ်။** ဒါကို လျှပ်စစ်ဓာတ်အား သုံးစွဲတဲ့ ပြည်သူတွေသိအောင် ရှင်းလင်းတင်ပြချင်ပါတယ်။

**မေး။ ။ မိုးသက်လေပြင်းကျတဲ့အခါ လျှပ်စစ်အန္တရာယ်ကင်းဝေးအောင် ဘယ်လိုစီစဉ် ဆောင်ရွက်ထားပါသလဲ။**

ဖြေ။ ။ နာဂစ်မုန်တိုင်းဖြစ်ပြီးနောက်ပိုင်းမှာ ရတဲ့ပစ္စည်းတွေနဲ့ ပြည်သူတွေကို လျှပ်စစ်မီးပေးနိုင်အောင် လုပ်ခဲ့တယ်။ ရှိတဲ့ပစ္စည်းနဲ့လုပ်ခဲ့ကြတယ်။ တချို့ကြိုးတွေက ကြိုးဟောင်းတွေ။ ဥပမာ - ကျွန်တော်တို့ အလုပ်စဝင်ကတည်းက သုံးစွဲခဲ့တဲ့ကြိုးတွေဟာ ခုချိန်ထိ နှစ်ပေါင်း ၄၀ လောက်ရှိနေပါပြီ။ ၁၉၂၆ ခုနှစ်က မြေကြီးအောက်မှာ ချပြီးသုံးခဲ့တဲ့ ကြိုးက ဒီနေ့ ဒီအချိန်ထိ သုံးနေတယ်။

**ကျွန်တော်ပြောချင်တာက ကြိုးဟောင်းတွေကို မပစ်ပယ်နိုင်ဘဲနဲ့ သုံးနေရတာတွေက ဓာတ်အားသုံးစွဲမှုများလာတဲ့အခါ မခံနိုင်ဘဲ ပြတ်ကျတာ ဖြစ်ပါတယ်။ မနှစ်ကဖြစ်ခဲ့တာတွေ သင်ခန်းစာယူပြီး ဒီနှစ်ကြိုးလဲတာတွေလုပ်ခဲ့တယ်။ ကြိုးလဲတာမှ ဓာတ်လိုက်မှု အန္တရာယ်ကင်းဝေးအောင် အပေါ်က ဓာတ်ကာပစ္စည်းအုပ်ထားတဲ့ကြိုးတွေနဲ့ နေရာတော်တော်များများမှာ လဲခဲ့တယ်။ အဓိကဓာတ်လိုက်မှု အန္တရာယ်ကာကွယ်ဖို့ဖြစ်ပါတယ်။** တစ်ချိန်တည်းမှာပဲ ဓာတ်အား ပြတ်တောက်မှုလျော့နည်းအောင် Cover Conductor တွေသုံးပြီး လုပ်ခဲ့တယ်။ တစ်မြို့လုံးတော့ မလဲနိုင်သေးပါဘူး။ လဲနိုင်သမျှ လဲပြီးလုပ်သွားပါတယ်။ ဥပမာ- ဈေး၊ ကျောင်း၊ လူသွားလူလာများတဲ့နေရာတွေမှာရှိတဲ့ ဓာတ်အားလိုင်းတွေမှာ ဦးစားပေး လိုက်လဲလှယ်ပါတယ်။

**မေး။ ။ ယခင်က လျှပ်စစ်ဓာတ်အားသုံးစွဲမှုနဲ့ ယခု လျှပ်စစ်ဓာတ်အားသုံးစွဲမှု ဘယ်လောက်အထိ မြင့်တက်လာတယ်ဆိုတာ ရှင်းပြစေချင်ပါတယ်။**

ဖြေ။ ။ အစိုးရသစ်လက်ထက်မှာ တိုးတက်လာတဲ့ စီးပွားရေး၊ နိုင်ငံတကာနဲ့ဆက်ဆံရေးနဲ့ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေကြောင့် ရန်ကုန်ရဲ့ဓာတ်အားသုံးစွဲမှုက များလာတယ်။ ဒီအကျိုးဆက်တွေနဲ့ဆက်စပ်ပြီး ၂၀၀၆ ခုနှစ်မှာ ရန်ကုန်မှာသုံးတဲ့ လျှပ်စစ်ဓာတ်အား ပမာဏက ၄၂၆ မဂ္ဂါဝပ်ရှိရာကနေ ဒီနေ့ ၁၀၀၉ ဒသမ ၆ မဂ္ဂါဝပ်ရှိလာတယ်။ **၂၀၀၆ ခုနှစ်ကနေ ၂၀၁၅ ခုနှစ် ၁၀ နှစ်အတွင်းမှာ ၅၈၂ ဒသမ ၇ မဂ္ဂါဝပ် တက်လာတယ်။ အချိန်တိုအတွင်းမှာ နှစ်ဆကျော် တက်လာတယ်။ ဓာတ်အားသုံးစွဲမှုက ရန်ကုန်တင် တိုးလာတာမဟုတ်ဘူး။ နယ်တွေလည်း တိုးလာတယ်။ ရန်ကုန်မှာနေတဲ့ပြည်သူတွေလည်း လူနေမှုအဆင့်မြင့်လာတဲ့အခါ ဓာတ်အားသုံးစွဲမှုများလာတယ်။ မြို့ပြဖွံ့ဖြိုးမှုနဲ့ လူဦးရေတိုးလာမှုကလည်း ဓာတ်အားကို ပိုမိုသုံးစွဲလာစေတယ်။**

**မေး။ ။ မြင့်တက်လာတဲ့ လျှပ်စစ်ဓာတ်အားသုံးစွဲမှု ကာမိဖို့အတွက် ထုတ်လုပ်မှုအပိုင်းမှာ ဘယ်လိုဆောင်ရွက်ထားတယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ မြင့်တက်လာတဲ့ ဓာတ်အားသုံးစွဲမှုကို နောက်ကနေ ထုတ်ဝေရေးအပိုင်းက ဖြည့်ဖို့အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဆောင်ရွက်နေတယ်။ ထုတ်လုပ်မှုအပိုင်း တိုးလာမှ ဖြန့်ဝေမှုအပိုင်း လုပ်လို့ရမှာပါ။ အစိုးရသစ်လက်ထက်မှာ ထုတ်လုပ်မှုအပိုင်းအနေနဲ့ လုံလောက်အောင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ခုနစ်ရုံ၊ မဂ္ဂါဝပ်အားဖြင့် ၅၆၅ မဂ္ဂါဝပ် ထုတ်ပေးနိုင်ခဲ့ပါတယ်။

ရန်ကုန်က တစ်နိုင်ငံလုံးရဲ့ တစ်ဝက်ကို လျှပ်စစ်ဓာတ်အားသုံးနေတဲ့ အနေအထားမှာ ရှိနေတယ်။ ရန်ကုန်ပတ်ဝန်းကျင်က ဓာတ်အားပေးစနစ်နဲ့ အလှမ်းကွာနေတဲ့ နေရာတွေမှာ ထောက်ပံ့ပေးနိုင်ဖို့ ရန်ကုန်ပတ်ဝန်းကျင်မှာရော၊ ရန်ကုန်နဲ့ နီးစပ်တဲ့နေရာတွေမှာရော သဘာဝဓာတ်ငွေ့ ဓာတ်အားပေးစက်ရုံ ၁၀ ရုံ တည်ဆောက်ခဲ့တယ်။ အဲဒီစက်ရုံ ၁၀ ရုံကနေ ၇၈၆ ဒသမ ၁၃ မဂ္ဂါဝပ်ရရှိတယ်။ ဒါကြောင့် အစိုးရသစ်လက်ထက်မှာ ၂၀၁၂ ခုနှစ်ကနေပြီး ဒီနေ့အထိ ဓာတ်အားပေးစက်ရုံအသစ်တွေ တိုးချဲ့ပြီး ထုတ်လုပ်မှုကို တိုးမြှင့်နိုင်ခဲ့တယ်။ စုစုပေါင်း ၁၃၅၁ ဒသမ ၁၃ မဂ္ဂါဝပ် ပမာဏအထိ ထုတ်ပေးနိုင်ခဲ့တယ်။

ဓာတ်အားဖြန့်ဖြူးရေးအပိုင်းကတော့ ဒီနှစ်နွေရာသီမှာ ထရန်စဖော်မာ Station ပေါင်း ၆၁၆ ခု ရန်ကုန်မြို့ပေါ်မှာ တည်ဆောက်ခဲ့တယ်။ ၃၃ ကေဗွီဓာတ်အားလိုင်းက ၁၇ ဒသမ ၀၄ မိုင် တိုးချဲ့တည်ဆောက်ခဲ့တယ်။ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁၀၉ မိုင် တိုးချဲ့ တည်ဆောက်ခဲ့တယ်။

**၄၀၀ ဗို့ ဓာတ်အားလိုင်းတွေ ရပ်ကွက်တွေထဲမှာရှိတဲ့ ဓာတ်အားလိုင်း ပိုမိုကောင်းမွန်တဲ့ Insulated Wire သုံးပြီး တည်ဆောက်ခဲ့တာ ၆၆ ဒသမ ၉ မိုင် ကို နွေရာသီ မတိုင်ခင် ဆောင်ရွက်ပေးခဲ့တယ်။ ဒါ့အပြင် ၃၃ ကေဗွီကနေ ၁၁ ကေဗွီ ဓာတ်အားဖြန့်ဖြူးပေးတဲ့ ဓာတ်အားဖြန့်ဖြူးရေးစက်ရုံ သုံးရုံကို သာကေတ၊ ရွှေပြည်သာ၊ မြောက်ဥက္ကလာမြို့နယ်တွေမှာ တည်ဆောက်ခဲ့တယ်။ ဒါတွေက ဓာတ်အားတိုးတက်သုံးစွဲတာ ကာမိအောင် ကြိုးပမ်းပြီး ဒီနှစ်မှာ တည်ဆောက်ပေးခဲ့တာဖြစ်ပါတယ်။**

**မေး။ ။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ လျှပ်စစ်နဲ့ ပတ်သက်ပြီး သိရှိလိုတာတွေကို ဆက်သွယ်မေးမြန်းလို့ရမယ့် ဖုန်းနံပါတ်တွေရှိရင် သိပါရစေ။**

ဖြေ။ ။ လျှပ်စစ်ဖြန့်ဖြူးရေးနဲ့ပတ်သက်ပြီး ပြည်သူတွေသိအောင် ရုပ်/သံ မီဒီယာတွေကနေ မြို့နယ်အလိုက် ဖုန်းနံပါတ်တွေ၊ စာတန်းတွေထိုးပြီး ကြေညာပေးထားပါတယ်။ ခရိုင်တွေကို ဆက်မယ်ဆိုရင်တော့ အရှေ့ပိုင်းခရိုင်ဖုန်း ၀၉၈၆၀၀၉၈၅၊ ၀၉၈၆၀၀၆၉၂၊ အနောက်ပိုင်းခရိုင်ဖုန်း ၀၉၈၆၀၀၉၈၆ ၊ ၀၉၈၆၀၀၆၉၃၊ တောင်ပိုင်းခရိုင်ဖုန်း ၀၉၈၆၀၀၉၈၇၊ ၀၉၈၆၀၀၆၉၄၊ မြောက်ပိုင်းခရိုင်ဖုန်း ၀၉၈၆၀၀၇၅၅၊ ၀၉၈၆၀၀၆၉၅ စတဲ့ဖုန်းနံပါတ်တွေကို လျှပ်စစ်နဲ့ပတ်သက်ပြီး သိရှိလိုတာတွေကို ဆက်သွယ်မေးမြန်းနိုင်ပါတယ်။

(ကျေးဇူးတင်ပါတယ်)



တွေ့ဆုံမေးမြန်း - မင်းသစ်
ဓာတ်ပုံ - နေလင်း(သတင်းစဉ်)

# ငါ့သရောက်တွင် မိုးသက်လေပြင်းနှင့်အတူ မိုးများရွာသွန်း၍ ကျေးလက်နေတောင်သူများသီးနှံများစတင်စိုက်ပျိုး

**ငါ့သရောက် မေ ၁၀**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်တွင် မေ ၇ ရက် ညနေ ၄ နာရီဝန်းကျင်ခန့်က မိုးသက် လေပြင်းနှင့်အတူ မိုးသီးများ ကြွေကျပြီး မိုးများရွာသွန်းခဲ့ခြင်းကြောင့် မြို့နယ်အတွင်းရှိ ကျေးရွာအချို့မှ တောင်သူများ သီးနှံများ စတင်စိုက်ပျိုးနေပြီဖြစ်ကြောင်း သိရသည်။

မိုးရွာသွန်းစဉ် မိုးသက်လေပြင်းများ တိုက်ခတ်ခြင်း၊ မိုးသီးများကြွေကျခြင်းများဖြစ်ပေါ်ခဲ့ပြီး မိုးရွာချိန်မှာ နာရီဝက်ခန့် ကြာမြင့်ခဲ့ကြောင်းနှင့် ငါ့သရောက်မြို့နယ်အတွင်း ကွက်ကျားမိုးမျှသာ ရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းကွက်ကျားမိုးသည် ကူတောကျေးရွာ၊ စက်စက်ယိုကျေးရွာ၊ မျက်ခါးတောကျေးရွာနှင့် ပြူကြီးကျေးရွာများတွင် ရွာသွန်းခဲ့ပြီး အဆိုပါကျေးရွာများမှ တောင်သူများ သီးနှံများထွန်ယက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ငါ့သရောက်မြို့နယ်ရှိ အချို့ကျေးရွာများတွင် ယခုအချိန်ထိ မိုးရွာသွန်းခြင်းမရှိသည့်အတွက် သီးနှံများ စိုက်ပျိုးနိုင်ခြင်းမရှိသေးကြောင်းနှင့် သီးနှံများ စိုက်ပျိုးရာ၌ မြေပဲနှင့် နှမ်းကို အဓိကထား စိုက်ပျိုးကြပြီး သီးထပ်သီးညှပ်ဖြစ်သည့် ပဲစင်းငုံ၊ ပဲနောက်၊ ပဲပိစပ်၊ ခရမ်းချဉ်နှင့် နွားစာအဖြစ် နှံစားပြောင်းများလည်း စိုက်ပျိုးကြကြောင်း သိရသည်။

ရဲဝင်းနိုင်(IPRD)

# အမြင့်သဘင် မြန်မာ့ရုပ်သေးပညာကို တည်တံ့အောင်ထိန်းသိမ်းနေကြသူမျိုးဆက်သစ်များ

ကမ္ဘာပေါ်ရှိ လူမျိုးအသီးသီးတို့၏ ကြိုးဆွဲရုပ်သေးအနုပညာ နယ်ပယ်တွင် မြန်မာ့ရုပ်သေးသည် အဆင့်အတန်းမြင့်မားစွာ ပါဝင်လျက်ရှိနေပေသည်။ ကုန်းဘောင်မင်းဆက် ပုဂံမင်းလက်ထက် သဘင်ဝန်မှတ်တမ်း၌ "ရုပ်သေးအစ ကျုံးသုံးတန်နှင့်ပုဂံက" ဟု ရေးသားမှတ်တမ်းတင်ခဲ့သည့်အတိုင်း သက်တမ်းသမနိရှည်ကြာလှပြီဖြစ်သော မြန်မာ့ရုပ်သေးအစသည် ဟီရိဩတ္တပ္ပတရားကို လွန်စွာစောင့်ထိန်းသော ရှေးမြန်မာကြီးတို့၏ ကျား၊ မ တွဲ၍သီဆိုကခုန်မှုကို အရုပ်ကလေးများနှင့်အစားထိုး၍ နန်းတွင်းအမြင့်သဘင်အဖြစ် ကပြခဲ့ရာမှ ယနေ့အချိန်တိုင် လက်ဆင့်ကမ်းစီးဆင်းခဲ့ပြီဖြစ်သည်။



ရန်ကုန်တိုင်းဒေသကြီးမှ မောင်အောင်ကိုကို လေ့ကျင့်နေစဉ်။

မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ရုပ်သေးပြိုင်ပွဲလည်း ပါဝင်သည်။ ရုပ်သေးပညာရေရှည်တည်တံ့ပြန့်ပွားအောင် ဆက်လက်ထိန်းသိမ်းခဲ့ကြသော ပညာရှင်တို့၏ အားထုတ်မှုနှင့် ရုပ်သေးအနုပညာ စည်ပင်ပြန့်ပွားအောင် ကြိုးပမ်းနေကြသော လူငယ်မောင်မယ်များကိုလည်း ယခုပြိုင်ပွဲကြီးတွင် တွေ့ရပေသည်။

မြန်မာ့ရုပ်သေးရုပ်များတွင် ကြိုးအများဆုံးနှင့် ကကွက်စုံလင်လှသော မင်းသားရုပ်၊ မင်းသမီးရုပ်များနှင့် ဘီလူး၊ ဇော်ဂျီ၊ အပျိုတော်၊ သူငယ်တော်၊ မျောက်၊ မြင်း၊ နဂါး၊ တိုးနယားစသည့် အရုပ်များအပြင် ကပြသော ဇာတ်လမ်းဇာတ်ကွက် လိုအပ်ချက်အလိုက် အရုပ်များအမျိုးအစားစုံလင်လှသကဲ့သို့ ယခုခေတ်၌ ဦးရွှေရိုး၊ ဒေါ်မိုး ကဲ့သို့သော အရုပ်များပါတီထွင်ကပြ ဖျော်ဖြေလျက်ရှိနေကြသည်။

ရုပ်သေးကပြရာတွင် အဓိက သတိထားရမည့်အချက်များနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးမှ ရုပ်သေးပြိုင်ပွဲဝင် မခိုင်ခိုင်စိုးလွင်က "ရုပ်သေးကရာမှာ အဓိက ကတော့ ကြိုးမရှုပ်ဖို့၊ ကြိုးမကျဖို့နဲ့ ကြိုးမပြတ်ဖို့ပါပဲ။ ကြိုးရှုပ်မယ်၊ လွတ်မယ်၊ ပြတ်မယ်ဆိုရင် ကပြတဲ့နေရာမှာ ဟန်ချက်ပျက်သွားမယ်။ နောက်စည်းဝါးမှန်ဖို့နဲ့ အရုပ်ကိုနိုင်နင်းဖို့လည်း လိုပါတယ်။ အရုပ်ကိုမနိုင်ရင် ကတဲ့အခါ ခြေခွနေတတ်ပါတယ်"ဟု ရှင်းပြသည်။



အမြင့်သဘင်မှ ပြိုင်ပွဲဝင် ရုပ်သေးရုပ်ကလေးများကို ဤသို့ မြင်တွေ့ရစဉ်။

ဆက်လက်ပြီး ရုပ်သေးပညာနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု ပြိုင်ပွဲဝင်တစ်ဦးဖြစ်သည့် မောင်အောင်ကိုကိုက "ရုပ်သေးပညာဆိုတာ အရုပ်လေး ခြေလှုပ်၊ လက်လှုပ် ကပြရုံနဲ့မပြီးဘူး။ မင်းသားဆိုလည်း မင်းသားဟန်၊ မင်းသမီးဆိုလည်း မင်းသမီးဟန် ထည့်ပေးရမယ်။ ဒါကြောင့် လိုက်လျောညီထွေဖြစ်ဖို့ ကြိုးဆွဲတဲ့သူကပါ အလိုက်သင့်လေး ကပေးရတယ်"ဟု ရုပ်သေးပညာရပ်အပေါ် ၎င်း၏အမြင်ကို ပြောကြားခဲ့သည်။

ကိုယ်ကိုယ်တိုင် ရုပ်သေးပညာကို နက်နက်နဲနဲစိတ်ဝင်စားသောကြောင့် လေ့လာသင်ယူခဲ့ကာ မိမိ၏ဆရာသမားများကဲ့သို့ မျိုးဆက်သစ်များအားလက်ဆင့်ကမ်းသင်ကြားပေးနိုင်သည့် ဆရာတစ်ဦးဖြစ်ချင်ကြောင်း၊ ယခုလက်ရှိတွင် ဟိုတယ်များ၌ ရုပ်သေးကပြဖျော်ဖြေခြင်းဖြင့် မိမိပညာရပ်ကို လက်တွေ့ဘဝတွင်အသုံးချခွင့်ရကြောင်း ၎င်းကဆိုသည်။

ရုပ်သေးပညာရပ်သည် အချိန်ကာလ၊ ငွေကြေးစသည်တို့ကို ရင်းနှီးကာ ကြိုးစားသင်ယူရသည့် ပညာရပ်တစ်ခု ဖြစ်သော်လည်း အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်ရန်မှာမူ အခက်အခဲများရှိ သည်။ ရုပ်သေးရုပ်တစ်ရုပ်ကို ကျပ်ခြောက်သောင်းခန့်ပေး၍ ဝယ်ယူရရှိနိုင်ပြီး ရုပ်သေးရုပ်ကောင်းကောင်း ရရှိရန် စိတ်ကြိုက်မှာယူရသည့်အတွက် ပြုလုပ်ချိန်ကို စောင့်ဆိုင်းပေးရကြောင်း သိရသည်။

ထို့ပြင် ပညာရပ်ပိုင်းတွင်လည်း အချိန်ပေးလေ့ကျင့်သင်ယူမှသာ ကျွမ်းကျင်ပိုင်နိုင်စွာ ကပြဖျော်ဖြေနိုင်မည်ဖြစ်သည်။ ဤသို့ အချိန်၊ ငွေကြေး၊ အင်အားများစိုက်ထုတ်၍ လုံ့လပြုကြိုးစားခဲ့ရသော ရုပ်သေးပညာရှင်များအဖို့ ဈေးကွက်ဝင် အနုပညာရပ်အဖြစ် ရပ်တည်နိုင်ရန် အခွင့်အလမ်းများ၊ ပံ့ပိုးမှုများလည်း လိုအပ်နေဆဲဖြစ်ကြောင်း သိရသည်။

ရှေးယခင် နန်းတော်ဆောင်ထဲမှ အမြင့်သဘင် မြန်မာ့ရုပ်သေး၏ အနာဂတ်စည်ပင်ဝပြောစေရန် ယဉ်ကျေးမှုကိုမြတ်နိုးသော နိုင်ငံသားတိုင်း ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် လိုအပ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**သတင်း - ခင်ခင်သက်၊ ဖြိုးစန္ဒာမြင့်**
**ဓာတ်ပုံ-ကိုကိုနေ**

# မြန်မာတိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ စတုတ္ထနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် မေ ၁၀**

မြန်မာပြည်ဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ဆိုသံ၊ ကဟန်များဖြင့် လွင့်ပျံ့နေသည့် နေပြည်တော် ရေဆင်းတက္ကသိုလ်များနယ်မြေတွင် မြန်မာတိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ယနေ့စတုတ္ထနေ့အဖြစ် ဆက်လက်ကျင်းပလျက်ရှိနေသည်။

မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်(ရွှေရတုခန်းမ)၌ အကပြိုင်ပွဲများကို မေ ၁၀ ရက် နံနက်ပိုင်းက စတင်ကျင်းပခဲ့ရာ အဆင့်မြင့်ပညာ(အမျိုးသား)ပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များ၊ အခြေခံပညာအသက်(၁၀-၁၅)(အမျိုးသမီး) အဆင့်ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး မွန်းလွဲပိုင်းတွင် ရုပ်သေးပြိုင်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသား၊ အမျိုးသမီး) ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင် ငါးဦးက မဲကျရာအရုပ်များဖြစ်သည့် ဇော်ဂျီကနှင့် မင်းသားအကတို့ဖြင့် အသီးသီး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆက်လက်ပြီး စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ)တွင် အဆိုပြိုင်ပွဲများဖြစ်သည့် ဝါသနာရှင်ကာလပေါ် (ဒုတိယတန်း)(အမျိုးသမီး)နှင့် အခြေခံပညာအသက် (၁၀-၁၅)(အမျိုးသား)ပြိုင်ပွဲများကိုလည်းကောင်း၊ စိုက်ပျိုးရေးတက္ကသိုလ်(စုဝေးခန်းမ)တွင် မဟာဂီတ ဝါသနာရှင် (ဒုတိယတန်း) (အမျိုးသား)နှင့် မဟာဂီတ အခြေခံပညာအသက်(၁၀-၁၅)(အမျိုးသမီး)အဆိုပြိုင်ပွဲများကိုကျင်းပလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်တိုင်းရင်းသားညီအစ်ကိုများ၊ အကဲဖြတ်ပညာရှင်များ၊ လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့နောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမတွင် အတီးပြိုင်ပွဲများအနက်တစ်ခုဖြစ်သည့် တယောပြိုင်ပွဲများကိုလည်း ကျင်းပလျက်ရှိရာ ဝါသနာရှင် (ဒုတိယတန်း) (အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များက တောနှင့် တောင်စွယ်(ယိုးဒယား)သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအသက်(၁၀-၁၅)(အမျိုးသား)အဆင့်ပြိုင်ပွဲတွင် မြန်ခန်းကျွန်းတွင်း(မြင်းခင်းကြိုး)သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာ အသက်(၁၀-၁၅)(အမျိုးသမီး) ပြိုင်ပွဲတွင် မေတ္တာဂုဏ်(ကာလပေါ်)တေးသီချင်းများဖြင့်လည်းကောင်း ပါဝင်တီးခတ်ယှဉ်ပြိုင်ခဲ့ကြသည်။



ဆိုင်းတစ်ဦးချင်းပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ မောင်ဝေယံမိုး ယှဉ်ပြိုင်စဉ်။

သစ်တောသုတေသန စုဝေးခန်းမတွင် ဆိုင်းတစ်ဦးချင်းပြိုင်ပွဲများကိုလည်းကောင်း၊ စိုက်ပျိုးရေးတက္ကသိုလ် ပတ္တမြားခန်းမတွင် ပတ္တလားပြိုင်ပွဲများဖြစ်သည့် ဝါသနာရှင် (ပထမတန်း)(အမျိုးသမီး)နှင့် အခြေခံပညာအသက်(၁၀-၁၅)(အမျိုးသား)ပြိုင်ပွဲများကိုလည်းကောင်း၊ သစ်တောတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် မယ်ဒလင်အတီးပြိုင်ပွဲများဖြစ်သည့် ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသား)နှင့်အမျိုးသမီးပြိုင်ပွဲများ၊ အဆင့်မြင့်ပညာအမျိုးသားနှင့် အမျိုးသမီးပြိုင်ပွဲများ၊ အခြေခံပညာအသက်(၁၅-၂၀) အမျိုးသားနှင့် အမျိုးသမီးပြိုင်ပွဲများကို ကျင်းပခဲ့ရာ ပြိုင်ပွဲဝင်များအနေဖြင့် ပူပြင်းလှသည့် အပူရှိန်ကို အန်တုကာ မိမိတို့၏ ရင်တွင်းမှ အနုပညာများကို အားကြိုးမာန်တက်ထုတ်ဖော်ပြသပြိုင်ပွဲဝင်နေကြသည်ကို တွေ့မြင်ရသည်။

ပြိုင်ပွဲရလဒ်မည်သို့ပင်ဖြစ်စေကာမူ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၏ တိုင်းရင်းသားဝတ်စုံကိုယ်စီနှင့် တိုင်းရင်းသားစကားသံဝဲဝဲလေးများဖြင့် တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးစွာ မိတ်ဖွဲ့ကြရင်း အားမာန်အပြည့်ဖြင့် ပြိုင်ပွဲဝင်နေကြဆဲပင်ဖြစ်တော့သည်။

**သတင်း - ခင်ခင်သက်၊ ဖြိုးစန္ဒာမြင့်**
**ဓာတ်ပုံ - ကိုကိုနေ**

**အားကစား**

# မြန်မာ့လက်ရွေးစင် ယူ-၂၃၊ ယူ-၂၀ နှင့် ယူ-၁၈ အသင်းတို့၏ ပြင်ဆင်မှု သတင်းစာရှင်းလင်း



**ရန်ကုန်　မေ　၁၀**

၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင်အသင်း၊ ဆီးဂိမ်းပြိုင်ပွဲဝင်မည့် မြန်မာယူ-၂၃ အသင်း၊ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်မည့် မြန်မာယူ-၂၀ အသင်း၊ နိုင်ငံတကာပြိုင်ပွဲများအတွက် ပြင်ဆင်နေသည့် မြန်မာယူ-၁၈ အသင်းတို့၏ ပြင်ဆင်မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းက Novotel ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနေရှင်နယ်လိဂ် ကော်မတီဥက္ကဋ္ဌနှင့် ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ယခုဖွဲ့စည်းထားသည့် မြန်မာ့လက်ရွေးစင်အသင်း၊ ယူ-၂၃ အသင်း၊ ယူ-၂၀ အသင်းများအနေဖြင့် ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများတွင် ရလဒ်ကောင်းများရရှိပြီး အောင်မြင်မှုရရှိရန် ကြိုးစားကြစေလိုကြောင်း၊ အဓိကအားဖြင့် စည်းကမ်းပိုင်းဆိုင်ရာ အားနည်းချက်များမရှိစေရန် ဂရုပြုရမည်ဖြစ်ကြောင်း၊ ယခုအခမ်းအနားကို ယူ-၁၈ အသင်းလည်း တက်ရောက်လာသည့်အတွက် လူငယ်ကစားသမားများ အတုယူနိုင်မည့် စံပြကစားသမားများဖြစ်စေလိုကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။ သတင်းစာရှင်းလင်းပွဲသို့ မြန်မာ့လက်ရွေးစင် အသင်းနည်းပြချုပ် အေဗရာမိုဗစ်၊ ဒုတိယအသင်းခေါင်းဆောင် ဝင်းမင်းထွန်း၊ မြန်မာယူ-၂၃ အသင်း နည်းပြချုပ် ဦးကြည်လွင်၊ အသင်းခေါင်းဆောင် နေလင်းထွန်း၊ မြန်မာယူ-၂၀ အသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်၊ အသင်းခေါင်းဆောင် နန္ဒကျော်၊ မြန်မာယူ-၁၈ အသင်းနည်းပြချုပ် ဦးသန်းထိုက်နှင့် အသင်းခေါင်းဆောင် ရဲရင့်ထွန်းတို့ တက်ရောက်ခဲ့သည်။

၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင်အသင်းသည် ဇွန်လအတွင်းယှဉ်ပြိုင်ရမည့် ခြေစစ်ပွဲမတိုင်မီ မေ ၁၇ ရက်မှ ၃၀ ရက်အထိ တရုတ်နိုင်ငံတွင် လေ့ကျင့်မည်ဖြစ်ပြီး ခြေစစ်ပွဲသုံးပွဲကစားမည်ဖြစ်သည်။ ထို့နောက် တရုတ်နိုင်ငံမှ ထိုင်းနိုင်ငံသို့သွားရောက်လေ့ကျင့်မည်ဖြစ်ပြီး ခြေစမ်းပွဲအချို့ ထပ်မံကစားမည်ဖြစ်သည်။ စင်ကာပူဆီးဂိမ်းပြိုင်ပွဲဝင်မည့် မြန်မာယူ-၂၃ အသင်းမှာမူ ဆားဘီးယားနှင့် ဂျပန်ခရီးစဉ်များ ပျက်ပြယ်ခဲ့သောကြောင့် မေ ၁၂ ရက်မှ ၁၉ ရက် အထိ ထိုင်းနိုင်ငံ၌ လေ့ကျင့်မည်ဖြစ်သည်။ ယင်းနောက် မြန်မာယူ-၂၃ အသင်းသည် ဗီယက်နမ်ယူ-၂၃ အသင်းနှင့် မေ ၂၂ ရက်တွင် ဟိုချီမင်းမြို့၌ ခြေစမ်းမည်ဖြစ်ပြီး ဗီယက်နမ်ခြေစမ်းခရီးစဉ်၌ ခြေစမ်းပွဲတစ်ပွဲ ထပ်မံကစားမည်ဖြစ်သည်။

ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်မည့် မြန်မာယူ-၂၀ အသင်းမှာ သြစတြေးလျနိုင်ငံ၌ ၁၀ ရက်ကြာ လေ့ကျင့်မည်ဖြစ်ပြီး ပြိုင်ပွဲကျင်းပမည့် နယူးဇီလန်နိုင်ငံသို့ထွက်ခွာမည်ဖြစ်သည်။ မြန်မာယူ-၁၈ အသင်းမှာ လက်ရှိ၌ MNL လူငယ်ပြိုင်ပွဲကို ယှဉ်ပြိုင်နေပြီး ယခုနှစ်အတွင်းကျင်းပမည့် အာဆီယံယူ-၁၉ ပြိုင်ပွဲနှင့် အာရှယူ-၁၉ ခြေစစ်ပွဲတို့ကို ယှဉ်ပြိုင်ရမည် ဖြစ်သည်။ ထို့ပြင် မြန်မာယူ-၂၃ အသင်းနှင့် မြန်မာယူ-၂၀ အသင်းတို့သည် မေ ၁၁ ရက်တွင် ခြေစမ်းကစားရန် စီစဉ်ထားသည်။

**ချစ်ကိုကို**

## ၂၀၁၅ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယပွဲစဉ် (ပဲခူး) တတိယနေ့(၁၈)ကျင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

**ပဲခူး　မေ　၁၀**

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးရိုက် အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ တိုက်တွန်းအားပေးကူညီမှုဖြင့်မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေမှ ကြီးမှူး၍ မြဝတီဘဏ်လီမိတက်မှ အဓိကကူညီပံ့ပိုးပေးသော ၂၀၁၅ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယပွဲစဉ် (ပဲခူး)၏ တတိယနေ့ ပွဲစဉ်များကို မေ ၉ ရက် နံနက်ပိုင်းက ပဲခူးမြို့ ဟံသာဝတီဂေါက်ကလပ်၌ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတတိယနေ့ (၁၈)ကျင်းအပြီးတွင် Professional အဆင့်ပြိုင်ပွဲ၌ ဇော်ဇော်လတ် (HAN Golf Academy) က သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျှော့ရိုက်ကာစုစုပေါင်းရိုက်ချက် ၂၁၁ ချက်ဖြင့် ပထမ၊ မျိုးဝင်းအောင် (P.R.G.R)က သတ်မှတ် ရိုက်ချက်ထက် လေးချက်လျှော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၂၁၂ ချက်ဖြင့် ဒုတိယ၊ ရန်မျိုးအေး (CEO Group)က သတ်မှတ် ရိုက်ချက်ထက် သုံးချက်လျှော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၂၁၃ ချက်ဖြင့် တတိယ လိုက်နေကြပြီး အပျော်တမ်းအဆင့်ပြိုင်ပွဲတွင် ဇင်မင်းသူက သတ်မှတ် ရိုက်ချက်ထက် လေးချက်လျှော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၂၁၂ ချက်ဖြင့် ပထမ၊ ကျော်သက်ဦးက စုစုပေါင်းရိုက်ချက် ၂၁၆ ချက်ဖြင့် ဒုတိယ၊ ဟိန်းစည်သူက စုစုပေါင်းရိုက်ချက် ၂၁၇ ချက်ဖြင့်တတိယ ရရှိကာ အပျော်တမ်းအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ယဉ်မေမျိုး စုစုပေါင်းရိုက်ချက် ၁၄၉ချက်ဖြင့် ပထမ၊ မေဦးခိုင်ကစုစုပေါင်းရိုက်ချက် ၁၅၃ ချက်ဖြင့် ဒုတိယ၊ ခင်မာနွယ်က စုစုပေါင်း ရိုက်ချက် ၁၅၇ ချက်ဖြင့် တတိယ လိုက်နေကြသည်။

**ဖိုးသော်ဇင်**



# ပယ်လီဂရီနီအား ဂွါဒီယိုလာနှင့် အစားထိုးမည့်သတင်းအပေါ် မန်စီးတီးအသင်းငြင်းဆို

ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းမှ နည်းပြ ပက်ဂွါဒီယိုလာသည် လာမည့်ဘောလုံးရာသီတွင် ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်း၏ နည်းပြအဖြစ်ပြောင်းလဲတာဝန်ယူရန် သဘောတူညီခဲ့ကြောင်း သတင်းများထွက်ပေါ်နေခဲ့သော်လည်း အဆိုပါသတင်းသည် မှန်ကန်မှုမရှိကြောင်းနှင့် မန်စီးတီးအသင်းအား လက်ရှိကိုင်တွယ်နေသည့် ပယ်လီဂရီနီနေရာတွင် အစားထိုးနည်းပြအဖြစ် ဂွါဒီယိုလာအား ခေါ်ယူမည်မဟုတ်ကြောင်းဖြင့် မန်စီးတီးအသင်းကပြောကြားခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်ပထမအကျော့တွင် နည်းပြဂွါဒီယိုလာ၏ အသင်းဟောင်းဖြစ်သည့် ဘာစီလိုနာအသင်းအား သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဂွါဒီယိုလာသည် ဘာစီလိုနာအသင်းကို ကိုင်တွယ်စဉ်က ဆုဖလားများရယူဆွတ်ခူးနိုင်ခဲ့ခြင်း၊ ဘိုင်ယန်မြူးနစ်အသင်းအတွက်လည်း အကောင်းဆုံးစွမ်းဆောင်ပေးထားနိုင်ခဲ့ခြင်းတို့ကြောင့် ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် နည်းပြဂွါဒီယိုလာအား အသင်းမှထွက်ခွာခွင့်ပြုမည်မဟုတ်ကြောင်း အတိအလင်းပြောကြားထားသည်။

မန်စီးတီးအသင်းကလည်း အသက်(၆၁)နှစ်အရွယ်ရှိနေပြီဖြစ်သည့် နည်းပြပယ်လီဂရီနီအား လာမည့်ဘောလုံးရာသီတွင်လည်း မန်စီးတီးအသင်းနည်းပြအဖြစ် ဆက်လက်ကိုင်တွယ်စေမည်ဖြစ်ကြောင်း အခိုင်အမာပြောကြားခဲ့သည်။

**(ငွေကြယ်)**

# ပီပီနှင့် အစ္စကိုတို့၏ သွင်းဂိုးဖြင့် ရီးယဲလ် သရေတစ်မှတ်ရယူ သရေပွဲဖြစ်ခဲ့ခြင်းကြောင့် ရီးယဲလ်၏ လာလီဂါဖလားမျှော်လင့်ချက်ပျက်ပြယ်


© REUTERS

ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဗလင်စီယာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် လာလီဂါပွဲစဉ်(၃၆)တွင် ရီးယဲလ်မက်ဒရစ်အသင်းသည် သရေတစ်မှတ်သာရရှိခဲ့ခြင်းကြောင့် ရီးယဲလ်မက်ဒရစ်အသင်း၏ လာလီဂါဖလား အိပ်မက်သည် ပျက်ပြယ်သွားခဲ့ပြီဖြစ်သည်။

ယင်းပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်းသည် လာလီဂါဖလားအိပ်မက်မက်ခွင့်ရရေးအတွက် စီရိုနယ်လ်ဒို၊ ဟာနန်ဒက်ဇ်၊ ဘေးလ်၊ အစ္စကို၊ တိုနီခရုစ်၊ ရိုဒရီဂွက်၊ ကွန်ထရာအို၊ ရာမို့စ်၊ ပီပီ၊ အာဘီလိုဝါစသည့်ဝါရင့်ကစားသမားအများစုကို ပွဲထွက်ကစားစေခဲ့သော်လည်း ပထမပိုင်းတွင် ဧည့်သည်ဗလင်စီယာအသင်း၏ ဦးဆောင်ဂိုးနှစ်ဂိုးအထိ သွင်းယူမှုကိုခံခဲ့ရပြီး ဒုတိယပိုင်းရောက်မှသာ ချေ ဂိုးပြန်လည်သွင်းယူနိုင်ခဲ့ခြင်းကြောင့် သရေတစ်မှတ်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်းသည် အနိုင်သုံးမှတ်အပြည့်ရရှိနိုင်သည့်ပွဲစဉ်တစ်ပွဲဖြစ်ခဲ့သော်လည်း တိုက်စစ်မှူး စီရိုနယ်လ်ဒို ပင်နယ်တီလွဲချော်ခဲ့ခြင်းကြောင့် ပီပီနှင့် အစ္စကိုတို့၏ သွင်းဂိုးနှစ်ဂိုးသာ ရရှိခဲ့ကာ သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ ရီးယဲလ်မက်ဒရစ်အသင်းသည် ယခုပွဲစဉ်သရေပွဲဖြစ်ခဲ့ခြင်းကြောင့် လာလီဂါလက်ကျန်နှစ်ပွဲ ကစားရန်ကျန်နေသေးသော်လည်း လာလီဂါအမှတ်ပေးဇယားထိပ်တွင် ဦးဆောင်နေသည့် ဘာစီလိုနာအသင်းနှင့် လေးမှတ်အကွာဖြင့် ဒုတိယနေရာ၌သာ ဆက်လက်ရပ်တည်နိုင်ခဲ့ပြီး လာလီဂါဖလားမျှော်လင့်ချက်မှာ ကုန်ဆုံးသွားခဲ့ပြီဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် လက်ရှိတွင် လာလီဂါဖလားအတွက် မျှော်လင့်ချက်ကုန်ဆုံးသွားပြီဖြစ်သည့်အပြင် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ပထမအကျော့တွင်လည်း ဂျူဗင်တပ်အသင်းအား ရှုံးနိမ့်ခဲ့ခြင်းကြောင့် ဒုတိယအကျော့တွင် ဂျူဗင်တပ်အသင်းအား အနိုင်မကစားနိုင်ခဲ့ပါက ဒီနှစ်အတွက် ဖလားလက်မဲ့ရာသီကို ဖြတ်သန်းရမည်ဖြစ်သည်။

ဗလင်စီယာအသင်းမှာ ရီးယဲလ်မက်ဒရစ်အသင်းအား ဘာနေဗျူးကွင်းတွင် သရေတစ်မှတ်ရရှိအောင် ကစားနိုင်ခဲ့ခြင်းကြောင့် လာလီဂါအမှတ်ပေးဇယားတွင် ရမှတ် ၇၃ မှတ်ရရှိကာ အဆင့်(၃)နေရာမှ အက်သလက်တီကိုမက်ဒရစ်အသင်း၏ နောက်သုံးမှတ်အကွာဖြင့် အမှတ်ပေးဇယားအဆင့်(၄)နေရာ၌ ရပ်တည်နိုင်ခဲ့ပြီး ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာအတွက် မျှော်လင့်ထားနိုင်သည့်အနေအထားတစ်ရပ်သို့ ရောက်ရှိလာခဲ့သည်။

ဘာစီလိုနာအသင်းမှာမူ လာလီဂါပွဲစဉ်(၃၆)တွင် ရီးယဲလ်ဆိုစီဒက်အသင်းအား နေမာနှင့် ပက်ဒရိုတို့၏ သွင်းဂိုးနှစ်ဂိုးဖြင့် နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းကြောင့် လာလီဂါအမှတ်ပေးဇယားတွင် ရမှတ် ၉၀ ဖြင့် ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်နိုင်ခဲ့ပြီး လာလီဂါဖလားရောင်ခြည်မှာ ပိုမိုတောက်ပလာခဲ့ပြီဖြစ်သည်။ ဘာစီလိုနာအသင်းသည် လာလီဂါဖလားအပြင် စပိန်ကိုပါဒယ်ရေးဖလားနှင့် ချန်ပီယံလိဂ်ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်ပထမအကျော့တွင်လည်း ဘွန်ဒက်လီဂါ၏ ထိပ်တန်းအသင်း ဘိုင်ယန်မြူးနစ်ကို အနိုင်ရရှိထားခဲ့ခြင်းကြောင့် ယခုနှစ်တွင် တစ်နှစ်တည်း ဖလားသုံးလုံးမျှော်လင့်နိုင်သည့်အသင်းဖြစ်သည်။

**(နိုင်လင်းကြည်)**

# ပရီမီယာလိဂ်မှ တန်းဆင်းသွားသည့် ဘန်လေအသင်း

ပရီမီယာလိဂ်ကလပ် ဘန်လေအသင်း [illegible] မလာခဲ့ဘဲ [illegible] အရသာ ယှဉ်ပြိုင်ရသည့် ပရီမီယာလိဂ်ပွဲစဉ်(၃၆)တွင် [illegible] ပွဲဖြစ်ခဲ့ရပြီး ချန်ပီယံရှစ်သို့ ဟားစီးတီးအိမ်ကွင်း၌ နိုင်ပွဲရရှိခဲ့သော်လည်း ပရီမီယာလိဂ်၌ တစ်ရာသီသာ ဖြတ်သန်းခွင့်ရရှိခဲ့ပြီး ပရီမီယာလိဂ်မှ တန်းဆင်းသွားခဲ့ရပြီဖြစ်သည်။

ဘန်လေအသင်းအတွက် အနိုင်ဂိုးကို ဒန်နီအင့်(စ်)က သွင်းယူပေးခဲ့ခြင်းဖြစ်ပြီး အဆိုပါ သွင်းဂိုးတစ်ဂိုးတည်းဖြင့်သာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဘန်လေအသင်း၏ အဆိုပါနိုင်ပွဲသည် ပရီမီယာလိဂ်၌ တန်းတင်ကျန်ရစ်နိုင်မည့် ပွဲတစ်ပွဲဖြစ်လည်း တန်းဆင်းရတော့မည် ဖြစ်သည်။

ဘန်လေအသင်း၏ ယခုနိုင်ပွဲသည် ပရီမီယာလိဂ်ခုနစ်ပွဲတွင် ပထမဆုံးသော အနိုင်ရရှိသည့် ပွဲစဉ်တစ်ပွဲလည်းဖြစ်သည်။ ဘန်လေအသင်းသည် ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲတွင် နိုင်ပွဲခြောက်ပွဲသာရှိခဲ့ပြီး သရေ ၁၁ ပွဲ၊ ရှုံးပွဲ ၁၉ ပွဲဖြင့် ရမှတ် ၂၉ မှတ်သာ ရရှိခဲ့သည်။

ဆန်းဒါးလန်း၊ လက်စတာ၊ အက်စ်တွန်ဗီလာနှင့် နယူးကာဆယ်တို့သည်လည်း တန်းဆင်းဇုန်အထက်တွင် ရပ်တည်နေပြီး လက်ကျန်နှစ်ပွဲတွင် ခြေချော်လက်ချော်ဖြစ်ခဲ့ပါက ယင်းအသင်းများထဲမှ တန်းဆင်းသွားနိုင်သည့် အနေအထားတွင် ရှိနေသည်။

လက်ရှိတွင် ကျူပီအာအသင်းနှင့် ဘန်လေအသင်းတို့မှာ ချန်ပီယံရှစ်သို့ တန်းဆင်းရန် သေချာနေပြီး ဟားစီးတီးအသင်း တန်းမဆင်းရရေးမှာမူ လက်ကျန်နှစ်ပွဲရလဒ်အပေါ်တွင် မူတည်နေသည်။ ချန်ပီယံရှစ်မှ ၂၀၁၅-၂၀၁၆ ဘောလုံးရာသီတွင် ပရီမီယာလိဂ်သို့ တန်းတက်လာမည့် အသင်းများမှာ ဘုန်းမောက်အသင်းနှင့် ဝက်ဖို့ဒ်အသင်းတို့ဖြစ်ပြီး နော့ဝှစ်အသင်း၊ မစ်ဒယ်ဘာရော့အသင်း၊ ဘရက်ဖို့ဒ်အသင်းနှင့် အစ်ဆွစ်အသင်းတို့မှာမူ ပရီမီယာလိဂ်သို့ တန်းတက်ရန်အတွက် Play-Off ကစားရဦးမည်ဖြစ်သည်။

**(ငွေကြယ်)**

# မူဆယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ



**မူဆယ် မေ ၁၀**

မူဆယ်မူးယစ်တပ်ဖွဲ့စု (၂၂)မှ ရဲအုပ်ဆန်းဝင်းအောင်ဦးစီးသော တပ်ဖွဲ့ဝင်များသည် မေ ၈ ရက်က သက်သေများနှင့်အတူ မူဆယ်မြို့ စွမ်စော်ရပ်ကွက် ရွှေသမင်ရပ်ရှိ မရန်ဒင်ရွှင်(ခ) မရန်ဝမ်းရွှင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ အိမ်ရှင်အား မတွေ့ရဘဲ ၎င်းအိမ်တွင်နေထိုင်သည့် မတွမ်စောရိုးကိုသာတွေ့ရပြီး နေအိမ်အောက်ထပ်ယာဘက်အခန်းရှိ ခုတင်အောက်မှ စက္ကူဂျပ်ဖာ သုံးဖာအတွင်း ရောင်စုံဆပ်ပြာခွက်များဖြင့်ထည့်ထားသော ဘိန်းဖြူပါ ၁၅၄ ခွက် (အလေးချိန် ၁ ဒသမ ၈၄၈ ကီလိုဂရမ်)နှင့် စိတ်ကြွရူးသွပ်ဆေးပြား အထုပ် ၇၀ စုစုပေါင်းဆေးပြား ၁၃၆၅၀ တွေ့ရှိခဲ့သည်။

ဆက်လက်ရှာဖွေရာ ဝဲဘက်အခန်းခုတင်အောက်စက္ကူဂျပ်ဖာအတွင်း ဆပ်ပြာခွက်များဖြင့်ထည့်ထားသော ဘိန်းဖြူပါ ၉၉ခွက် (အလေးချိန် ၁ ဒသမ ၁၈၈ ကီလိုဂရမ်)ကို ရှာဖွေတွေ့ရှိခဲ့ပြီး သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးတန်ဖိုးမှာ ၆၃၄ ဒသမ ၅သိန်းရှိကြောင်း သိရသည်။

ထို့ကြောင့် အိမ်ရှင် မရန်ဒင်ရွှင်(ခ) မရန်ဝမ်းရွှင်၏ မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်ဖြတ်သန်းခွင့်စာအုပ်ကို ရှာဖွေပုံစံဖြင့် သိမ်းဆည်းပြီး မူးယစ် ဆေးဝါးများနှင့်အတူ တွေ့ရှိသော မတွမ်စောရိုးနှင့် မရန်ဒင်ရွှင်(ခ) မရန်ဝမ်းရွှင်တို့ နှစ်ဦးအား အမှုဖွင့်အရေးယူထားသည်။ ထွက်ပြေးလွတ်မြောက်နေသည့် အိမ်ရှင်မရန်ဒင်ရွှင် (ခ) မရန်ဝမ်းရွှင် (၂၅)နှစ်အား ဖမ်းဆီးရမိရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဆရာမောင်(မူဆယ်)**

# မိုးလေဝသအခြေအနေ

**မေ ၁၁ ရက် နေ့အပူချိန်များ**

| တိုင်းဒေသကြီးနှင့် ပြည်နယ် | အမြင့်ဆုံး | အနိမ့်ဆုံး |
|---|---|---|
| နေပြည်တော်နှင့် အနီးတစ်ဝိုက် | ၃၉°C | ၂၆°C |
| ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် | ၃၉°C | ၂၆°C |
| မန္တလေးမြို့နှင့် အနီးတစ်ဝိုက် | ၃၇°C | ၂၄°C |
| ပဲခူးတိုင်းဒေသကြီး | ၃၈°C | ၂၆°C |
| ချင်းပြည်နယ် | ၃၀°C | ၁၇°C |

**မေ ၁၁ ရက် ရန်ကုန်ဆိပ်ကမ်း ရေတက်ရေကျ အခြေအနေ**

| | | | |
|---|---|---|---|
| ရေကျ | နံနက် | ၂း၄၂ နာရီ | ၅. ၈၄ပေ |
| ရေတက် | နံနက် | ၈း၃၆ နာရီ | ၁၆. ၄၄ ပေ |
| ရေကျ | ညနေ | ၃း၁၁ နာရီ | ၇. ၆၄ ပေ |
| ရေတက် | ည | ၈း၅၇ နာရီ | ၁၆. ၇၀ ပေ |

**မေ ၁၁ ရက် ရန်ကုန်မြို့ နေဝင်နေထွက်ချိန်**

| | | |
|---|---|---|
| နေထွက် | နံနက် | ၅း၃၅ နာရီ |
| နေဝင် | ညနေ | ၆း၂၆ နာရီ |

# စစ်ကျန်ဗုံးပေါက်ကွဲ၍ တစ်ဦးသေဆုံး၊တစ်ဦးဒဏ်ရာရ

**အင်္ဂပူ မေ ၁၀**

အင်္ဂပူမြို့နယ် ခုံကြီးကျေးရွာအုပ်စု မကျီးပင်ကွင်းကျေးရွာပိုင် သဲဖြူချောင်းအထက် နတ်ရေကန်အနီး မဲဇလီကုန်းရဲစခန်းအနောက်ဘက် ၂၂မိုင်ခန့်အကွာတွင် မေ ၉ ရက် မွန်းတည့် ၁၂နာရီက စစ်ကျန်ဗုံးသီးပေါက်ကွဲ၍ တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိကြောင်း သိရသည်။

စစ်ကျန်ဗုံးသီးပေါက်ကွဲရာနေရာသို့ မဲဇလီကုန်းစခန်းမှူး ရဲအုပ်ရဲကျော်သူနှင့် တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ခုံကြီးကျေးရွာအုပ်စု ညောင်ပင်သာရွာနေ မောင်ကျော်နိုင်နှင့် ခုံကြီးကျေးရွာအုပ်စု ကဒူးပေါက်ရွာနေ မောင်မျိုးဇော်ဦးတို့သည် တောထဲသို့ ဓားသွေးကျောက်တူးရာမှ ဓားသွေးခုံချောင်းအထက် တောထဲမှ စစ်ကျန်ဗုံးသီးတစ်လုံးတွေ့ရှိ၍ ရွာသို့သယ်ယူလာစဉ် နတ်ရေကန်အနီးတွင် ပခုံးပေါ်မှ ဗုံးသီးပြုတ်ကျပေါက်ကွဲရာ ကျော်နိုင်မှာ ဝဲ၊ယာ ခြေထောက်ဒူးအောက်ပိုင်း ကြေမွဒဏ်ရာရရှိပြီး မျိုးဇော်ဦးတွင် မျက်နှာပွန်းပဲ့ဒဏ်ရာ၊ ယာခြေခုံပွန်း (မစိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့ကာ ကျော်နိုင်မှာ ကွင်းကောက်ဆေးရုံတွင် ဆေးကုသမှုခံယူစဉ် ရရှိသောဒဏ်ရာဖြင့် သေဆုံးသွားကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

# တီဗွီမီးဖြတ်စက် အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား

**မူဆယ် မေ ၁၀**

မူဆယ်မြို့ စွမ်စော်ရပ်ကွက် ပန်လုံ (၅)လမ်းရှိ ဝါး၊ ထရံကာမြေစိုက်အလုပ်သမားတန်းလျားတွင် မေ ၉ ရက် ည ၁၂နာရီခွဲတွင် တီဗွီမီးဖြတ်စက် အပူလွန်ကဲရာမှတစ်ဆင့် မီးစတင် လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မင်းဦး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၀ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၅ဦးတို့က မီးသတ်ယာဉ် ၁၃စီးဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ နာရီဝက်အတွင်း မီးငြှိမ်းသတ်နိုင်ခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ မရှိကြောင်းနှင့် မီးလောင်မှုကြောင့် ဆုံးရှုံးမှုခန့်မှန်းတန်ဖိုးမှာ ကျပ် ၁၀သိန်းခန့်ရှိကြောင်း သိရသည်။ မီးလောင်မှုနှင့်ပတ်သက်၍ အိမ်ရှင် ဦးကျော်နိုင်ဝင်း(ခ) ဦးရင်ရင်ထင်အား မူဆယ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ဆရာမောင်(မူဆယ်)**

# ရေး-အစင်သွားကားလမ်းပေါ်တွင် ဆိုင်ကယ်တိမ်းမှောက်ရာမှသေဆုံး

**ရေး မေ ၁၀**

ရေးမြို့နယ် အဘော်ကျေးရွာထိပ် ရွာဦးစေတီအနီး ရေး-အစင်သွားကားလမ်းပေါ်တွင် မေ၉ရက် နံနက်၇နာရီက ဆိုင်ကယ်တိမ်းမှောက်သဖြင့် ဒဏ်ရာများ ရရှိကာ သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘတွတ် (၃၅)နှစ် အဘော်ကျေးရွာ ရေးမြို့နယ်နေသူသည် ဦးလေးဖြစ်သူဦးစံခင်အား အဘော်ကျေးရွာမှ ကင်းဘုရားလယ်တောသို့ Honda Wave 110အပြာနက်ရောင်ဆိုင်ကယ်ဖြင့် ပို့ဆောင်ခဲ့ပြီး အဘော်ကျေးရွာသို့ တစ်ဦးတည်းဆိုင်ကယ်ဖြင့်ပြန်လာစဉ် အဘော်ကျေးရွာထိပ် ရွာဦးစေတီအနီး ရေး-အစင်ကားလမ်းပေါ်တွင် ဆိုင်ကယ်တိမ်းမှောက်ကာ ဒဏ်ရာများရရှိ၍ သေဆုံးခဲ့ကြောင်းသိရပြီး အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ရေးရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ထွန်းထွန်း(ရေး)**

# သုံးခွမြို့တွင် ဘောက်ဆာယာဉ်တိုက်မိသဖြင့် ကလေးတစ်ဦးသေဆုံး

**ရန်ကုန် မေ ၁၀**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့တွင် မေ ၉ရက် ညနေ ၅နာရီခန့်က ဘောက်ဆာယာဉ်တိုက်မိ၍ ကလေးငယ်တစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း အောင်လင်းထွေး (၂၄)နှစ် (၉)ရပ်ကွက် သုံးခွမြို့နေသူ မောင်းနှင်သော ခေါင်းပြာ၊ ကိုယ်ထည် အဖြူရောင် ဘောက်ဆာယာဉ်သည် အမှတ်(၂) ရပ်ကွက် မြနန္ဒာလမ်းအတိုင်း တောင်မှ မြောက်သို့ မောင်းနှင်လာရာ အောင်မြေလောကကျောင်းတိုက်မုခ်ဦးအနီးအရောက်တွင် လမ်း၏ယာဘက်မှ ဝဲဘက်သို့ လမ်းဖြတ်ကူးသူ မောင်ကောင်းထက် (၆)နှစ် (၂)ရပ်ကွက် သုံးခွမြို့နေသူအား အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်မိသဖြင့် မောင်ကောင်းထက်တွင် ဒဏ်ရာများရရှိကာ သုံးခွဆေးရုံမှတစ်ဆင့် ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်စဉ် လမ်းတွင်သေဆုံးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းအောင်လင်းထွေးအား သုံးခွမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



**အိတုန် (ခ) အောင်မြင့်ထွန်းအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

**နောင်ချို**

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များသည် မေ ၇ ရက်က နောင်ချိုမြို့အဝင် အေးရှားဝေါလ် တိုးဂိတ်အနီးတွင် လမ်းကြောင်းပိတ်ဆို့ရှာဖွေရေး ဆောင်ရွက်စဉ် သီပေါမြို့မှ နောင်ချိုမြို့ဘက်သို့ စိုင်းအိုက်ဆီ မောင်းနှင်လာသော ဆိုင်ကယ်ကိုရှာဖွေရာ ဆိုင်ကယ်ဘယ်ဘက်လက်ကိုင်တွင် ချိတ်ထားသော ကြွပ်ကြွပ်အိတ်အတွင်းမှ ချိုချဉ်ထုပ်များနှင့် ရောနှောသယ်ဆောင်လာသော စိတ်ကြွရူးသွပ်ဆေးပြား ၉၅၀ သိမ်းဆည်းရမိသဖြင့် စိုင်းအိုက်ဆီ(၂၇) နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**တန့်ယန်း**

မူးယစ်တပ်ဖွဲ့စု (၂၃) တန့်ယန်းမှ တပ်ဖွဲ့ဝင်များသည် မေ ၇ ရက်က တန့်ယန်း-မိုင်းကောင်သွားလမ်း တန့်ယန်းမြို့အထွက် ဂိတ်ဟောင်းအနီးတွင် မိုင်းကောင်ကျေးရွာမှ တန့်ယန်းမြို့ဘက်သို့ အိုက်အောင် မောင်းနှင်လာသော ဆိုင်ကယ်ကို ရှာဖွေရာ ၎င်းဆောင်းထားသည့် ဆိုင်ကယ်စီးဦးထုပ်အတွင်းမှ ကပ်ခွာအိတ်ဖြင့် ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ သိမ်းဆည်းရမိသဖြင့် အိုက်အောင် (၃၅) နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ပင်လောင်း**

မူးယစ်တပ်ဖွဲ့စု (၂၆) ပင်လောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့ သည် မေ ၇ ရက်က ပင်လောင်းမြို့အထွက် တုန်ဟုန်းကားလမ်း မိုင်တိုင်အမှတ်(၄၂/၇)တွင် လမ်းကြောင်းပိတ်ဆို့ရှာဖွေရေးဆောင်ရွက်စဉ် ပင်လောင်းမြို့မှ မော်ဘီတံတားဘက်သို့ ထွန်းလင်း မောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ၎င်းဝတ်ဆင်ထားသော အနွေးထည်အကျႌဝဲဘက်အိတ်အတွင်းမှ ကပ်ခွာအိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀ သိမ်းဆည်းရမိသဖြင့် ထွန်းလင်း (၄၂) နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်းသိရသည်။

**မိုးကုတ်**

မူးယစ်တပ်ဖွဲ့စု(၁၆)ပြင်ဦးလွင်မှ တပ်ဖွဲ့ဝင်များသည် မေ ၆ ရက်က မိုးကုတ်မြို့ ရွာသာယာကျေးရွာနေ အိတုန်(ခ)အောင်မြင့်ထွန်း၏ နေအိမ်ကိုရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းရှိ ခါးပတ်အိတ်အတွင်းမှ ဘိန်းဖြူဆပ်ပြာခွက် လေးခွက် (အလေးချိန် သုည ဒသမ ဝ၅၂ ကီလို)၊ ဂျာကင်အကျႌဘယ်ဘက်အိတ်အတွင်းမှ ပလတ်စတစ်ဘူးငယ်များဖြင့်ထည့်လျက် ဘိန်းဖြူအလေးချိန် သုည ဒသမ ဝဝ၁၆ ကီလို စုစုပေါင်းဘိန်းဖြူ သုည ဒသမ ဝ၅၃၆ ကီလို၊ စက္ကူဖြင့်ပတ်လျက် ဘိန်းစိမ်း သုည ဒသမ ဝ၂၅ ကီလိုနှင့် ထရာမဒေါလ်ဆေးတောင့် ၂၀ တို့ကို သိမ်းဆည်းရမိသဖြင့် အိတုန် (ခ) အောင်မြင့်ထွန်း (၂၈) နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကြေးမုံ**







## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဗိုလ်ကြီးခင်ဦး(ငြိမ်း)တပ်မတော်(လေ)-
ဒေါ်သန်းစိန်တို့၏ သားထွေး
မောင်ကျော်သူနိုင်
**B.Sc(Physics)**
**Senior Manager** (နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်)
နှင့်
ရန်ကုန်မြို့နေ ဦးထွန်းလွင်-ဒေါ်သန်းသန်း(**T&T** အထည်ဆိုင်)
တို့၏သမီးကြီး
မဖြူဖြူကျော်
**B.Sc(Engineering)(Gem and Gem Mining)**
**(Diploma in Gem indentification)**
တို့သည် ၁၀-၅-၂၀၁၅ ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။
နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်သူနိုင်-မဖြူဖြူကျော်

# ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် မြန်အောင်မြို့ရှိ ပြည်သူ့ရင်ပြင်တွင် ကျင်းပ

**မြန်အောင် မေ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ပြည်သူ့ရင်ပြင်တွင် မေ ၈ ရက် ညနေ ၆ နာရီက မြန်မာနိုင်ငံကြက်ခြေနီနေ့အထိမ်းအမှတ်ပွဲကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြန်အောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး၊ မြန်အောင်မြို့နယ်ကြက်ခြေနီအသင်း ရာသက်ပန်အသင်းဝင် ဒေါက်တာသန်းထွန်းက ဂုဏ်ပြုစကားပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်ကြက်ခြေနီအသင်း ဥက္ကဋ္ဌ မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာမောင်မောင်ချစ်က ကျန်းမာရေးဌာနနှင့် ကြက်ခြေနီအသင်းတို့ ရှေ့ဆက်လက်တွဲဆောင်ရွက်မည့် အစီအစဉ်များအား ရှင်းလင်းပြောကြားခဲ့သည်။

မြို့နယ်ကြက်ခြေနီသူနာပြုတပ်ရင်း ဒုတိယတပ်ရင်းမှူး ဦးမိုးမြင့်ခိုင်က မြန်အောင်မြို့နယ် ကြက်ခြေနီအသင်းစတင်ခဲ့သည့်သမိုင်းကြောင်းနှင့် ကြက်ခြေနီသူနာပြုတပ်ရင်း၏ လုပ်ရှားဆောင်ရွက်ခဲ့မှု၊ လက်ရှိဆောင်ရွက်နေမှုများနှင့် ကြက်ခြေနီအသင်းဝင်များတိုးပွားလာရခြင်း၊မျိုးဆက်သစ်လူငယ်များ ဆက်လက်ထမ်းဆောင်နိုင်ရေးအတွက် စည်းရုံးထားရှိမှုအခြေအနေများအား ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ခဲ့ကြပြီး ကြက်ခြေနီအသင်းဝင်များက တေးသီချင်းများသီဆိုကာ အခမ်းအနားကို ကျင်းပခဲ့ပြီး အခမ်းအနားတက်ရောက်လာသူများကို ကြက်ခြေနီသူနာပြုတပ်ရင်းမှ ညစာဖြင့် တည်ခင်း ဧည့်ခံခဲ့ကြောင်းသိရသည်။

**နေဝင်းဇော်(မြန်အောင်)၊**

# ဟိုပင်မြို့၌ လူမှုကူညီရေးအသင်းအဆောက်အအုံသစ်ဖွင့်လှစ်

**ဟိုပင် မေ ၁၀**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့ မြသီတာရပ်ကွက်၌ မြို့သူမြို့သားများနှင့် စေတနာအလှူ ရှင်များက စုပေါင်း၍ ငွေကျပ်သိန်း ၃၃၀ အကုန်အကျခံကာ ဆောက်လုပ်ပြီးစီးခဲ့သည့် ဟိုပင်မြို့ လူမှုကူညီရေးအသင်း အဆောက်အအုံသစ်ဖွင့်ပွဲကို မေ ၇ ရက် နံနက် ၈ တွင် ဖွင့်လှစ်ခဲ့ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးညီလေးက အမှာစကားပြောကြားခဲ့ပြီး အသင်းဥက္ကဋ္ဌဦးတင်ဝင်းက အသင်း၏ ဆောင်ရွက်သွားမည့်ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် အလှူထည့်ဝင်ငွေကျပ်ငါးသောင်းနှင့်အထက် အလှူရှင်များအား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများအသီးသီး ပြန်လည်ပေးအပ်ခဲ့ကြသည်။

ဒေသခံပြည်သူတစ်ဦးက ဒုက္ခနှင့်ကြုံတွေ့နေရသူများနှင့် ချို့တဲ့သူများအား ယခုလို အကူအညီပေးခြင်းဖြင့် အကျိုးကျေးဇူးများပြီး ကုသိုလ်လည်းရ၍ မြင့်မြတ်သည့် အလုပ်ဖြစ်သည့်အတွက် မိမိတို့အနေဖြင့် တတ်စွမ်းသမျှအားပေး ထောက်ပံ့ကူညီသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ ဟိုပင်လူမှုကူညီရေးအသင်းကို ၂၀၁၃ ခုနှစ် ဇူလိုင် ၂၄ ရက်တွင် စတင်ဖွဲ့စည်းနိုင်ခဲ့ပြီး အသင်းဥက္ကဋ္ဌက ငွေကျပ်သိန်း ၃၀ မတည်လှူဒါန်းကာ လူမျိုးမရွေး၊ ဘာသာမရွေး ဆင်းရဲနွမ်းပါးသော မိသားစုများနှင့် အရေးပေါ်လူနာများအတွက် မြို့နှင့် ၂၂ မိုင်ခန့်ဝေးသော မိုးညှင်းပြည်သူ့ဆေးရုံသို့ ကူညီပို့ဆောင်ပေးနိုင်ရန်အတွက် အလှူရှင် ဒေါ်သောင်းမိသားစုမှ ပါဂျဲရိုးကားနှင့် ဒေါ်မယ်အိမ်မိသားစုနှင့် နေပြည်တော်မှ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်နိုင်ဦးမိသားစုက စူပါကာစတန်ကားတစ်စီးစီ လှူဒါန်းခဲ့ကြကြောင်းသိရသည်။

ယင်းလူမှုကူညီရေးအသင်းအနေဖြင့် တစ်နှစ်ကျော်အတွင်း ကျန်းမာရေးချို့တဲ့သည့်လူနာ ၂၈၇ ဦးတို့ကို ကူညီပို့ဆောင်ပေးနိုင်ခဲ့သည်။ ဟိုပင်မြို့ လူမှုကူညီရေးအသင်းတွင် အသင်းဝင်ပေါင်း ၂၀ ဦးဖြင့် လူမှုကူညီရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်ပြန်/ဆက်**

# ကုန်သွယ်လမ်းမကြီးပေါ်ရှိ တံတားသစ်ကြီး အမြန်ပြီးရေး အရှိန်အဟုန်ဖြင့် ဆောက်လုပ်

**ကလေး မေ ၁၀**

ကလေးမြို့၏ ကုန်သွယ်လမ်းမကြီးဖြစ်သော လမ်းဆုံမီးပွိုင့်မှ ကလေးဝဘက်သွားရာ ကျီကုန်း-ကလေးလမ်းမပေါ်ရှိ တံတားအမှတ် ၃/၆ ပြည်သူ့ဆေးရုံရှေ့ တံတားသည် ဥပုသ်ချောင်းကိုဖြတ်၍ တည်ဆောက်ထားသော သံကူကွန်ကရစ်တံတားဖြစ်ပြီး ခိုင်ခန့်မှုမရှိတော့သဖြင့် တံတားဟောင်းအား ဖျက်သိမ်းကာ ရေလမ်းကင်းလွတ် တံတားအကျယ် ပေ ၅၀၊ ယာဉ်သွားလမ်း အကျယ် ၄၄ ပေရှိ သံကူကွန်ကရစ်တံတားသစ်ကြီးအား အမြန်ပြီးစီးနိုင်ရေးအရှိန်အဟုန်ဖြင့် ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ရန် ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အထူးပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေမှ ကျပ် ၆၅ သန်းအကုန်အကျခံကာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောက်လုပ်နေကြောင်းသိရသည်။

ကုန်သွယ်လမ်းမကြီးပေါ်တွင်ယာဉ်ကြီးယာဉ်ငယ် သွားလာရေးနှင့် ကုန်စည်ပို့ဆောင်မှု ပိုမိုအဆင်ပြေချောမွေ့လာစေရန် တံတားဆောက်လုပ်ခြင်းလုပ်ငန်းများအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်းတာဝန်ရှိသူများကပြောသည်။

ယင်းတံတားဆောက်လုပ်မှုလုပ်ငန်း အမြန်ပြီးစီးနိုင်ရေး စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသာအေး၏ လမ်းညွှန်ချက်နှင့်အညီ ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက မေ ၈ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။ **ဂျိုးနက်**




GUSTO International College

UK Curriculum

GUSTO INTERNATIONAL COLLEGE

UK မှ တိုက်ရိုက်ချီးမြှင့်မည့် ကွန်ပျူတာ ဒီပလိုမာဘွဲ့ကို ပြည်တွင်း၌ပင် စရိတ်သက်သာစွာ ရယူလိုပါသလား?

ယနေ့ ၂၁ရာစုမှာ အလုပ်အကိုင် အခွင့်အလမ်း အကောင်းဆုံး ကွန်ပျူတာ ပညာရှင် ဖြစ်လိုပါသလား?



May Intake အတွက် ကျောင်းစတင်လျှောက်ထားနိုင်ပါပြီ။

HND Diploma in Computing (UK)

B.Sc.(Hons:) Computing (UK)

Limited seat Enroll Now!

# 289 (A), Pyay Road, Sanchaung Tsp., Yangon.

09- 8628806, 09-73031302



"ယု" - အလှပြင်သင်တန်း/အလှပြင်ဆိုင်

(အမြန်သင်/အမြန်တတ်/အမြန်အလုပ်လုပ်ကြရအောင်)

ဘာသာစုံ(၂)လအတတ်သင် (ကျား/မ) (နေရေးစားရေးစီစဉ်ပေးပါမည်)

- ဆိုင်ဖွင့်နိုင်သည်အထိ တာဝန်ယူပါသည်။
- တစ်ဘာသာချင်း/အချိန်ပိုင်း/ရက်တိုသင်တန်း/SPA/Foot Massageသင်တန်း
- ပြည်တွင်း/ ပြည်ပအလုပ်ရစေပါမည်/ နိုင်ငံခြားသို့ပညာသင်ပို့ပေးပါသည်။

အလှပြင်ဆိုင် (အမျိုးသား/အမျိုးသမီး)

(၁) အဆင့်မြင့်ဆံပင်ညှပ်ပုံစံအမျိုးမျိုး /ကောက်/ဖြောင့်/ဆေးဆိုး/ဆံပင်ပျက်ပြုပြင်/ ဆံပင်ပေါင်းတင်/မျက်နှာပေါင်းတင်/အဆီပိထုတ်/အရေးအကြောင်းပြုပြင်/ ပါးရည်တွဲပြုပြင်/ရွှေသွင်း/ပုလဲသွင်း/ပတ္တမြားသွင်း/ (ယိုးဒယား/ဂျပန်/ ကိုရီးယား/တရုတ်နည်းပညာ)ဖြင့် ဆောင်ရွက်ပေးပါသည်။

(၂) ဆံထုံး၊ မိတ်ကပ်(မင်္ဂလာဆောင်/ဘွဲ့/ပွဲတက်/မော်ဒယ်/ရုပ်ရှင်သရုပ်ဆောင်ပြင်)

(၃) Foot Massage (ရေပူ/ရေအေး အကြောပြုပြင်)

(၄) ခြေသည်း/လက်သည်းအလှဆင်/ကျစ်ဆံမြီးအမျိုးမျိုး

"ယု" အလှပြင်ဆိုင်၊ မူလ(ပင်မဆိုင်နေရာသို့ပြောင်းရွှေ့ထားပါသည်) တိုက်(၇၁)၊ အခန်း(၅)မြေညီ၊ ဘုရင့်နောင် လမ်းမတန်းအပေါ် (ချောင်းဝမှတ်တိုင်နှင့်ရွာမကွေ့မှတ်တိုင်ကြား) ဓာတ်ဆီဆိုင်ရှေ့၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၁-၅၁၃၇၂၀၊ ၀၉-၄၉၂၃၈၁၆၃



ကလေးအမည်ပေး အထူး

ဒေါက်တာ မင်းမျိုးပြည့်စုံ

B.Sc.Engg( IT ), M.Sc.Engg( IT )Yrl,
B.A( Astrology ), M.A( Astrology ), M.Phil( Astrology ), Ph.D( Astrology )(India)
Dip. in Electronics(Y.U), Dip. in IT(Y.U), Dip. CA(Y.C.U)
D.N.Engg(NHRD), D.L.T.S(Y.U), Dip. in Astrology(India)

09 - 2506 41973 09 - 4210 31134 09 - 3212 1879



N-Car Company မှ အောက်ပါဝန်ထမ်းများ အလိုရှိသည်။

| | |
|---|---|
| 1.Sales and Marketing | (မ-၂ဦး) |
| 2.ကိုရီးယားစကားပြန် | (ကျား/မ-၂ဦး) |
| 3.ကိုရီးယားကားစက်ပြင် | (ကျား-၅ဦး) |
| 4.အင်္ဂလိပ်/ကိုရီးယား(မြန်မာစာ သင်ကြားရန်) | (ဆရာမ-၁ဦး) |

အတွေ့အကြုံရှိသူကို ဦးစားပေးမည်။ CV Formနှင့် တကွ လာလျှောက်ရန်။

အသက်(၂၀)နှစ်အထက်ရှိရမည်။ မင်္ဂလာဒုံမြို့နယ်အနီး နေထိုင်သူ ဦးစားပေးမည်။

ဆက်သွယ်ရန် ဖုန်း-09-250869601, 09-401604282

လိပ်စာ-အမှတ်(၈)၊ အေဝမ်းလမ်း၊ မင်္ဂလာဒုံစက်မှုဇုန်၊ အောင်မင်္ဂလာအဝေးပြေးဝင်း အနီး၊ မင်္ဂလာဒုံ။



တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် မြိတ်ခရိုင်အတွင်း ဆောင်ရွက်မည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် မြိတ်ခရိုင်အတွင်းရှိ မြို့နယ်များအတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သော မြေသားလမ်း(၈)လမ်း၊ ကျောက်ခင်းလမ်း(၁၀)လမ်း၊ သံကူကွန်ကရစ်တံတား(၃၉)စင်း၊ ဘာသာရေးအဆောက်အအုံ(၁)ခု၊ အိမ်ရာဆောက်လုပ်ရေး(၄)လုံး၊ ရေသွယ်တန်းခြင်း(၁၇)ခု၊ အဝီစိတွင်းတူးခြင်း(၁၄)ခု၊ ဆိုလာမီးရရှိရေး ကျေးရွာ(၂၁)ရွာ၊ ရေပွန်(၈)ခု လုပ်ငန်းများအား ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါကို အောက်ပါအတိုင်း ခေါ်ယူမည်ဖြစ်ပါသဖြင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းတင်သွင်းနိုင်ပါသည်။

| | | |
|---|---|---|
| အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်/ အချိန် | - | ၁၁-၅-၂၀၁၅ရက်၊ (တနင်္လာနေ့)၊ နံနက် ၉း၃၀နာရီ |
| အိတ်ဖွင့်တင်ဒါပိတ်မည့် ရက်/ | - | ၁၀-၆-၂၀၁၅ရက်၊ (ဗုဒ္ဓဟူးနေ့) ညနေ အချိန် ၁၆း၀၀နာရီ |
| အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ | - | မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့ |

ဖုန်း-၀၅၉-၄၁၀၁၃၊ ၀၅၉-၄၁၁၂၆
မြိတ်ခရိုင်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ


စာအုပ်စာပေ လူ့မိတ်ဆွေ

# လေဘေးသင့် အိမ်ထောင်စုများသို့ ပစ္စည်းနှင့်အလှူငွေများ ထောက်ပံ့



မေ ၈ ရက်ညပိုင်း၌မန္တလေး အနီးတစ်ဝိုက်မြစ်ငယ်တွင် မိုးရွာကာလေပြင်းပါတိုက်ခတ်ခဲ့သည့်အတွက် အိမ်ခေါင်မိုးများ ပြုတ်ကျခြင်းတို့ဖြစ်ပေါ်ခဲ့သည်။ ယင်းလေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်များလဲပြိုပြီး သရက်သီးများကြွေကျရာ ရင်ကွဲအပင် ၆၀ ရှိသော သရက်ခြံတစ်ခြံတွင် သရက်သီးတောင်း ၂၀ ကျော် ကြွေကျခဲ့သောကြောင့် သရက်ခြံသမားများအတွက် နစ်နာမှုပိုများခဲ့သည်ဟု ဒေသခံများက ပြောသည်။

သတင်းနှင့်ဓာတ်ပုံ- တိမ်တမန်

**တောင်သာ မေ ၁၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်အတွင်း မေ ၇ ရက် ညနေ ၄ နာရီ မိနစ် ၅၀ ခန့်မှ ညနေ ၅ နာရီခွဲအထိ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာပေါင်းလေးရွာတွင် နေအိမ်များ ပြိုကျပြီး အမိုးများလွင့်ပါပျက်စီးမှုများရှိခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ညွန့်နှင့် မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များ ကွင်းဆင်းစစ်ဆေး ကြည့်ရှုအားပေးခဲ့သည်။

တောင်သာမြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် ကျွဲဆင်းကျေးရွာ၊ ကန်ရွာကျေးရွာ၊ ညောင်ကန်ကျေးရွာ၊ ကျောက္ကာတောင်ကုန်းတို့တွင် ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်း၊ မူလတန်းကျောင်း တစ်ကျောင်းနှင့် လူနေအိမ် ၁၄ လုံး ပျက်စီးခဲ့သည်။

အဆိုပါလေဘေးသင့် အိမ်ထောင်စုများအား ပြန်လည်ဆောက်လုပ်နိုင်ရေးအတွက် တောင်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ သွပ်အချပ်ရေ ၈၉ ချပ်နှင့် ငွေကျပ် ၅၀၀၀၀၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သွပ်အချပ်ရေ ၅၁ ချပ်တို့ လှူဒါန်းခဲ့သည်။

ယင်းလှူဒါန်းသည့် သွပ်နှင့် အလှူငွေများအား မြို့နယ်တာဝန်ရှိသူများက မေ ၈ ရက် နံနက် ၁၀ နာရီခွဲမှစ၍ လေဘေးသင့် အိမ်ထောင်စုများထံ သွားရောက်၍ အိမ်တိုင်ရာရောက် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဥဩသံ(တောင်သာ)**

# ရာသီမရွေးသွားလာနိုင်ရန် ပသောင်း-ရှမ်းတောင်-စလွန်း ကျေးရွာချင်းဆက် ကျောက်ချော လမ်း ဖောက်လုပ်နေမှု ပြီးစီး

**မြိတ် မေ ၁၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်းရှိ ပသောင်း-ရှမ်းတောင်-စလွန်း ကျေးရွာချင်းဆက် ကျောက်ချောလမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ၂၀၁၄-၂၀၁၅ ခုဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာခိုင်နှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ပသောင်း-ရှမ်းတောင်-စလွန်းကျေးရွာအုပ်စုများသို့ ကျေးရွာချင်းဆက် ကျောက်ချောလမ်းဖောက်လုပ်မှုမှာ အရှည်တစ်မိုင်တစ်ဖာလုံ၊ အကျယ် ၁၂ပေ၊ ထု ၁၁ လက်မ ကျောက်ချောလမ်းအမျိုးအစားဖြစ်ပြီး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၆၀ ဒသမ ၉၇ သန်းဖြင့် ရိုးမန်အားကုမ္ပဏီ မှ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၅ ရက်မှ စတင်ဆောင်ရွက်ခဲ့သည်။

ယင်းသို့ ကျေးရွာချင်းဆက်ကျောက်ချောလမ်းများ ပြီးစီးအောင်ဖောက်လုပ်ပြီးပါက တောင်ပုလဲ၊ စလွန်း၊ အနောက်မင်းသန်း၊ အရှေ့မင်းသန်း၊ အလယ်မင်းသန်း၊ မရင်းငယ်၊ သက္ကယ်ကျင်း၊ ရှမ်းတောင်၊ ပသောင်းစသည့်ကျေးရွာများရှိ ဒေသခံပြည်သူ ၄၀၀၀ ကျော်ခန့်သည် မြိတ်မြို့နယ်၊ တနင်္သာရီမြို့နယ် ကျွန်းစုမြို့နယ်များသို့ ရာသီမရွေးဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်သည်။

ယခင်က မြို့နယ်များသို့ဆက်သွယ်သွားလာရာတွင် ရေလမ်းခရီးကိုသာ အဓိကအသုံးပြုသွားလာနေရာမှ ယခုအခါ ကုန်းလမ်းခရီးဖြင့် ရာသီမရွေး အချိန်မရွေး သွားလာနိုင်မည်ဖြစ်ပြီး ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**မြင့်ဦး (မြိတ်)**

# အောင်ပန်းမြို့တွင် ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ ယာဉ်နှင့်လမ်းအန္တရာယ်ကင်းရှင်းရေး ဟောပြော

**အောင်ပန်း မေ ၁၀**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် အောင်ပန်းမြို့ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရှမ်းပြည်နယ်ရုံးခွဲ) ယာဉ်စစ်ဆေးရေးခန်းမတွင် မေ ၈ ရက်က ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးပြပွဲနှင့် ဟောပြောပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဦးစီးအရာရှိ ဒေါ်သန္တာက အဖွင့်အမှာစကားပြောကြားပြီး ဦးစိုင်းကြည်တင့်၊ ယာဉ်စစ်ဆေးရေးမှူး(၂)ကယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး သတိပေးလမ်းညွှန်ချက်များ၊ အမိန့်ပေးလမ်းညွှန်ချက်များ တားမြစ်ခြင်းနှင့် ကန့်သတ်ခြင်းလမ်းညွှန်များကို ရုပ်ပုံကားချပ်များဖြင့် ဟောပြောရှင်းလင်းခဲ့သည်။

အဆိုပါ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးပြပွဲကို မေ ၈ ရက်မှ ၁၀ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

**ဇော်သိန်းရည်**

အခြေခံ ဆရာဦးသိန်းဝင်း
ပန်းချီသင်တန်း
အခြေခံမှစ၍ တစ်ဦးချင်းသင်သည်
(၁) အမှတ်(၁၆၆/၁၆၈)၊ တ-ထပ်၊ အနော်ရထာလမ်းမကြီး၊ ၃၄ လမ်းထိပ် ဘားလမ်းမှတ်တိုင်အနီး၊ ကျောက်တံတားမြို့နယ်။
(၂) တိုက်(၃)၊ အခန်း(၅၀၅)၊ ၁၅၄ လမ်း(မဂ်လာဈေးချုံကျောင်းလမ်း)၊ (နား နာခေါင်း လည်ချောင်း ဆေးရုံနံဘေးလမ်း) ၊ တာမွေ
ဖုန်း ၀၉ ၅၀ ၇၇၅၆၀ ၀၉ ၂၅ ၃၂၆၁၇၁၀

t ṛ n ajymi;
ဦးဇင်မင်းထွန်း[၁၁/မအန(နိုင်)၀၂၄၄၀၈]၏ သမီးဖြစ်သူ အမက(၃၀) သာကေတ၊ ဒုတိယတန်းတွင် ပညာသင်ကြားနေသော မအေးမြကေခိုင်အား မအေးမြတ်ကေခိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ မအေးမြတ်ကေခိုင်

၂၀၁၅ ခုနှစ် နှစ်သစ်ကူး သင်္ကြန် ခရီးစဉ် ကျန်ရစ်သူများတွက်
ထားဝယ် နယ်စပ် ထီးခီး - တနင်္သာရီ / မြ ဘုရား
၂၂ - ၅ - ၂၀၁၅ မှ ၂၈ - ၅ - ၂၀၁၅ ထိ
သုခမိန်ခရီးစဉ် ၀၁ ၂၅၃၀၇၉ / ၀၉ ၅၁ ၅၅၆၅၄ / ၀၉ ၃၀၁၀၄၁၃၇

Modern Myanmar Travels ကားမျိုးစုံစီးလုံးငှား အထူးစီစဉ်ပေးပါသည်။
+ ကျိုက်ထီးရိုး(၂ရက်)+ ချောင်းသာ(၃ရက်) Guest 35000 + ငွေဆောင်(၃ရက်) Hotel 68000
+ ပုဂံ၊ ပုပ္ပါး၊ ခွယ်တော်လေးဆူ၊ ပခုက္ကူ။ Guest 65000/Hotel 120000
+ တောင်ကြီး၊ အင်းလေး၊ မြွေတော်ကက္ကူ။ Guest 70000/Hotel 120000
+ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ Guest 75000/Hotel 140000
May 15 22,29
၂၃၆၊ ၃၉လမ်း(အထက်)၊ ကျောက်တံတား 09-450047016,09-253540004

**"အမည်ပြောင်းလဲခြင်းနှင့် အမွေစားအမွေခံသားအဖြစ် မွေးစားခြင်း"**

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ရေဆင်းနေ ဦးထွန်းနောင်[၁၁/စတန(နိုင်)၀၅၆၃၅၂]နှင့် ဒေါ်လှနုဖြူ[၁၂/ ဥကတ(နိုင်)၀၃၆၈၃၂]တို့မှ တူတော်စပ်သူ အထက(ရေဆင်း)တွင် အဋ္ဌမတန်းပညာသင်ကြားမည့် မောင်ဇေယျာမင်းထက်အား မောင်မင်းထက်နောင်ဟု အမည်ပြောင်းလဲပြီး ၈-၅-၂၀၁၅ရက်မှစ၍ အမွေစားအမွေခံသားအဖြစ် မွေးစားလိုက်ပြီဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အဖ-ဦးထွန်းနောင်
အမိ-ဒေါ်လှနုဖြူ






**အခန်းဆက်ဝတ္ထုရှည်**



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

**တက္ကသိုလ်ဘုန်းနိုင်**

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ (စာတည်း)*

**ယမန့်နေ့မှအဆက်**

ကမ်းနီ၊ ခပေါင်း၊ ပေါင်းလောင်းတို့ကို ကိုယ်တွေ့သိကျွမ်းရချိန်တွင်သာ ချစ်စွာသော ကမ်းနီချောင်း၊ ခပေါင်း၊ ပေါင်းလောင်းရေယဉ်တို့တွင် မျောနေလေမည်မှာ ခတ္တာနှင့်ယင်းမာ ပွင့်ကြွေလွှာတို့ချည်း မဟုတ်။

ဧရာဝတီ၌ သီကာပတ်ကုံး၊ ပုံပမာ ပြောမဆုံးဖွယ် ဇာတ်လမ်းအသွယ်သွယ်တို့ ရှိပေလိမ့်မည်။ မြစ်မင်းသံလွင်၌လည်း ကိုယ်ပိုင်ပုံပြင် စီကာစဉ်ကာ ရှိနေပါလိမ့်မည်။ သို့ရာတွင် ကမ်းနီ၊ ခပေါင်းနှင့် ပေါင်းလောင်းတို့က မဟောင်းသေးသည့် တော်လှန်ရေးသွေးရာဇဝင်ကို မျက်မြင်သက်သေအဖြစ်သနစ်စုံအောင် အပြောနိုင်ဆုံး ရှိပေမည်။ အကြောင်းမှာ ခတ္တာ၊ ယင်းမာတို့နှင့်အတူ ကျွန်တော်တို့ တော်လှန်ရေးတပ်မတော်သားတို့၏ အသက်ခန္ဓာများသည် ခပေါင်းရေ စန်းငွေ့ဥသည့် ဤနန်းကေတုမတီမြေမှ ကမ်းနီ၊ ပေါင်းလောင်းမြစ်တို့တစ်ကြော မရေတွက်နိုင်အောင် ဆုံးပါးမျောလွင့်ခဲ့ရသောကြောင့် ဖြစ်ပါ၏။

မြန်မာပြည်အရပ်ရပ်ကို ဗြိတိသျှတပ်များဝင်ပြီး၍ မြို့ပြအုပ်ချုပ်ရေး စနေချိန်အထိ စစ်တောင်းမြစ်တစ်ဝန်းတွင် ဖက်ဆစ်ဂျပန်တို့ တိုက်ပွဲများကား မဆုံးသေး။ ကျွန်တော်သည် တောင်ငူမှသည် မော်ချီးအထိ တာဝန်ကျသည်။

၁၉၄၅-ခုနှစ်၊ ဩဂုတ်လ ၆-ရက်နေ့၊ ဂျပန်ပြည် ဟီရိုရှီးမားမြို့ပေါ် အဏုမြူဗုံးကျခြင်းသည်လည်းကောင်း၊ ဩဂုတ်လ ၁၅-ရက်နေ့တွင် နေမျိုးနွယ် နိပွန်တို့ လုံးဝအရှုံးပေးလက်နက်ချခြင်းသည် လည်းကောင်း ကျွန်တော်တို့၏ မော်ချီးစစ်မျက်နှာကို မည်သို့မျှ မပြောင်းလဲစေပါ။ မာလာယု၏ ကျားကြီးဟုကျော်သော ဂျပန်ဗိုလ်ချုပ် ယာမာရှိတားက ဂျပန်ပြည်မ လက်နက်ချသည့်တိုင်အောင် သူမချဟု ဝင့်တုန်းဟောက်တုန်းဖြစ်သည်။ ကျွန်တော်တို့ တပ်မတော်သားများ၏ လက်ချက်ကြောင့် စစ်တောင်းမြစ်ဝှမ်း တောတောင်ကြားတွင် ကစဉ့်ကလျားနှင့် ဝါးအစည်းပြေလျက် အထက်နှင့် အဆက်ပြတ်နေသော ဂျပန်စစ်သားများကလည်း ကျားနာခဲသကဲ့သို့ မဲ၍ ရမ်းနေကြဆဲသာတည်း။

ရန်ကုန်မြို့တော်တွင် ကျွန်တော်တို့၏ ဖခင်ကြီး ဗိုလ် ချုပ်အောင်ဆန်း ရာဇဝင်ပြောင်မြောက်သည့်နေသူရိန်ကွန်ဖရင့်ကြီးကို ဩဂုတ်လ ၁၉-ရက်နေ့၌ ကျင်းပနေချိန်အထိ စစ်တောင်းစစ်မျက်နှာ၊ တောင်ငူ၊ မော်ချီး၊ ပဲခူးနှင့် ဝေါမြို့နယ်တို့ဝယ် ကျွန်တော်တို့၏ တော်လှန်ရေးတပ်မတော်သားများနှင့် ဂျပန်တို့သည် သည်းသည်းမည်းမည်းတိုက်ခိုက်နေဆဲသာဖြစ်၏။

စက်တင်ဘာလအတွင်း၌ ကံကောင်းထောက်မ၍ မသေမပျောက်သော်လည်း ငှက်ဖျားဒဏ်ကြောင့် လူရုပ်မပီတော့သော ကျွန်တော်သည် တောင်ငူရှိ စစ်ဆေးရုံသို့ ရောက်လာခဲ့သည်။ ရက်ပေါင်းများစွာ လူမှန်းမသိရာမှ သတိပြန်ရသောအခါ ကျွန်တော့်ကုတင်ဘေးတွင် စတွေ့သူမှာ ကိုကိုသာတည်း။ ကိုကိုသည် ကန္ဒီစာချုပ်အပြီး တည်ရှိဆဲအခြေအနေအရပ်ရပ်ကို နယ်ရှိရဲဘော်တို့အား ရှင်းပြရန် ရောက်လာခြင်းဖြစ်သည်။

ကျွန်တော် အတန်သက်သာလာသောအခါ ကျွန်တော်တို့ညီအစ်ကိုသည် ပေါင်းလောင်းမြစ်ဆိပ်တွင်ရပ်လျက်ရှိကြသည်။

စစ်ကိုင်း ဧရာဝတီကမ်းနဖူးတွင် ဤသို့ ကျွန်တော်တို့ညီအစ်ကို စကားပြောခဲ့ကြဖူးသည်။ ထို့နောက်ကျွန်တော် ဗမာ့တပ်မတော်တွင်းသို့ ရောက်လာခဲ့သည်။

ယခု ပေါင်းလောင်းမြစ်ဆိပ်တွင် စကားပြောကြရပြန်သည်။ ဤအကြိမ်တွင်မူ . . .

" ကန္ဒီစာချုပ်ရဲ့ ရည်ရွယ်ချက်ကတော့ ဒါပဲလေ။ ဒီတော့ မောင်ဘယ်လို သဘောရသလဲ "

ကျွန်တော် ရုတ်တရက် မဖြေနိုင်။ ပွင့်လွှာတစ်ချပ်တစ်လေနှင့် ရွက်ညိုတစ်စုနှစ်စုတို့ မျောနေသောမြစ်ပြင်ကို ငေးကြည့်နေမိသည်။ ကျွန်တော်၏ ခံစားမှုကို ရိပ်မိဟန်၊ ကိုကိုသည် ဆက်လက်ရှင်းပြသည်။

" တော်လှန်ရေးဆိုတာ တစ်လမ်းတည်း တစ်ကြောင်းတည်းမသွားရဘူး မောင် . . . ။ ရည်ရွယ်ချက်ကိုရောက်ဖို့သာ အရေးကြီးတယ်။ အဲဒီမြော်မြင်မှုနဲ့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ကျန်တဲ့ တပ်မတော်ခေါင်းဆောင်တွေ ညှိနှိုင်းပြီး အကောင်းဆုံး လမ်းစဉ်ကို ချမှတ်ထားတာပဲဖြစ်တယ်။ ဒါကို မောင်တို့ နားလည်စေချင်တယ် . . . "

ကျွန်တော်သည် သက်ပြင်းရှိုက်ပြီး ပြန်ဖြေသည်။

"မောင်တို့ ငယ်ပါသေးတယ်လေ။ လူကြီးတွေ ကောင်းလို့ စီမံတာကို ဝေဖန်နိုင်လောက်အောင်မောင့်မှာ အသိပညာမရှိသေးဘူး။ ဒါပေမယ့် စိတ်တော့ ထိခိုက်မိတယ် ကိုကို "

"စိတ်ထိခိုက်စရာ မလိုပါဘူး မောင်၊ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် တပ်ကထွက်ပြီး လွတ်လပ်ရေး တိုက်ပွဲကို နိုင်ငံရေးနည်းနဲ့ ဆင်မယ်။ တပ်မတော်မှာတော့ ဗိုလ်ချုပ်နေဝင်း ခေါင်းဆောင်ပြီး နေရစ်ခဲ့မယ်။ ကိုကိုလည်း တာဝန်ပေးချက်အရ တပ်မှာပဲ နေခဲ့ရမယ် "

" ဒါဖြင့် မောင့်ကိုရော . . . ဘာတာဝန်ပေးမလဲ "

" တပ်မတော်မှာ ကျန်းမာရေးနဲ့ ပြည့်စုံတဲ့ တပ်သား ၅၂၀၀ နဲ့ အရန် ၃၀၀၀ ကို လက်ခံဖို့ သဘောတူညီထားတယ်။ တပ်မတော်ခေါင်းဆောင် ဂုဏ်အင်္ဂါနဲ့ ပြည့်စုံတဲ့ ဗိုလ် ၂၀၀ နဲ့ အရန် ၂၀၀ ကို လက်ခံဖို့လည်း သဘောတူထားတယ်။ မောင်တို့အနေနဲ့ တပ်မှာ ဆက်နေချင်တယ်ဆိုရင်တော့ နေနိုင်ခွင့်ရှိတယ်။ ဒါပေမယ့် ကိုကို တစ်ခုပြောချင်တယ် "

ကျွန်တော်က ငြိမ်နေသည်။ ကိုကိုက စကားမဆက်မှ ကျွန်တော်က ပြောရ၏။ " ပြောလေ . . . ကိုကို "

" အင်းလေ . . . ပြောပါမယ်။ ကိုကို့စကားကို သေသေချာချာ စဉ်းစားနားထောင်စေချင်တယ်။ တပ်မှူးတစ်ယောက်အနေနဲ့ရော အစ်ကိုတစ်ယောက်အနေနဲ့ရော ပြောပြမယ် "

" ကိုကို့အနေနဲ့ရော၊ ဗိုလ်ချုပ်အနေနဲ့ရော၊ စေတနာတစ်ရပ်ရှိတယ်။ တစ်နည်းအားဖြင့် ရည်ရွယ်ချက်ပေါ့လေ။ လွတ်လပ်ရေးကတော့ရမှာပဲ၊ မရရင်ရအောင်လုပ်မှာဘဲ။ လွတ်လပ်ရေးဆိုတာက ခရီးဆုံးမဟုတ်ဘူး။ လွတ်လပ်ရေးရပြီးရင် ပိုမိုခက်တဲ့ ထူထောင်ရေးလုပ်ငန်းတွေဟာ မခန့်မှန်းနိုင်လောက်အောင် ရပြီးရင် ပိုမိုခက်တဲ့ ထူထောင်လုပ်ငန်း တွေဟာ မခန့်မှန်းနိုင်လောက်အောင် ရှိလိမ့်မယ်။ ဒီတော့ တပ်တွင်းမှာ ရှိတဲ့ အခြေခံပညာရှိပြီး ဆက်လက်ပညာသင်ပြီး ဆက်လက်ပညာသင်ကြားနိုင်စွမ်းလည်း ရှိသေးတဲ့ လူငယ်တွေကို ပညာဆက်လက်သင်စေချင်သေးတယ် "

"လွတ်လပ်ရေးက မရလာတော့ကော"

ကိုကို့မျက်နှာမှာ ရုတ်တရက် တည်သွား၍ အသံမှာလည်း မသိမသာ၏။

" ဘာကြောင့် မရရမှာလဲ။ မရတော့ ဆက်တိုက်ဖို့ကလွယ်တယ်။ ရပြီးမှ အဆင်သင့်မရှိရင်ပိုဆိုးမယ်။ ရပြီးသား လွတ်လပ်ရေးတောင် ပြန်ဆုံးဦးမယ်။ ဒီမယ် မောင် . . . "

ကိုကို့ သဏ္ဍာန်၌ ဒေါသရောင် လွှမ်းလာသည်။ မေးရိုးများတင်းမာလာ၍ ရင်မှာ ကော့လာသည်။

" ဒီစကားပြောတိုင်း ကိုကို စိတ်ဆိုးရတယ်။ ငါ . . . ဘယ်သူ့ကိုမှ နာမည်တပ် မပုတ်ခတ်ချင်ဘူး။ ဒါပေမယ့် စိန်နားကပ်ရောင်ကြောင့် ပါးပြောင်ပြီးမှ တလွဲဆံပင်ကောင်းချင်တဲ့ လူတွေရှိတယ်။ အင်္ဂလိပ်တွေ တက်လာတော့ ပါတီဆိုင်းဘုတ် အရင်တင်ပြီး မျက်နှာ လို မျက်နှာရလုပ်တဲ့ နိုင်ငံရေးသဘောတရားကြီးတွေ " ကိုကိုက လက်သီးဆုပ်၍ ဒေါသတကြီးပြောသည်။ တောနက်တွင်းမှ ကံကောင်းထောက်မသဖြင့် ဂျပန့်လုံ့စွပ်နှင့် မသေ၊ အဖျားဒဏ်ကြောင့် နာလန်ထစ ကျွန်တော်က မြို့ပေါ်ရှိ နိုင်ငံရေးကို နားမလည်ရကား တအံ့တသြဖြစ်သည်။ ကိုကိုသာ ဆက်ပြောသည်။

" ဗိုလ်ချုပ်အောင်ဆန်းနဲ့ တို့တပ်မတော်ကမတော်လှန်ခင် ဘယ်သူရဲကောင်းကြီးတွေက ဘာတွေဖြစ်ဖြစ်မြောက်မြောက် လုပ်နိုင်ခဲ့ကြလို့လဲ . . . ။ အခုမှ . . . အာကျယ်ကြတယ်။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**




**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ပင်မ ဓာတ်အားခွဲရုံများတွင် အသုံးပြုရန်အတွက် လိုအပ်သော ဓာတ်အားခွဲရုံ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

| | |
|---|---|
| တင်ဒါပုံစံရောင်းချမည့်ရက် | - ၁၂-၅-၂၀၁၅ရက် |
| တင်ဒါပိတ်မည့်ရက် | - ၉-၆-၂၀၁၅ရက် |
| တင်ဒါပိတ်မည့်အချိန် | - ၁၄း၀၀ နာရီ |

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်။ ဖုန်း-၀၆၇-၄၁၀၂၈၂






# စီးပွားဖြစ်ကုန်ထုတ်လုပ်မှုအဆင့် ရောက်ရန် ထုတ်လုပ်မှုမြှင့်တင်ရေး လုပ်ငန်းများ ဒေသအတွင်း၌ ကွင်းဆင်းဆောင်ရွက်

**ကန့်ဘလူ မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ကျေးလက်ပြည်သူများလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဒေသတွင်း စားသုံးရန် ကုန်ထုတ်လုပ်မှုအဆင့်မှ စီးပွားဖြစ်ကုန်ထုတ်လုပ်မှု အဆင့်သို့ ရောက်ရှိစေရန် မြှင့်တင်ဆောင်ရွက်ရေးလုပ်ငန်းများကို ကွင်းဆင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကန့်ဘလူမြို့နယ် ရွက်ကြမ်းကျေးရွာအုပ်စုတွင် နွေစပါးသီးနှံစိုက်ပျိုးမှု အနေဖြင့် OMC လက်ဝဲတူးမြောင်းရေဖြင့် နွေနှမ်းလေးဧက၊ ပဲတီစိမ်း ၁၀၁ ဧက၊ မြေအောက်ရေဖြင့် ပဲတီစိမ်း ၅၂၀ ဧက၊ နွေစပါး ငါးဧက စိုက်ပျိုးခဲ့ရာ ဧပြီ ၃၀ ရက်ထိ သီးနှံစုံ ၆၃၀ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယင်းကျေးရွာအုပ်စုတွင် ၆၈၅ ဧက စိုက်ပျိုးရန်လျာထားကြောင်း သိရသည်။

စိုက်ခင်းအခြေအနေသည် ယခင်နှစ်ထက် ပဲတီစိမ်းစိုက်ခင်းများ အပင်အား ကောင်းမှုကြောင့် အထွက်နှုန်းကောင်းနိုင်ကြောင်း ဒေသခံတောင်သူများထံ မှသိရသည်။

ပဲတီစိမ်းမျိုးကို ဒေသတောင်သူမျိုးနှင့် ရေဆင်း (၁၁) မျိုးများကို အများဆုံး အသုံးပြုကြပြီး စိုက်ခင်း၌ ပိုးမွှားရောဂါကင်းပြီး အထွက်နှုန်းကောင်းသော စိုက်ကွက်မှ မျိုးကိုသာအဓိကရွေးချယ်စိုက်ပျိုးကြကြောင်း သိရသည်။

ရွက်ကြမ်းကျေးရွာအုပ်စုတွင် တောင်သူတိုင်းနီးပါး ပဲတီစိမ်းတစ်ဧကမှ ၁၀၊ ၁၅ ဧကထိ စိုက်ပျိုးကြပြီး ယခင်နှစ်က ပဲတီစိမ်းတင်း ၁၀၀ ကျော်မှ ၁၂၀ ကျော်ရရှိကြသူများလည်းရှိသည်။ ရောင်းဝယ်ဖောက်ကားရာတွင် ကျေးရွာနှင့်နီး၍ လမ်းပန်းဆက်သွယ်ရေးကောင်းသော ထန်းကုန်း၊ ဇီးကုန်း ကျေးရွာများမှ ပွဲစားများသည် ကျေးရွာအရောက်ကွင်းဆင်းဝယ်ယူကြသည်။ ပွဲရုံအရောက် လိုင်းကားများဖြင့် ရောင်းချသူများလည်းရှိကြောင်း သိရသည်။

ဒေသတွင်းစာသုံးကုန်ထုတ်လုပ်မှုအဆင့်မှ စီးပွားဖြစ်ကုန်ထုတ်လုပ်မှုအဆင့် သို့ ရောက်ရှိစေရန် မြှင့်တင်ဆောင်ရွက်ရေးလုပ်ငန်းများ၊ တောင်သူများလက်ရှိ အခြေအနေထက် ဖွံ့ဖြိုးတိုးတက်ရန် မျိုးကောင်းမျိုးသန့်များ ရှာဖွေပေးခြင်း၊ ကုန်စည်ရောင်းဝယ်ပြုလုပ်ရာတွင် အကျိုးအမြတ်ရရှိမှု နည်းလမ်းများကို မြို့နယ် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန တာဝန်ခံဦးစောမောင်က ကျေးရွာများ သို့ကွင်းဆင်း၍ အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



**မကွေးတိုင်းဒေသကြီး နတ်မောက်မြို့တွင် ယာဉ်အန္တရာယ်ကင်းရှင်းရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာဆောင်ရွက်စေရန်အတွက် မေ ၈ ရက် နံနက် ၈ နာရီက မြို့အဝင်လမ်းဖြစ်သည့် နတ်မောက်–ပျော်ဘွယ်လမ်းနှင့် နတ်မောက်–မြို့သစ်လမ်းများတွင် ကွင်းဆင်းဆောင်ရွက်ခဲ့ရာ မော်တော်ဆိုင်ကယ် ဦးထုပ်မဆောင်းဘဲ မောင်းနှင်သူများနှင့် နှစ်ဦးထက်ပိုစီးသူများကို တရားရုံးနှင့်ညှိနှိုင်း၍ ပြစ်မှုပြစ်ဒဏ်များ ချမှတ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။** သတင်းနှင့်ဓာတ်ပုံ- လှဝင်း

# လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာ သင်တန်းဆင်း လက်မှတ်အပ်နှင်းပွဲ ကျင်းပ

**ပုသိမ် မေ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ လုပ်ငန်းခွင်အကြို မူလတန်းဆရာ အတတ်ပညာသင် သင်တန်းဆင်းလက်မှတ်အပ်နှင်းပွဲအခမ်းအနားကို မေ ၈ ရက် နံနက် ၈ နာရီက ပုသိမ်ပညာရေးကောလိပ် ပညာရတနာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဝန်ကြီးချုပ်ဦးသိန်းအောင်က လမ်းညွှန်အမှာစကားပြောကြားသည်။ ယင်းနောက် လုပ်ငန်းခွင်ဝင်မည့် သင်တန်းသားဆရာ၊ ဆရာမများက ဆရာများခံယူအပ်သည့် သစ္စာအဓိဋ္ဌာန် (၆)ချက်ကို ရွတ်ဆိုခဲ့ကြသည်။

ဆက်လက်၍ ပုသိမ်ပညာရေးကောလိပ်ကျောင်းအုပ်ကြီးက ဆရာ ဆရာမများအား လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာ သင်တန်းဆင်းလက်မှတ်များကို အပ်နှင်းခဲ့သည်။ အဆိုပါသင်တန်းဆင်းဆရာ ဆရာမ ၃၇၃ ဦးအား ဝိဇ္ဇာ၊ သိပ္ပံပညာရပ်များကို စာတွေ့လက်တွေ့ခြောက်လကြာသင်တန်းပေးခဲ့သည်။ **မျိုးမင်းသိန်း(ပြန်/ဆက်)**

# ကသာမြို့ရပ်ကွက်(၈) တံတားအား စစ်ဆေးပြုပြင်

**ကသာ မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့တွင် ၂၀၁၅ ခုနှစ် မေ ၅ ရက် နံနက် ၁၀ နာရီက ကသာခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်း ခေါင်းဆောင်သောအဖွဲ့သည် ကသာမြို့ရပ်ကွက် (၈) နှင့် ရပ်ကွက်(၄) ကို ဆက်သွယ်ထားသော သစ်သားတံတားအား သွားရောက်စစ်ဆေး၍ပြုပြင်ရန် လိုအပ်သော အစိတ်အပိုင်းများကို စစ်ဆေး၍ ပြုပြင်ခဲ့ကြောင်း သိရသည်။

ရပ်ကွက် (၈) နှင့် ရပ်ကွက်(၄) ဆက်သွယ်ထားသော တံတားသည် မြို့တွင်းသွားလာသူများ၏ ကျေးရွာသို့သွားသော လမ်းပေါ်တွင်ရှိသဖြင့် ခရီးသွားများစွာ အသုံးပြုသည့် တံတားဖြစ်ကြောင်း သိရသည်။

ကသာခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်းနှင့် အတူ မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်၊ မြို့နယ်စည်ပင်ဥက္ကဋ္ဌ ဦးတင်ဌေး၊ မြို့နယ်စည်ပင်အရာရှိ ဦးသန်းဦးတို့အဖွဲ့က တံတားကို စစ်ဆေး၍ မြို့တွင်း လမ်းများ ချဲ့ထွင်နေမှုအခြေအနေကိုလည်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ကသာခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်းက "မြို့တွင်းလမ်းတံတား အဆောက်အအုံကို တတ်နိုင်သမျှ စစ်ဆေးပြုပြင်ပါတယ်။ အခုလည်း မြို့တွင်းလမ်းချဲ့မှုတွေကို လုပ်နေတယ်။ စည်ပင်ဘတ်ဂျက်နဲ့ မြေသားလမ်းတိုးချဲ့မှုတွေ ထပ်လုပ်ဖို့ရှိပါတယ်" ဟု ပြောကြားခဲ့သည်။ **အေးလွင်(ကသာ)**


## အထူးကျေးဇူးတင်ရှိခြင်း

မေလ (၇) ရက်နေ့မှ (၁၀) ရက်နေ့အထိ တပ်မတော်ခန်းမတွင် ကျင်းပပြုလုပ်သော **International Security & Office Soluction With Modern Electronic Expo 2015** "ခေတ်သစ်ကမ္ဘာတွင် လုံခြုံစွာနေထိုင်နိုင်ဖို့ လုံခြုံရေးဆိုင်ရာ ပစ္စည်းမိတ်ဆက်ပွဲကြီးနှင့် ရုံးသုံး၊ လုပ်ငန်းသုံး အီလက်ထရွန်နစ် ပစ္စည်းများ ပြပွဲကြီး" ကို **Fisca Security & Communication Co., Ltd. (Fisca Enterprises)** မှ **Main Sponsor** ပြုလုပ်၍ အောင်မြင်စွာကျင်းပပြီး မေလ (၇) ရက် နံနက် ၇း၃၀ နာရီတွင် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သော ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်ဝင်း နှင့် **Fisca** Enterprises **Managing Director** ဦးဇော်ဝိတ် တို့အား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

**Myanmar Promotional Services (MPS) Co., Ltd.**





# ရိုးရာစည်းမျဉ်းနှင့် အကသဘင်

**ယခင်နေ့မှ အဆက်**

သဘင်ပညာသည်တစ်ဦးကျော်ကြားသည် ဆိုလျှင် တစ်ခုကောင်းရှိကြပါသည်။ မထွေးလေးကို ကျော်ကြားခြင်းမှာ တစ်ခုမကစွမ်းသည့် အရည်အသွေးရှိသောကြောင့် ဖြစ်သည်။ မထွေးလေးအက၊ မထွေးလေးဟန်အမူအရာ၊ မထွေးလေးဇာတ်စီးပုံမျိုးကား ယနေ့တိုင် သူ့ကိုမီသူ မပေါ်သေး။ နောင်လည်းပေါ်ဖို့မလွယ်ဟူ၍ သဘင်ရည်ဝသူတိုင်းက ဝန်ခံခဲ့ကြသည်။

မြန်မာ့အမျိုးသမီးစာစောင်တွင် မထွေးလေးမျိုးရိုးဇာတိမှာ ဘိုးတော်ဘုရားလက်ထက် မင်းသားကြီးသီဟနှင့် နှမတော်စပ်သည့် ကြင်ရာတော်မမကြီးတို့မှာ ၁၂၂၆ ခုနှစ်တွင် ကျောက်ဆည်ခရိုင် အိုးထုတ်ကုန်းရွာ၌ ဖွားမြင်ခဲ့၍ မထွေးလေးဆောက်လုပ်လှူဒါန်းခဲ့သော လောကတန်ဆောင်းဘုရား၏ ကျောက်စာသံပိုင်းလက်ာ၌ ရေးထိုးထားသည်မှာ "အောင်မြေအမရ၊ တည်ဖန်သာတည့်၊ မင်းများဥက္ကဋ္ဌ၊ ဘိုးတော်နတ်၏ မြေမြန်သကမင်းသီဟနှင့် နှမအိမ်ရှင်၊ ဝတ်ငါးအင်ဖြင့်၊ ကြင်စလျာနီး၊ မမကြီးတို့၊ မညီးရင်သွေး၊ ဂုဏ်ပြန့်မွှေးသား၊ ခင်ထွေးမည်ရကျောင်းအစ်မလျှင်"ဟူ၍ ရှိခဲ့သည်။

ကျောက်စာအရ သူ၏ မျိုးရိုးဗီဇကိုသိရသည်။ ၁၂ နှစ်သမီးကပင် သီပေါနန်း၌ စုဖုရားကြီး၊ စုဖုရားလတ်တို့ထံ၌ အပျိုတော်အဖြစ်ခံစားခဲ့သည်ဟူ၍ သိရသည်။ မြန်မာအကပညာကို ဉာဏ်နှင့်တီထွင်ဖန်တီးနိုင်သော ရှေးမင်းသမီးကြီးများအနက် ရုပ်လည်းချော ကိုယ်နေဟန်နွဲ့နှောင်းပြေပြစ်သော လှပလွန်း၍ မင်းသမီးအကဲပါလွန်းခြင်း "မှင်"ဗျာပါကြားအလွန်ကောင်းသည် စသော ဂုဏ်ပုဒ်များနှင့်စွယ်စုံရမင်းသမီးကြီးသည် တစ်ခေတ်တွင် တစ်ယောက်သာထွန်းသည်ဟု ဆိုစမှတ်ပြုကြသည်။

မထွေးလေး၏ ကိန္နရာအက၊ ထဘီအနားခတ်အက၊ ကြည့်မငြီးပေဟုဆိုပါသည်။ သုခနေ့၊ ဒွေးမယ်နော်ကို မျှားမျှားကတတ်သည်။ မနောဟရီဇော်၊ ပဋ္ဌာစာရီဇာတ်များ၌ အစွမ်းကုန်အလွမ်းသယ်ပြသည်။ မထွေးလေး၏ ဆရာများမှာ ဆရာပုကြီး၊ ဆရာညိုနှင့် ဆရာစိမ့်တို့ဖြစ်ကြ၍ မထွေးလေးဆိုခဲ့သော မင်္ဂလာရှင်ပြုပြောသီချင်းကို စိန်ဗေဒါက နောက်မှ မင်္ဂလာဗျောညွှန့်ဟုဆိုခဲ့ကြောင်း ဦးသော်ဇင် စာအုပ်၌ ညွှန်ပြထားသည်။ မန္တလေးပန်တျာကျောင်း၌ အကနည်းပြနေသည့် ဆရာမကြီး ဒေါ်ဩဘာသောင်းမှာ အမေထွေးကို မီသူ၊ အမေထွေးထံ တပည့်ခံနည်းယူ၊ အမေထွေး၏ ဟန်ကလေးများနှင့်အကကို ကြိုးစားအတုယူသူမှာ ဒေါ်ဩဘာသောင်းပင်ဖြစ်သည်။ သဘင်ပညာနှင့်ပတ်သက်လျှင် မန္တလေးအနှစ်တစ်ရာသဘင်တွင် နန်းတွင်း အီနောင်ဇာတ်၊ ရာမဇာတ်စသည်တို့ကို ကပြသည့် မယင်းတော်တို့၊ ကွမ်းငုံတို့၊ မဆင်ခိုးတို့၏ ခေတ်ကို မန္တလေးပထမသဘင်(သို့မဟုတ်) ရတနာပုံခေတ်ဟု ခေါ်နိုင်ပါသည်။

မထွေးလေးတို့ ဆရာပုတို့ခေတ်ကို မန္တလေး ဒုတိယသဘင်ခေတ်ဟု ခေါ်ဆိုကြသည်။ မြခြေကျင်း၊ မငွေမြိုင်တို့ လေဘာတီမမြရင်တို့၊ ဩဘာသောင်းတို့ခေတ်ကို မန္တလေး တတိယခေတ်ဟု မှတ်သားကြရပေမည်။ စစ်ပြီးပန်တျာခေတ်ကို မန္တလေးစတုတ္ထသဘင်ခေတ်ဟုခေါ် ဆိုမှတ်ကြရမည်။ တစ်ခေတ်တွင် တစ်ခါထွန်းဆိုသကဲ့သို့ အကပညာနှင့်ပတ်သက်လျှင် နာမည်ကြီးအကပညာရှင်များ ရှေးကတည်းက ပေါ်ထွန်းခဲ့ပေသည်။ ဥပမာ အကျဉ်းအားဖြင့်ဖော်ပြရလျှင် ဒေါ်ယင်းတော်၊ ဒေါ်ဆင်ခိုး၊ မထွေးလေး၊ ဒေါ်စိန်တင်၊ ဒေါ်စိန်၊ ဒေါ်ဒေလီညွှန့်၊ အိန္ဒိယစိန်မှုံ၊ ဒေါ်ဩဘာသောင်း၊ မြခြေကျင်း မငွေမြိုင်၊ လေဘာတီမမြရင်၊ ဒဂုန်ခင်လှကြည်ယုဝတီ၊ ဒေါ်ခင်ညွှန့်၊ ရွှေလိပ်ပြာမအေးကြည်၊ ကောလိပ်မြိုင် ရွှေနှင်းဆီ၊ ဖက်ရှင်မအောင်ငွေ၊ ဂီတမယ်လှလေးစိန်၊ ကောလိပ်စိန်ခေါ်မမြလွင်နှင့် အခြားနာမည်သိပ် မကြီးသော အကပညာရှင်များ ဖြစ်ကြလေသည်။

အကအနုပညာနှင့်ပတ်သက်လျှင် အပျိုတော်ခန်းကို မေ့ထား၍မရ။ ပညာပါသော မြန်မာ့ကိုယ်ပိုင်သဘင်သည် လေးစားစရာ အလွန်ကောင်းပါသည်။ လောကနတ်တီးချက်များတွင် အပျိုတော် "ပလို့" ကများကို ကကြသည်။ ထိုကချက်ကို အပျိုတော် ၁၂ ခန်းဟု အချို့ကခေါ်ကြသည်။ ပလို့ ၁၂ ခန်းဟုလည်း ခေါ်ဆိုသည်။ ပလို့ကဟုခေါ်ခြင်းမှာ ဆိုင်းက "ပလို့ဂို၊ ပလို့ဂို"ဟု တီးပေးသဖြင့် ပလို့ကဟု ခေါ်သည်ဟု ထင်ပါသည်။ အပျိုတော် ၁၂ ခန်းခေါ်သော ကချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) ဝိဇ္ဇာပတိ ကျော-လက်ပြင်-လက်မောင်းတို့ကို လှုပ်၍ကပြခြင်း။
(၂) ဝိလာသတိ ငြိမ့်ငြိမ့်ညောင်းညောင်းရွေ့ပြောင်း၍ ခြေကိုမကြွဘဲကပြခြင်း။
(၃) ဝိလစ္စတိ ဆတ်ခနဲ့နောက်သို့ဆုတ်၍ ကပြခြင်း။
(၄) ဝိရန်ဝိရတိ ပေါင်သားကိုလှုပ်၍ ကပြခြင်း။
(၅) ကရိစသေထိ ခါးကိုဘယ်ညာလှုပ်၍ ကပြခြင်း။
(၆) ဂုယှဘန်ဒါန် ခြေသလုံးကြွက်သားပေါ်အောင် ထဘီအနားများကို ခတ်၍ကပြခြင်း။
(၇) ဒန် အသားမြတ်၊ ရင်လွှာတန်ဆာ၊ ဘယက်လည်ဆွဲများကို လှုပ်၍ကပြခြင်း။
(၈) ကစ္ဆုံလက်ကတီး ချိုင်းပေါ်မြောက်၍ ချ၍ကပြခြင်း။
(၉) နတိမ် ချက်ဗိုက်တင်တို့ကိုလှုပ်၍ကပြခြင်း။
(၁၀) ပါဒေနံ ခြေတစ်ဖက်၊ လက်နှစ်ဖက် ရှေ့ကိုထုတ်၍ အနိမ့်အမြင့်လှုပ်ရှား၍ ကပြခြင်း။
(၁၁) မမုတံ မျက်ခုံးနှစ်ဖက်ကို အမျိုးမျိုးလှုပ်၍ ကပြခြင်း။
(၁၂) အင်္ဂေ မျက်စိနှစ်လုံးကို ဝိုင်းအောင်သော်လည်းကောင်း၊ ထောင့်သို့ကပ်၍ သော်လည်းကောင်း၊ စွေ၍သော်လည်း ကောင်း ကပြခြင်းများဖြစ်ပေသည်။

၎င်းအကများကို "ပလို့က"အကများဟု ခေါ်ဆိုပါသည်။ ပါဠိလိုရေးသားထားသဖြင့် အိန္ဒိယပြည် စာပေကျမ်းဂန်များ၌ ဖော်ပြထားသည့် အကဖြစ်တန်ရာသည်။ အကများကို ဝေဖန်စိစဉ်ကြည့်သောအခါ ယောက်ျားများအား စိတ်ညွတ်နူးယိုင်လာစေရန် မြူဆွယ်သည့်အက အများအပြားပါဝင်နေသည်ကို တွေ့ရပေသည်။ ထိုအကများသည် အိန္ဒိယ၌ စတင်ပေါက်ဖွားလာသော အကများချည်း ဖြစ်သည်ဟူ၍ မဆိုသာပေ။ နတိမ်ချက်၊ ဗိုက်၊ တင်တို့သည် အီဂျစ်အမျိုးသမီးများနှင့် ဟာဝေယံအမျိုးသမီးတို့၏ တင်လှုပ်အကသည်များကား အနုပညာပါသည်ဟု ဆိုနိုင်ပေသည်။ အပြစ်ကင်းသော ပလို့အကများ မြန်မာ့အနုပညာတွင်ရှိပြီးဖြစ်သည်။ ထို့အပြင် ၁၂ ခန်းပါရင်လှုပ်၊ တင်လှုပ်အကများကို မကဘဲ မြန်မာယဉ်ကျေးမှုနှင့် ဆီလျော်ကိုက်ညီပြီး အနုပညာမြောက်သော အကများကို လောကနတ်သီချင်းအပိုင်းတွင် ကပြရပါသည်။

အပျိုတော်များအတွက် အပြစ်ကင်းစင်သော အကများရှိကြောင်း သာဓကတစ်ခုမှာ ယဉ်ကျေးမှုနှင့် လိုက်လျော်ကိုက်ညီသည့် အကများကို ယဉ်ကျေးမှုဝန်ကြီးဌာန၊ ကဇာတ်ဌာနခွဲမှ တစ်ကြိမ်က ပဒေသာယိမ်းအက တစ်ခုအဖြစ် စီစဉ်တင်ဆက်ခဲ့သော အပျိုတော်ယိမ်းမျိုးဖြစ်ပါသည်။ နတ်ကတော်ယိမ်းနှင့် အပျိုတော်ယိမ်းတို့မှာ သီးခြားသက်သက် တစ်မျိုးတစ်ဘာသာစီဖြစ်သည်။ အလွန်ယဉ်ကျေးဖွယ်ရာရှိပြီး အကအနုပညာတွင် အဆင့်အတန်းမြင့်သော ယိမ်းတစ်ခုဖြစ်သည်။

အပျိုတော်ထွက်လင့် တတ်ထိုက်သော သဘင်အနုပညာတွင်ပါဝင်သည့် ဦးသောင်းဇင်၏ စာအုပ်တစ်အုပ်တွင် အလင်္ကာမှာ "အပျိုတော် ၁၂ ခန်း စာတမ်းနှင့် မှတ်သားမည်ရှင်၊ ဆရာများကထားခဲ့သချာ၊ နည်းသိပွဲနည်းယူစရာ၊ ထီးနန်းရယ်တန်မူရနှင့်သဏ္ဍာန်တူ စွာပမာမှီလို့ မိဖုရားကြီးများလည်း လုပ်တတ်ရမယ်။ လိုချင်ခဏ္ဍစိတ်မှာစွဲလို့၊ မြဲမှတ်ကြ၊ ဘီလူးမနန်းကဝေ၊ ပုဏ္ဏေးမဝံ့မရုပ်သွင်၊ တူအောင် တမင်လုပ်၊ မော်ကတော်၊ နတ်ကတော်၊ သူကြီးကတော်၊ သူကြွယ်ကတော်၊ တော်တော်မဟုတ်၊ အရုပ်နှင့်သဏ္ဍာန်၊ မူမှန်မှန်ချိန်ဆ၍ ဘိက္ခုနီမကျတော့တရားနဲ့ယှဉ်၊ အောင်သွယ်မစကားတရွှင်ရွှင်၊ ဂုံးရုပ် ကျပြန်တော့ အများခင်းမချဉ်းချင်နေ၊ ချဉ်းချင်ချဉ်၊ ပညာသာပနေ၊ သရုပ်ကိုတူအောင်ပြရမတဲ့ အဲဒါမှ သဘင်တွင်မော်နိုင်မည်၊ ပညာကျော်ကဝတီဇာတ်ဆရာတို့က သိမှတ်စရာ ရေးလိုက်သနော် အပျိုတော်"

**ဆက်လက်ဖော်ပြပါမည်။**


## စက်မှုဝန်ကြီးဌာန
## အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ စက်ရုံများမှ အသုံးမလိုပိုလျှံစက်နှင့်စက်ပစ္စည်း၊ စက်အရန်ပစ္စည်း၊ အထွေထွေပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်းရောင်းချလိုပါသည်။

(က) ချည်မျှင်နှင့်အထည်နည်းပညာဖွံ့ဖြိုးရေးဌာန(ရန်ကုန်) - စက်နှင့်စက်ပစ္စည်း ၂၆ မျိုး
(ခ) အမှတ်(၁)အထည်စက်ရုံ(ရွှေတောင်) - စက်နှင့်စက်ပစ္စည်း ၂ မျိုး
(ဂ) အမှတ်(၃)အထည်စက်ရုံ(စစ်ကိုင်း) - စက်နှင့်စက်ပစ္စည်း အထွေထွေပစ္စည်း ၁၀၇ မျိုး
(ဃ) အမှတ်(၃)အထည်စက်ရုံခွဲ(စစ်ကိုင်း) - စက်နှင့်စက်ပစ္စည်း ၄ မျိုး
(င) အမှတ်(၄)အထည်စက်ရုံ(ပွင့်ဖြူ) - စက်နှင့်စက်ပစ္စည်း ၁၄ မျိုး
(စ) အမှတ်(၅)အထည်စက်ရုံ(ပခုက္ကူ) - စက်နှင့်စက်ပစ္စည်း ၂ မျိုး
(ဆ) အမှတ်(၆)အထည်စက်ရုံခွဲ(မုံရွာ) - စက်နှင့်စက်ပစ္စည်း ၅ မျိုး
(ဇ) အမှတ်(၁၀)အထည်စက်ရုံ(တောင်သာ) - စက်နှင့်စက်ပစ္စည်း အထွေထွေပစ္စည်း ၁၃ မျိုး

၂။ တင်ဒါဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။
(က) တင်ဒါပုံစံရောင်းချမည့်ရက် - ၁၅-၅-၂၀၁၅ ရက်
(ခ) တင်ဒါပုံစံရောင်းချမည့်နေရာ
(၁) နေပြည်တော် - အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း (စီမံရေးဌာန)၊ ရုံးအမှတ်-၃၇
(၂) ရန်ကုန် - အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း (ရုံးခွဲ) အမှတ်(၁)၊ သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်
(ဂ) တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၅-၆-၂၀၁၅ရက်၊ ၁၆း၀၀နာရီ
(ဃ) တင်ဒါပေးသွင်းရမည့်နေရာ - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်-၃၇၊ နေပြည်တော်

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။
(က) အထွေထွေမန်နေဂျာ(စီမံရေး)၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ နေပြည်တော် ဖုန်းနံပါတ် ၀၆၇-၄၀၈၁၈၅၊ ၀၆၇-၄၀၈၃၃၈၊ ၀၆၇-၄၀၈၁၅၆
(ခ) လုပ်ငန်းရုံးခွဲ (ရန်ကုန်) ဖုန်းနံပါတ် ၀၁-၅၅၄၁၇၇၊ ၀၁-၅၅၈၃၃၆



မှူးယစ် ဆန့်ကျင် အောင်ပွဲဆင်



## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (ကြေညာချက်)

မြန်မာ့ကမ်းလွန်ပင်လယ်ပြင်ရှိ ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးလာမှုနှင့်အတူ တွဲဖက်မြင့်မားလာသည့် ဝန်ဆောင်မှုလုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် ကမ်းလွန်အခြေစိုက် စခန်းများ တည်ထောင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။အဆိုပါကမ်းလွန်အခြေစိုက်စခန်းများနှင့် ဆက်စပ်လုပ်ငန်းများတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်ရန် စိတ်ပါဝင်စားသော ပြည်တွင်း/ပြည်ပကုမ္ပဏီများအနေဖြင့် ၂၅-၅-၂၀၁၅ရက်မှ ၁၂-၆-၂၀၁၅ရက်အထိ ရုံးချိန်အတွင်းတွင် ကြိုတင်ရက်ချိန်းရယူ၍ လာရောက်ဆွေးနွေးနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဆက်သွယ်ရန်- (၁) ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊
စွမ်းအင်ဝန်ကြီးဌာန၊
ရုံးအမှတ်(၄၄)၊ နေပြည်တော်၊
ဖုန်း -၉၅-၆၇-၄၁၁၀၅၅၊ ၉၅-၆၇-၄၁၁၀၅၆
ဖက်(စ်) -၀၆၇-၄၁၁၁၂၅
**email- mogemd@energy.gov.mm**

(၂) အထွေထွေမန်နေဂျာ
(သာကေတကမ်းလွန်အခြေစိုက်စခန်း)
ဖုန်း -၉၅-၁-၅၄၂၇၃၂
ဖက်(စ်)-၉၅-၁-၄၅၀၄၅၄
**email-mogegmtka@energy.gov.mm**



## ကလေးနာမည်ပေးနာမည်ကျော်ဆရာကြီး ရာဇာဇော်ဝင်း(LL.B)နှင့်သာဆက်သွယ်ပါ

ရှေးမူမပျက်ခေတ်မီလှပသောနာမည်လှလှလေးများကိုဖုန်းသာဆက်လိုက်ပါကင်ပွန်းတပ်ရက်/မင်္ဂလာမော်ကွန်း/ စာတာ/ ဂဏန်းဗေဒင်အဟောများ/ နက္ခတ်အဟောများ/



မိဘနာမည်တွဲသုံးပုံလမ်းညွှန်/ တစ်သက်တာဟောစာတမ်းများ/ နာမည်ပေးပါရဂူဆရာကြီးနှင့်ဆက်သွယ်လျှင်ထူးချွန်သောကလေးဖြစ်စေရန် အာမခံသည်။ ရင်သွေးငယ်၏ အနာဂတ်အလုံးစုံပါဝင်သောအကြားအမြင်ဟောစာတမ်းပါဦးမည်၊ကလေးအတွက်အစုံပါသည်အိမ်ပို့၇၀၀၀ကျပ်ဖြင့်နယ်သို့စာတိုက်မှပို့မည်။လူကြီးများလိုရာမေး ကွန်ပျူတာဖြင့်နာမည်မပေးပါ။ ကိုယ်ဝန်ဆောင်မိခင်ရက်ကောင်းရွေးစာအုပ်ချုပ်၍ပို့သည်။

အမှတ်(၃၅) ခမြညီထပ်(၈၇)လမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်ရန်ကုန်မြို့၊(ပိတ်ရက်မရှိ)

☎01-394727,01-399426,09-73009994,09-5152521



**အမည်ပြောင်းခြင်း**

အဖ ဦးအောင်ကျော်ဦး၊ အမိ ဒေါ်စန္ဒာဦးတို့၏သမီးဖြစ်သူ အထက(၄) အလုံ၊ စတုတ္ထတန်း(C)မှ မမေမျက်ချယ်ဦးအား မမေဖူးခင်ခင်ဟု ပြောင်းလဲ ခေါ်ဆိုပါရန်။

မမေဖူးခင်ခင်



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန(လမ်းဦးစီး)၊ နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင်နှင့် ဒက္ခိဏခရိုင်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား (မြန်မာကျပ်ငွေဖြင့်) လုပ်ငန်းခွင်အရောက် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| အိတ်ဖွင့်တင်ဒါအမှတ် | - | အမှတ်(၁)၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် |
| တင်ဒါစတင်ရောင်းချမည့်ရက်/အချိန် | - | ၂၀-၅-၂၀၁၅ ရက် (ရုံးချိန်အတွင်း) |
| တင်ဒါပိတ်မည့်ရက်/အချိန် | - | ၁-၆-၂၀၁၅ ရက်၊ မွန်းတည့် ၁၂း၀၀ နာရီ |
| တင်ဒါဖွင့်မည့်ရက်/အချိန် | - | ၂-၆-၂၀၁၅ ရက်၊ နံနက် ၁၀း၀၀ နာရီ |
| တင်ဒါတင်သွင်းစိစစ်ရွေးချယ်မည့်နေရာ | - | ညွှန်ကြားရေးမှူးရုံး(မြို့ပြ)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ (လမ်းဦးစီး)၊ နေပြည်တော်ကောင်စီနယ်မြေ၊ ဖုန်း ၀၆၇-၂၁၀၁၁ |

အသေးစိတ်အချက်အလက်များအား ၂၀-၅-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဥတ္တရခရိုင်ရုံး ဖုန်း-၀၆၇-၂၁၁၅၄၊ ဒက္ခိဏခရိုင်ရုံး ဖုန်း ၀၆၇-၂၄၆၆၉သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ



## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ဓာတ်အားခွဲရုံများအတွက် လိုအပ်သော Communication Equipment များကို မြန်မာ ကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

| | | |
|---|---|---|
| တင်ဒါပုံစံရောင်းချမည့်ရက် | - | ၁၁-၅-၂၀၁၅ရက် |
| တင်ဒါပိတ်မည့်ရက် | - | ၈-၆-၂၀၁၅ရက် |
| တင်ဒါပိတ်မည့်အချိန် | - | ၁၄း၀၀နာရီ |

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ ဖုန်း ၀၆၇-၄၁၀၂၈၂



# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြို့သန့်ရှင်းသာယာလှပရေး စုပေါင်းဆောင်ရွက်

**မြန်အောင် မေ ၁၀**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်မြို့သန့်ရှင်းသာယာလှပရေးအတွက် မြန်အောင်တွင် မေ ၉ ရက် နံနက် ၇ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်းဆွေ၊ ဦးအောင်မျိုးညွန့်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးသန်းအေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌဦးခင်မောင်သက်နှင့် အဖွဲ့ဝင်များ၊မြန်အောင်မြို့နယ်ရှိ နိုင်ငံရေးပါတီများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်ဝန်ထမ်းများ၊မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်းဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ စုစုပေါင်း အင်အား ၄၀၀ကျော်ဖြင့် ရုံးပွဲလမ်းထိပ်မှစ၍ အမှတ် (၅) ရပ်ကွက်၊ အမှတ် (၆) ရပ်ကွက်ရှိ လက်ပန်တာကြီးတန်း၊ ရွှေဘုံသာဘုရား အလယ်ရပ်နှင့် လက်ပန်ရပ်လမ်းအတိုင်း နှင့် အမှတ် (၃) ရပ်ကွက်၊ အမှတ် (၂) ရပ်ကွက်နှင့် အမှတ် (၄) ရပ်ကွက်ရှိ ရုံးပွဲတန်း၊ ကြာနီကန်လမ်းမကြီး ကျောင်းတိုက်ကြီးလမ်းနှင့် ကျိတ္တန်းအလယ်လမ်းတစ်လျှောက် ကျွတ်ကျွတ်အိတ်၊ ပလပ်စတစ်နှင့်အခြားအမှိုက်များ ကောက်ယူရှင်းလင်းခြင်းကိုပျော်ပျော်ပါးပါး ဆောင်ရွက်ခဲ့ကြသည်။

**ဝင်းဗိုလ် (မြို့နယ်ပြန်/ဆက်)**

# (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

## နေ့ရက်အလိုက် ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲအစီအစဉ်များ

&up| 12 - 5 - 2015 ( t *|ae)

| စဉ် | ပြိုင်ပွဲကျင်းပသည့်နေရာ | ပြိုင်ပွဲဘာသာရပ် | ပြိုင်ပွဲအဆင့် | စတင်ကျင်းပမည့်အချိန် | |
|---|---|---|---|---|---|
| ၁ | စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ) | အဆို(အမျိုးဂုဏ်၊ ဇာတိဂုဏ်) | ဝါသနာရှင်(ဒုတိယတန်း)အမျိုးသမီး | နံနက် | ၀၉:၀၀ |
| | | အဆို(အမျိုးဂုဏ်၊ ဇာတိဂုဏ်) | အဆင့်မြင့်ပညာ (အမျိုးသား) | မွန်းလွဲ | ၁၃:၀၀ |
| ၂ | စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ) | | | | |
| ၃ | မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ) | အက(တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာအက) | အလွတ်တန်း | နံနက် | ၀၉:၀၀ |
| ၄ | စိုက်ပျိုးရေးသုတေသနဦးစီးဌာန (သင်တန်းခန်းမ-၁) | အရေး(တေးသီချင်းပြိုင်ပွဲ) | ဝါသနာရှင်(ဒုတိယတန်း) | နံနက် | ၀၉:၀၀ |
| ၅ | သစ်တောသုတေသနဌာန (စုဝေးခန်းမ) | အတီး(ဆိုင်းတစ်ဦးချင်း) | ဝါသနာရှင်(ဒုတိယတန်း) (အမျိုးသမီး) | နံနက် | ၀၉:၀၀ |
| | | အတီး(ဆိုင်းတစ်ဦးချင်း) | အခြေခံပညာအသက်(၁၀နှစ်ပြည့်မှ ၁၅နှစ်အတွင်း) (အမျိုးသမီး) | | |
| | | အတီး(ဆိုင်းတစ်ဦးချင်း) | အဆင့်မြင့်ပညာ(အမျိုးသား) (အမျိုးသမီး) | မွန်းလွဲ | ၁၃:၀၀ |
| ၆ | စိုက်ပျိုးရေးတက္ကသိုလ် (ပတ္တမြားခန်းမ) | အက(ကွက်စိပ်) | ဝါသနာရှင် | နံနက် | ၀၉:၀၀ |
| ၇ | စိုက်ပျိုးရေးသုတေသနဦးစီးဌာန (စုဝေးခန်းမ) | | | | |
| ၈ | သစ်တောတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ) | အတီး(ဒုံမင်း) | ဝါသနာရှင်(ပထမတန်း) (အမျိုးသမီး) | နံနက် | ၀၉:၀၀ |
| | | အတီး(ဒုံမင်း) | အဆင့်မြင့်ပညာအသက်(၁၀နှစ်ပြည့်မှ ၁၅ နှစ်အတွင်း) (အမျိုးသား) (အမျိုးသမီး) | | |
| | | အတီး(ဒုံမင်း) | ဝါသနာရှင်(ဒုတိယတန်း) (အမျိုးသား) (အမျိုးသမီး) | မွန်းလွဲ | ၁၃:၀၀ |

INVITATION FOR OPEN TENDER(3/2015)
[ TENDER NO. MPPE/JET A1/T/1(2015-2016)]

1. Open Tender is invited for the Myanma Petroleum Products Enterprise, the Ministry of Engery for the supply of JET A1(282,000 bb1± 10%)
2. Tender Closing Date&Time - 26-5-2015,12:00 Hrs
3. Tender Opening Date& Time - 26-5-2015,13:00 Hrs
4. Delivery Time - 1st July 2015 to 31st October 2015
5. Tender documents and details are available at the Department of Finance, the Myanma Petroleum Products Enterprise,Nay Pyi Taw, during office hours commencing 11-5-2015 on payment of Myanmar Kyat One Hundred Thousand(Kyat 100,000) per set.
6. Only bid from tenderer who has purchased tender document officially from the Myanma Petroleum Products Enterprise will be accepted for evaluation.

Managing Director
Myanma Petroleum Products Enterprise
Ministry of Engery ,No(6) Complex, Nay Pyi Taw
Contact Phone No.067-411487/ 411486/411280




SEVEN စံ ၈၇
မြေကွက်ရောင်းဝယ်ရေး
ဒဂုံဆိပ်ကမ်း ၊ အရှေ့ပိုင်း၊
တောင်ပိုင်းရှိ မြေကွက်များ
ရောင်းလိုပါသလား?
SEVEN စံ နှင့်ဆက်သွယ်လိုက်ပါ။
အိမ်အရောက်ငွေပေးချေသည်
"ပွဲခလုံးဝမယူပါ"
Ph:09-33333 511, 09-33333 514
09-33333 644






ဗိုလ်လောင်းသင်တန်း - အမှတ်စဉ်(၆၄)
(၃၂)နှစ်မြောက် နှစ်ပတ်လည်နေ့ဖိတ်ကြားခြင်း

အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်းများနှင့်မိသားစုအားလုံး တက်ရောက်ပေးပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်-

| | | |
|---|---|---|
| နေ့ဆွမ်းဆက်ကပ်ခြင်း | ။ | ၁၃.၅.၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၀၉း၃၀ နာရီ ကန်ဖျားကျောင်းတိုက် ၊ တက္ကသိုလ်ရိပ်သာလမ်း ၊ ရန်ကုန်မြို့။ |
| ညစာစားပွဲအစီအစဉ် | ။ | ၁၆.၅.၂၀၁၅ ရက် (စနေနေ့) ညနေ ၀၆း၀၀ နာရီ |
| (က) ရန်ကုန် | ။ | ကုန်းမြင့်သာ စားသောက်ဆိုင် |
| (ခ) နေပြည်တော် | ။ | မန္တလေးယူနန် စားသောက်ဆိုင် |
| (ဂ) မန္တလေး | ။ | ကန်တော်ကြီး ကုက္ကိုကျွန်း စားသောက်ဆိုင် |

# CROWN Ready Mixed Concrete

## ဝန်ထမ်းအလိုရှိသည်

| | |
|---|---|
| 1. Batching Plant Manager | (1) ဦး |
| 2. Sales & Marketing Manager | (1) ဦး |
| 3. Sales & Marketing Supervisor | (3) ဦး |
| 4. Sales & Marketing Staff | (3) ဦး |
| 5. Concrete Quality Control | (2) ဦး |

- ဘွဲ့ရ၊ ကွန်ကရစ်လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။
- အမှတ်စဉ်(၂/၃/၄)အတွက် ယာဉ်မောင်းကျွမ်းကျင်သူ ဦးစားပေးမည်။
- မန္တလေးမြို့တွင် နေထိုင်မှုအတွက် စီစဉ်ပေးမည်။

လျှောက်လွှာတင်ရန် (၈း၃၀နာရီမှ ၄း၃၀နာရီ)အထိ(ဥပုသ်နေ့ရုံးပိတ်သည်)
အမှတ်(၁၅၇)၊ ၇၅လမ်း၊ ၃၄×၃၅လမ်းကြား၊မန္တလေးမြို့။ဖုန်း ၀၂-၇၁၄၂၄ email: hrsandar@gmail.com
၂၂-၅-၂၀၁၅ရက် နောက်ဆုံးထား၍ ဓာတ်ပုံ(၂)ပုံ၊ CV၊ မှတ်ပုံတင်၊ အလုပ်သမားကတ်၊ ပညာအရည်အချင်း၊ ရပ်ကွက်/ရဲစခန်းထောက်ခံစာ၊ ယာဉ်မောင်းလိုင်စင်မိတ္တူဖြင့် လျှောက်ထားနိုင်သည်။

# မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ရွှေအင်ကြင်းရိပ်မွန်အိမ်ရာ အမှတ်(D-1)နေ ဦးမြင့်စိုး[ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း]-ဒေါ်ရီရီဝင်း[အထက်တန်းပြဆရာမ(ငြိမ်း)]တို့၏သားလတ်

မောင်နောင်ရဲခေါင်
**B.A(English)**
**Chief Mate (F.G) (I.M.T CD-30)**
**Director (Zaburitz Pearl Energy Co.,Ltd.)**

နှင့်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ရွှေစံပယ်(၂)လမ်း၊ F.M.I City အမှတ် F-24 နေ ဦးဝင်းချိန်[ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာသစ်လုပ်ငန်း]-ဒေါ်ယဉ်ယဉ်စိုး(The Three Gems Gold & Jewellery Shop) တို့၏ သမီးလတ်

မမြယဉ်ချိန်
**B.A (English)**
**Diploma in Gem Identification (Y.U)**
**Diploma in Pastry and Baking (Shatec, Singapore)**
**My Cakery Confectionery**

တို့၏ ၂၅-၄-၂၀၁၅ ရက်တွင် ရန်ကုန်မြို့ SEDONA HOTEL (Grand Ballroom) ၌ ကျင်းပပြုလုပ်သော မင်္ဂလာညည့်ခံပွဲ အခမ်းအနားသို့ မေတ္တာဖြင့် မင်္ဂလာလက်ဆောင်ပစ္စည်းပေးပို့ချီးမြှင့်ပါသော နိုင်ငံတော် ဒုတိယသမ္မတ သရေစည်သူ ဦးညဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်တို့အားလည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့်ဇနီး ဒေါ်ဆွေဆွေချစ်တို့အားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး(ငြိမ်း) ဦးအောင်ဖုန်းနှင့်ဇနီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်နှင့်ဇနီး၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သစ်တော/သတ္တုဝန်ကြီး ဦးကျော်ဌေးနှင့် ဇနီးတို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော အမျိုးသားလွှတ်တော် အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာ ကော်မတီဝင် ဦးရှုမောင်နှင့်ဇနီး ဒေါ်ခင်နီလာရှိန်တို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီနှင့် ဇနီး ဒေါ်ဥမ္မာကိုတို့အားလည်းကောင်း၊ ၃-၄-၂၀၁၅ရက် ရန်ကုန်မြို့ မင်းကွန်းတိပိဋကကျောင်းတော်၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဦးဆွမ်းကျွေးအလှူတွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး၊ တရားလွှတ်တော်တရားသူကြီးဦးမျိုးမြင့်နှင့် ကြွရောက်ချီးမြှင့်ပေးခဲ့ပါသော နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာညည့်ခံပွဲ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော ရပ်ဝေးရပ်နီးမှ ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် မင်္ဂလာလက်ဆောင်ပစ္စည်းများ ပေးပို့ပါသော ရပ်ဝေးမှ မိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အစစကူညီပေးပါသော ရေကြောင်းအရာရှိ ကပ္ပတိန်များနှင့် Zaburitz Pearl Energy Co.,Ltd မှ ဝန်ထမ်းများအားလည်းကောင်း။ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးလှမျိုး၊ အခါတော်ပေးသီကျူးပေးပါသော တေးသံရှင် ဒေါ်စိမ်းမို့မို့နှင့် မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသော The Aces တေးဂီတအဖွဲ့အားလည်းကောင်း။ မင်္ဂလာပန်းကြဲပေးပါသော မရွှန်းလဲ့ရည်ဝင်းထွန်း၊ မင်္ဂလာစံပယ်ပန်းကုံးဗန်းကိုင်ဆောင်ပေးပါသော မစောဝင့်ရည်ခိုင်၊ မင်္ဂလာလက်ထပ်လက်စွပ်ကလပ် ကိုင်ဆောင်ပေးပါသော မဝါဝါမြင့်မို၊ မင်္ဂလာသတို့သားအရံ မောင်ပြည့်စုံစိုးနှင့် မောင်ကျော်ရန်မှူးသန့်၊ မင်္ဂလာသတို့သမီးအရံ မနန်းမိုဟိန်းနှင့် မမေဖူးသက်ကို၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးပါသော Designer မျိုးမင်းစိုး၊ မိတ်ကပ်နှင့် ဆံပင် ပြုပြင်ပေးပါသော မေဦးနှင့်အဖွဲ့၊ ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးပါသော Forever Wedding+Photo Studio တို့အားလည်းကောင်း၊ ပန်းအလှဆင်ပေးပါသော မစနေ၊ မင်္ဂလာဖိတ်စာပြုလုပ်ပေးပါသော Dagon Printing တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ အကူအညီပေးပါသော SEDONA HOTEL Manager နှင့် ဝန်ထမ်းများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူများ အားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်နောင်ရဲခေါင်-မမြယဉ်ချိန်



ASIA GROUP

TWO ELEPHANT ASIAGROUP CO., LTD




၂၀၁၅ ခုနှစ်၊ ဧပြီလ (၂၅) ရက်နေ့ ရွှေပြည်သာစက်မှုဇုန်တွင် ကျင်းပပြုလုပ်သော
Two Elephant Asiagroup ကုမ္ပဏီသစ်ဖွင့်ပွဲသို့ တက်ရောက်၍မိန့်ခွန်းပြောကြားပေးပါသော
ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးဉာဏ်ထွန်းဦး၊
ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းနွယ်နှင့် နိုင်ငံအသီးသီးမှ တက်ရောက်ပေးပါသော
လုပ်ငန်းရှင်ကြီးများ၊ မြန်မာနိုင်ငံအတွင်းရှိ အနယ်နယ်အရပ်ရပ်မှ ဧည့်သည်တော်မိတ်ဆွေသင်္ဂဟများနှင့်
အခမ်းအနားအောင်မြင်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော Myanmar EMC မှအဖွဲ့သားများအားလုံး
နှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

TWO ELEPHANT ASIAGROUP

TÜV SÜD CERT N.: 2014-0624 ISO 14001 : 2004
TÜV SÜD CERT N.: OHS-2014-0519 BS OHSAS 18001 : 2007
TÜV SÜD CERT N.: 2011-2-2022 ISO 9001 : 2008
bizSAFE STAR
TWO ELEPHANT FAMILY
ASIA® GROUP

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၏ ဖခင် ဦးယုစိန် (အသက် ၈၆ နှစ်) သည် စင်ကာပူနိုင်ငံ Mount Elizabeth ဆေးရုံကြီးတွင် (၅.၅.၂၀၁၅)နေ့ရက်၊ ဒေသစံတော်ချိန် မွန်းလွဲ(၁၂း၅၂) နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် Elite Express Public Co,. Ltd. Management Team နှင့် ဝန်ထမ်းမိသားစုများမှ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

Elite Building Trust

### ဖခင်အမည်မှန်

အ. မ. က(၂၈)အင်းစိန်၊ ဒုတိယတန်း(ခ)မှ မမြူနှင်းမေအောင်၏ ဖခင်အမည်မှန်မှာ ဦးငွေအောင်(၁၂/အစန(နိုင်)၀၉၉၃၂၂) ဖြစ်ပါကြောင်း။

ဦးငွေအောင်

### အမည်ပြောင်း

အဖ ဦးကျော်လွင်၊ အမိ ဒေါ်လေးလေးဝါတို့၏သားဖြစ်သူ အ. မ. က မုရစ်ကြီးကျေးရွာ၊ ချောင်းဆုံမြို့နယ်၊ ပထမတန်းမှ မောင်ဟန်ထွန်းနိုင်အား မောင်သက်ပိုင်ဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်သက်ပိုင်ဦး

### တိုက်နှင့်ခြံအမြန်ရောင်းမည် (အထူးလျှော့ဈေး)

ကလောမြို့အဝင်၊ ရှင်းအလွန်လှ၊ ပေ (၁၀၀×၇၀)၊ နှစ်ထပ် RC တိုက်သစ်၊ အဆင့်မြင့်ပြင်ဆင်ပြီး။
ရောင်းဈေး သိန်း ၂၀၀၀
ဖုန်း ၀၉၅၀၇၁၆၄၉၊ ၀၉၇၇၉၅၃၇၀၈၈၂၊ ၀၉၇၃၂၀၀၀၈၆

---

t x;0r;en;a|u u|ci;

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**

## ဦးယုစိန် (ရေကြည်)

**အသက်(၈၆)နှစ်**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဧရာဝတီဘဏ် ဥက္ကဋ္ဌ ဦးဇော်ဇော်-ဒေါ်ငွေငွေခိုင်တို့၏ဖခင် ဦးယုစိန်သည် ၅-၅-၂၀၁၅ ရက် (အင်္ဂါနေ့) Singapore ဒေသစံတော်ချိန် မွန်းလွဲ ၁၂း၅၂ နာရီတွင် Singapore နိုင်ငံ Mount Elizabeth ဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသူရိန်**
**မန်နေဂျင်းဒါရိုက်တာ**
**ရွှေနဂါးမင်းကုမ္ပဏီလီမိတက်အသင်းပိုင်ရှင်**
**ဖေယျာရွှေမြေဘောလုံးအသင်း**

---

t x;0r;en;a|u u|ci;

## ဦးယုစိန်

**အသက်(၈၆)နှစ်**

Max Myanmar Holding Co.,Ltd. ဥက္ကဋ္ဌ ဦးဇော်ဇော်-ဒေါ်ငွေငွေခိုင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးယုစိန်သည် ၅-၅-၂၀၁၅ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း**

---

t x;0r;en;a|u u|ci;

## သရေစည်သူ ဦးသိန်းထိုက်

**ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)**

**အသက်(၆၄)နှစ်**

သတ္တုတွင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တာဝန်ထမ်းဆောင်စဉ် ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အားထားရသည့် ကျောက်မျက်အရောင်းထည်များ စုပေါင်းစစ်ဆေးစနစ်(One stop service centre) မန္တလေး OSS ပေါ်ပေါက်စေရန် အားသွန်ခွန်စိုက် ကြိုးစားဖွင့်လှစ်ပေးခဲ့ပါသော သရေစည်သူ ဦးသိန်းထိုက် [ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)]သည် ၃-၅-၂၀၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၁း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**(One stop service centre) မန္တလေး**
**ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မန္တလေး)နှင့်**
**အသင်းသူ/အသင်းသားများ**

---

t x;0r;en;a|u u|ci;

## ဒေါ်မြင့်မြင့်ကြည်

**အသက်(၆၄)နှစ်**

Yangon Airways Ltd. မှ Managing Director ဦးတင်စိုး၏ ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်ကြည်သည် ၅-၅-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Sales & Customer Service Department**
**ရန်ကုန်အဲဝေးစ်လီမိတက်မိသားစု**

---

0r;en;a|u u|ci;

## ဒေါ်ခင်ခင်(ခ)တန်အစွမ်

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂၁)လမ်းအောက်၊ ဦးမြင့်ဆွေ(Myanmar L.P.G Group Co.,Ltd၊ ဒါရိုက်တာ)-ဒေါ်စန်းအိအိချောတို့၏ချစ်လှစွာသော မိခင်ကြီး ဒေါ်ခင်ခင်(ခ)တန်အစွမ်သည် ၃-၅-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၆း၄၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့ဝင်များ**
**Myanmar L.P.G Group Co.,Ltd**

---

t x;0r;en;a|u u|ci;

## ဗိုလ်ကြီးလူလှကျော်(ငြိမ်း)

**ကြည်း/၂၉၅၂၃**

**အသက်(၄၂)နှစ်**

**OTS (99)**

**သံတွဲမြို့၊ အမှတ်(၁) ကျောင်းသားဟောင်း**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၆)နယ်မြေ၊ ကမ်းနားလမ်း၊ အမှတ်(၄)နေ ဦးခွေးလေး(ခ)ဦးဇော်သန်း-ဒေါ်အန်ဂျေလားတို့၏ သားသမက်၊ ဒေါ်အေးအေးမူ၏ချစ်လှစွာသောခင်ပွန်း၊ သား မောင်ရဲဝေလူ (PEC မူကြို)၊ သမီး မမီးမီးလေးတို့၏ချစ်လှစွာသောဖခင် ဗိုလ်ကြီးလူလှကျော်(ငြိမ်း)သည် ၂၆-၄-၂၀၁၅ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၄၀ နာရီတွင် ရုတ်တရက် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ကျော်သိန်းခိုင်နှင့် သူငယ်ချင်းများ**

---

t x;0r;en;a|u u|ci;

## ဒေါ်မြင့်မြင့်ကြည်

**အသက်(၆၄)နှစ်**

Yangon Airways Ltd. မှ Managing Director ဦးတင်စိုး၏ ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်ကြည်သည် ၅-၅-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Operations Department**
**ရန်ကုန်အဲဝေးစ်လီမိတက်မိသားစု**

---

0r;en;a|u u|ci;

Max Myanmar Holding Co.,Ltd. ဥက္ကဋ္ဌ ဦးဇော်ဇော်-ဒေါ်ငွေငွေခိုင်တို့၏ဖခင် ဦးယုစိန် အသက်(၈၆)နှစ်သည် ၅-၅-၂၀၁၅ရက် ဒေသစံတော်ချိန် ၁၂း၅၂ နာရီတွင် စင်ကာပူနိုင်ငံ Mount Elizabeth ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မောင်မင်းရန်ပိုင်-မသွင်မှူးယာကျော်**
**ဟိုတယ်ရွှေဂုံတိုင်**

---

t x;0r;en;a|u u|ci;

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**

## ဦးယုစိန် (ရေကြည်)

**အသက်(၈၆)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နေ ဒေါ်စိန်စိန်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးစိုးတင့်-ဒေါ်ခင်မာချို၊ ဦးအေးကို-ဒေါ်ခင်သင်း(ခ)ဒေါ်ချိုတူး၊ ဦးအုန်းကျော်-ဒေါ်ခင်မမ၊ (ဦးမင်းလွင်)၊ ဦးတင်မောင်လှိုင်-ဒေါ်ဖြူဖြူ၊ ရေကြည်အထက ကျောင်းသူ/ကျောင်းသားဟောင်းများအသင်း နာယကကြီး ဦးဇော်ဇော်-ဒေါ်ငွေငွေခိုင်တို့၏ဖခင်ကြီးသည် ၅-၅-၂၀၁၅ ရက်(အင်္ဂါနေ့) Singapore ဒေသစံတော်ချိန် မွန်းလွဲ ၁၂း၅၂ နာရီတွင် Singapore နိုင်ငံ Mount Elizabeth ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရေကြည် အထက**
**ကျောင်းသား/ကျောင်းသူဟောင်းများ(ရန်ကုန်)**

---

t x;0r;en;a|u u|ci;

## ဒေါ်မြင့်မြင့်ကြည်

**အသက်(၆၄)နှစ်**

Yangon Airways Ltd. မှ Managing Director ဦးတင်စိုး၏ ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်ကြည်သည် ၅-၅-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Engineering Department**
**ရန်ကုန်အဲဝေးစ်လီမိတက်မိသားစု**

---

t x;0r;en;a|u u|ci;

## ဒေါ်မြင့်မြင့်ကြည်

**အသက်(၆၄)နှစ်**

Yangon Airways Ltd. မှ Managing Director ဦးတင်စိုး၏ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်ကြည်သည် ၅-၅-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Hotel Excellence Co.,Ltd.**
**&**
**Excellent Quality Construction မှ ဝန်ထမ်းများ**

